ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဖေဖော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**စိတ်နှလုံးစင်ကြယ်ချမ်းသာ**

တရားသိသော သူတော်ကောင်းတို့သည် တရားနှင့်ဆိုင်သောပီတိကိုစားသုံး၍ စိတ်နှလုံးကြည်လင်သန့်ရှင်းပြီး ချမ်းသာစွာနေရ၏။ သူတော်ကောင်းတရား၌လည်း အစဉ်မွေ့လျော်၍ နေ၏။ တရား၏အရသာကို ခံစားရသဖြင့် စိတ်နှလုံးသန့်ရှင်းစင်ကြယ်၏။ စိတ်နှလုံးစင်ကြယ်သဖြင့် ချမ်းသာစွာနေရ၏။ ပီတိဟူသမျှတို့တွင် ဓမ္မပီတိသည် အမြတ်ဆုံးဖြစ်၏။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၉)

၁၃၇၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၄ ရက်၊ အင်္ဂါနေ့။ 2, Tuesday August 2016 (၈၆၄၁)

# လာအိုနိုင်ငံသမ္မတနှင့်ဇနီး မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်မည်

**နေပြည်တော် ဩဂုတ် ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘွန်ညံ ဗိုရာချစ်နှင့် ဇနီး မစ္စစ် ခမ်မွမ်းဂ် ဗိုရာချစ်တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ မကြာမီကာလတွင် တရားဝင်ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။

(သတင်းစဉ်)



(၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် မဖြစ်မနေဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်ဟုခံယူ အနုပညာသည် သက်ဆိုင်ရာနိုင်ငံ၊ လူမျိုးများ၏ ယဉ်ကျေးမှုအဆင့်အတန်းကို ကိုယ်စားပြု

**နေပြည်တော် ဩဂုတ် ၁**

မြန်မာ့တန်ဖိုးဆိုသည်မှာ မြန်မာနိုင်ငံ၏ ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုအမွေအနှစ်၊ အနုပညာနှင့် သုခုမလက်ရာများကို ကိုယ်စားပြုပါကြောင်း၊ မြန်မာလူမျိုး၊ မြန်မာနိုင်ငံဟုဆိုလိုက်သည်နှင့် ယင်းတန်ဖိုးများကို အလိုအလျောက် မြင်ယောင်လာစေမည်ဖြစ်ပါကြောင်း၊ ထို့အတူ အဆိုပါယဉ်ကျေးမှုအထိမ်းအမှတ်များကို မြင်လိုက်သည်နှင့် မြန်မာဆိုသည်ကိုလည်း ယှဉ်တွဲသိမြင်လာစေမည်ဖြစ်ကြောင်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့

## အရေးပေါ်စီမံမှု အက်ဥပဒေအား ရုပ်သိမ်းသည့်ဥပဒေကြမ်း ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး၌ တင်သွင်း

ပြည်သူ့လွှတ်တော်သတင်း စာမျက်နှာ-၅

## မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိသော်လည်း ပိုင်ရှင်မဲ့ဖြစ်နေခြင်းသည် တရားဥပဒေစိုးမိုးရန် လိုအပ်နေသည်ကို သက်သေပြလျက်ရှိ

အမျိုးသားလွှတ်တော်သတင်း စာမျက်နှာ-၅

IKBZ Insurance
"ယုံကြည်အားထား IKBZ အာမခံစွမ်းအား"
Hot Line: 01-2307000

## ပြည်တွင်းရေးရာ

### ❂ အဆို၊ အက၊ အရေး၊ အတီးမှ

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပသည့် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မြန်မာ့တန်ဖိုးထဲတွင် အဆို၊ အက၊ အရေး၊ အတီးအပါအဝင် အနုသုခုမပညာရပ်များ ပါဝင်ပါကြောင်း၊ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသား သွေးရင်းသားရင်း အားလုံးတွင် သီးခြားစီထင်ရှားပေါ်လွင်သည့် အနုသုခုမ တေးဂီတနှင့် အဆို၊ အကများစွာရှိကြပါကြောင်း၊ ထို့ကြောင့် အဆို၊ အက၊ အရေး၊ အတီးအပါအဝင် အနုသုခုမ ပညာရပ်များကို နောင်လာနောက်သားများလက်ထက်အထိ အရှည်သဖြင့် တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် တိုင်းပြည်အတွက် မဖြစ်မနေ ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်တစ်ရပ်ဟု ခံယူသည့်အတွက် စဉ်ဆက်မပြတ် ကျင်းပနိုင်ရန် လက်ဆင့်ကမ်းတာဝန်ယူ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ အနုသုခုမ သဘင်၊ ဂီတ စသည့် အနုပညာများသည် သက်ဆိုင်ရာနိုင်ငံ၊ သက်ဆိုင်ရာ လူမျိုးများ၏ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ညွှန်းနေပြီး တန်ဖိုးကို ကိုယ်စားပြုနေခြင်းဖြစ်သည့်အတွက် မူလ အနှစ်သာရ၊ သမိုင်းအဆက်အစပ်များ မပျောက်ပျက် အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး ပိုမိုကောင်းမွန်၊ ပိုမို တင့်တယ်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် ယခုကျင်းပမည့် ဆိုကရေးတီးပြိုင်ပွဲကြီး အဆင့်အတန်းမြင့်မားပြီး အနှစ်သာရပြည့်ဝစေရန် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ လုပ်ငန်းကော်မတီများဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဒေါက်တာဒေါ်နန္ဒာမွန်းက ဘဏ္ဍာရေးအခြေအနေနှင့် ဘဏ္ဍာငွေရရှိမှုကိုလည်းကောင်း၊ ပြိုင်ပွဲကျင်းပရေးဦးစီး ကော်မတီ တွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံးက ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုလွှာမှတ်တမ်းနှင့်ဆုများ ပေးအပ်ချီးမြှင့်ရေးအတွက် ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး၊ လှုံ့ဆော်ရေး၊ သတင်းထုတ်ပြန်ရေး၊ နေရေးထိုင်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက ဖြည့်စွက်ဆွေးနွေးပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် နေပြည်တော် ရေဆင်းနယ်မြေ၌ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲ၏ဦးတည်ချက်မှာ တစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ် ပိုမိုတိုးတက်ဖြစ်ထွန်းလာစေရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များ၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝရရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် အနုသုခုမပညာဖြင့် ပါဝင်ဆောင်ရွက်ရေးတို့ဖြစ်သည်။ **(သတင်းစဉ်)**



# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ဗြိတိန်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

**ရန်ကုန် ဩဂုတ် ၁**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသ ဦးဆောင်သော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီး ၁၆ ပါးတို့အား မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး H .E. Andrew Patrick သည် ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာနာယကကျောင်းဆောင်၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ရပ်တည်ချက်၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဗြိတိန်သံအမတ်ကြီး၏ မေးမြန်းမှုအပေါ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက ဘာသာရေး၊ သာသနာရေးလုပ်ငန်းများကို ကျယ်ပြန့်စွာဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**



**ဩဂုတ် ၁ ရက်က ဆွစ်ဇာလန်နိုင်ငံ၏ အမျိုးသားနေ့ ညစာစားပွဲ အခမ်းအနားတက်ရောက်လာသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး H.E.Mr.Paul R. Seger ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးလျက်ရှိနေသဖြင့် ရာသီဥတုဖောက်ပြန်ကာ ပြဿနာများစွာကို ကြုံတွေ့ရလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁**

(၂၇)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် အလှည့်ကျ လက်ခံကျင်းပမည်ဖြစ်သဖြင့် ယင်းအစည်းအဝေးနှင့် ဆက်စပ်ပတ်သက်သည့် အာဆီယံ-ဂျာမန် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ကြီးကြပ်မှုကော်မတီ ဒုတိယအကြိမ် အစည်းအဝေးနှင့် အာဆီယံဇီဝမျိုးစုံမျိုးကွဲဗဟိုဌာနအုပ်ချုပ်သူများအဖွဲ့(၁၈) ကြိမ်မြောက် အစည်းအဝေးတို့ကို Grand Amara ဟိုတယ်၌ ယနေ့ကျင်းပသည်။

အခမ်းအနားတွင် သစ်တောဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးလျက်ရှိနေသဖြင့် ရာသီဥတုဖောက်ပြန်ကာ ရေရှားပါးခြင်း၊ သဘာဝဘေးအန္တရာယ်များကျရောက်ခြင်း၊ စိုက်ပျိုးထွက်ကုန်များကျဆင်းလာခြင်း၊ စွမ်းအင်မလုံလောက်ခြင်း စသည့် ပြဿနာများစွာကို ကြုံတွေ့ရလျက်ရှိကြောင်း ပြောကြားသည်။

အာဆီယံ-ဂျာမန်ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ကြီးကြပ်မှုကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို ဂျာမနီနိုင်ငံအထောက်အပံ့ဖြင့် အာဆီယံဒေသတွင် ဆောင်ရွက်လျက်ရှိသော ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး လုပ်ငန်း အစီအစဉ်များဖြစ်သည့် ဇီဝမျိုးစုံမျိုးကွဲအခြေခံ ထုတ်ကုန်များစီမံကိန်းနှင့် အာဆီယံအမွေအနှစ်ဥယျာဉ်များ ထိန်းသိမ်းရေးနှင့် ဒေသခံပြည်သူများဖွံ့ဖြိုးရေးဆိုင်ရာ အသေးစားရန်ပုံငွေအထောက်အပံ့ အစီအစဉ်တို့ကို သုံးသပ်ဆွေးနွေးခဲ့ပြီး အာဆီယံဇီဝမျိုးစုံမျိုးကွဲဗဟိုဌာန အုပ်ချုပ်သူများအဖွဲ့ (၁၈)ကြိမ်မြောက် အစည်းအဝေးတွင် ASEAN Center for Biodiversity-ACB မှ ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ရန်ပုံငွေသုံးစွဲမှု၊ ၂၀၁၆-၂၀၂၀ မဟာဗျူဟာလုပ်ငန်းအစီအစဉ်၊ အာဆီယံအမွေအနှစ်ဥယျာဉ် သတ်မှတ်ခြင်း၊ အာဆီယံဇီဝမျိုးစုံမျိုးကွဲရန်ပုံငွေ၊ (၂၀၁၆-၂၀၂၀) အာဆီယံအမွေအနှစ်ဥယျာဉ် ဆိုင်ရာဒေသအဆင့်စီမံချက်၊ ပဉ္စမအကြိမ်မြောက် အာဆီယံအမွေအနှစ်ညီလာခံ၊ အာဆီယံနှင့် ဂျပန်၊ ဂျာမန်၊ တရုတ်၊ အိန္ဒိယ၊ ဒုတိယအကြိမ် ASEAN Biodiversity Outlook (ABO2)၊ ဇီဝမျိုးစုံမျိုးကွဲ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ (၁၃)ကြိမ်မြောက် အစည်းအဝေး(CBD CoP 13) ပြင်ဆင်ထားမှုတို့ကို ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်စသည့် အာဆီယံ ၁၀ နိုင်ငံနှင့် အာဆီယံ ဇီဝမျိုးစုံမျိုးကွဲဗဟိုဌာန (ACB)၊ အာဆီယံအတွင်းဝန်ရုံး (ASEAN Secretariat)၊ ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ)၊ ဂျာမန်ဖွံ့ဖြိုးရေးဘဏ်တို့မှ ကိုယ်စားလှယ် ၆၀ ခန့် တက်ရောက်ပြီး အစည်းအဝေးကို ဩဂုတ် ၂ ရက်ထိ နှစ်ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရွှေကျင်မြို့တွင် ငြိမ်းချမ်းရေးနီးနှောဖလှယ်ပွဲကျင်းပ

**ရွှေကျင် ဩဂုတ် ၁**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် ငြိမ်း(ဖောင်ဒေးရှင်း)မှ ဦးစီးကျင်းပပြီး ရွှေကျင်ချစ်သူ လူမှုကွန်ရက်က ကူညီပံ့ပိုးသည့် ငြိမ်းချမ်းရေးနှီးနှောဖလှယ်ပွဲကို ဩဂုတ် ၁ ရက် နံနက် ၉ နာရီက ရွှေအင်းဝဧည့်ရိပ်သာခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်းနှင့် ရွှေကျင်ချစ်သူ လူမှုကွန်ရက်အသင်းဥက္ကဋ္ဌ ဒေါက်တာသန်းထွန်းတို့က အမှာစကားပြောကြားပြီး ဒေါ်လွမ်းရာ(ငြိမ်းချမ်းရေးဖောင်ဒေးရှင်း စီမံကိန်းမန်နေဂျာ)က ဟောပြောပွဲလုပ်ဆောင်ရခြင်း၏ ရည်ရွယ်ချက်များကို ဟောပြောသည်။ ဆက်လက်ပြီး KNU တပ်မဟာ(၃) မှ ဦးဆဲပော(ခ)အေဝမ်းအောင်နှင့် စစ်တောင်းသံစဉ်လူမှုကွန်ရက်မှ စောနယ်သာလင်းတို့က ငြိမ်းချမ်းရေးစကားများကို ပြောကြားသည်။

ဟောပြောပွဲသို့ ရွှေကျင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဝင်းမြင့်၊ KNUအဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် ပြည်သူလူထု ၂၀၀ ကျော် တက်ရောက်ကြပြီး ဆွေးနွေးပွဲကို ဩဂုတ် ၂ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် ဩဂုတ် ၁**

ယနေ့ ညနေ ၄ နာရီ ၃၁ မိနစ် ၀၈ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၉၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပခုက္ကူမြို့၏ အနောက်တောင်ဘက် ၁၀ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၃ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ခတ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။

**(ကြေးမုံ)**

# တိုကျိုမြို့ကို ပြုပြင်ပြောင်းလဲမှုများပြုလုပ်သွားမည်ဟု တိုကျိုမြို့၏ ပထမဆုံးသော အမျိုးသမီးအုပ်ချုပ်ရေးမှူး ကိုအိခဲ ကတိပြု

**တိုကျို ဩဂုတ် ၁**

တိုကျိုမြို့အုပ်ချုပ်ရေးမှူးအဖြစ် ရွေးကောက်တင်မြှောက်ခံရသည့် ယူရီကို ကိုအိခဲ**(ယာပုံ)**က တနင်္ဂနွေနေ့က ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် ၎င်းအား ထောက်ခံရွေးချယ်ခဲ့ကြသည့်အတွက် ကျေနပ်နှစ်သက်မိကြောင်းနှင့် တိုကျိုမြို့တော်ကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ကာကွယ်ရေးဝန်ကြီးဟောင်း ကိုအိခဲက ရွေးကောက်ပွဲရလဒ်သည် သူမျှော်လင့်ထားသည့် ရလဒ်ဖြစ်ကြောင်း တနင်္လာနေ့တွင် ပြောကြားသည်။ ကိုအိခဲသည် အနီးကပ်ဆုံးပြိုင်ဘက်ဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဟောင်း ဟီရိုရာ မာဆူဒါကို မဲတစ်သန်းကျော်ဖြင့် အပြတ်အသတ်အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး တိုကျိုမြို့တော်၏ ပထမဆုံးသော အမျိုးသမီးအုပ်ချုပ်ရေးမှူး ဖြစ်လာခဲ့သည်။ ကိုအိခဲသည် အင်္ဂါနေ့တွင် တိုကျိုမြို့တော်၏ အုပ်ချုပ်ရေးမှူးတာဝန်များကို စတင်ထမ်းဆောင်မည်ဖြစ်သည်။

ကိုအိခဲသည် လက်ရှိအာဏာရပါတီဖြစ်သည့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီကို ဖီဆန်ပြီး တစ်သီးပုဂ္ဂလအဖြစ် အရွေးချယ်ခံခဲ့သူဖြစ်သည်။ ပါတီက မာဆူဒါကို ထောက်ခံခဲ့ခြင်းဖြစ်သည်။

"ထောက်ခံဆန္ဒမဲတိုင်းဟာ တန်ဖိုးရှိပါတယ်။ ရာထူးသစ်ရဲ့ တာဝန်ဝတ္တရားတွေနဲ့ပတ်သက်ပြီး တာဝန်ယူမှုအပြည့်ရှိရမယ်လို့ နားလည်ထားပါတယ်။ တိုကျိုမြို့တော် နယ်နိမိတ်အတွင်း ပွင့်လင်းမြင်သာမှုနဲ့ တရားမျှတမှုအတွက် အဓိကဖော်ဆောင်သွားမှာဖြစ်သလို ဒီဖြစ်စဉ်တွေကို လေ့လာစောင့်ကြည့်ဖို့အတွက် အဖွဲ့အစည်းတစ်ခု ဖွဲ့စည်းသွားမှာဖြစ်ပါတယ်"ဟု ကိုအိခဲက ပြောကြားသည်။

ကိုအိခဲအရင် တိုကျိုမြို့တော်အုပ်ချုပ်ရေးမှူးတာဝန်ယူခဲ့သူ ယိုချီ မာဆူဇိုးသည် ငွေကြေးအရှုပ်တော်ပုံကြောင့် ရာထူးမှနုတ်ထွက်သွားခဲ့ရသည့်အတွက် တိုကျိုမြို့တော်အုပ်ချုပ်ရေးမှူးရာထူး ရွေးကောက်ပွဲကျင်းပရခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**



# နေတိုးအဖွဲ့လေတပ်အခြေစိုက်စခန်းကို တူရကီရဲတပ်ဖွဲ့ ခေတ္တပိတ်ခဲ့

**အန်ကာရာ ဩဂုတ် ၁**

အာဏာသိမ်းယူရန် ကြိုးပမ်းမှုအသစ်တစ်ရပ် ထပ်မံပေါ်ပေါက်ခြင်းမရှိစေရေးအတွက် ကာကွယ်တားဆီးသည့်အနေဖြင့် တူရကီနိုင်ငံ အရှေ့တောင်ပိုင်းရှိ အင်ဆာလစ်လေတပ် အခြေစိုက်စခန်းကို ဇူလိုင် ၃၁ ရက်တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးရဲတပ်ဖွဲ့ဝင်များက ခေတ္တပိတ်ထားလိုက်ကြောင်း ဟာရီယက်နေ့စဉ်သတင်းစာက ရေးသားဖော်ပြသည်။

အင်ဆာလစ်လေတပ် အခြေစိုက်စခန်းကို ခေတ္တပိတ်ထားမှုမှာ နှစ်နာရီခွဲမျှ အချိန်ကြာမြင့်ခဲ့သည်။ အစ္စလာမ့်သာသာရေးခေါင်းဆောင် ဖာပူလာဂူလန်အား ထောက်ခံသူများက ယင်းလေတပ်အခြေစိုက်စခန်းကို အသုံးပြုကာ အာဏာသိမ်းရန်ကြိုးပမ်းမှု ပြုလုပ်ဖွယ်ရှိသည်ဟု ယင်းနေ့အစောပိုင်းတွင် သတင်းများထွက်ပေါ်ခဲ့သည်။

အင်ဆာလစ်လေတပ် အခြေစိုက်စခန်းကို အမေရိကန်ဦးဆောင်သောညွန့်ပေါင်းအဖွဲ့က အသုံးပြုနေပြီး အီရတ်နှင့် ဆီးရီးယားနိုင်ငံတွင်းရှိ အစ္စလာမ့်နိုင်ငံတော်ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)အုပ်စုကို လေကြောင်းမှ စစ်ဆင်တိုက်ခိုက်နေသည့်လေယာဉ်များ ထားရှိသည်။



တူရကီထောက်လှမ်းရေးအဖွဲ့သည် မိမိ၏ ထိန်းချုပ်မှုအောက်တွင် ရှိရမည်ဖြစ်ပြီး စစ်ဘက်တပ်မှူးများသည် တူရကီကာကွယ်ရေးဝန်ကြီးထံ သတင်းပို့ရမည်ဟု သမ္မတရီဆက်တေရစ်အာဒိုဂန်က ဇူလိုင် ၃၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

လွန်ခဲ့သည့်လက မအောင်မြင်သည့်အာဏာသိမ်းပွဲဖြစ်ပွားခဲ့ပြီးနောက် တူရကီစစ်ဘက်အား အရပ်သားအစိုးရအုပ်ချုပ်မှုအောက်သို့ ပြန်လည်ရောက်ရှိရန် ရည်ရွယ်ချက်ဖြင့် ယင်းသို့ လုပ်ဆောင်ရခြင်းဖြစ်ကြောင်း သမ္မတအာဒိုဂန်က အေတီဗီနှင့် ဆဟာဘာရုပ်သံလိုင်းတို့နှင့် တွေ့ဆုံမေးမြန်းမှုကို ဖြေကြားရာ၌ ပြောကြားသည်။

**ဆင်ဟွာ။**

# ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်အား အာဆီယံတစ်သက်တာအောင်မြင်မှုဆုချီးမြှင့်မည်

**ဖနောင်ပင် ဩဂုတ် ၁**

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်အား ယခုရက်သတ္တပတ်အတွင်း အာဆီယံတစ်သက်တာအောင်မြင်မှုဆုပေးအပ်ချီးမြှင့်၍ ဂုဏ်ပြုသွားမည်ဖြစ်ပြီး အာဆီယံဒေသအတွင်း အဆိုပါဆုလက်ခံရရှိသော စတုတ္ထမြောက်ခေါင်းဆောင်ဖြစ်လာခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တစ်ရပ်အရ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တော်၌ ဩဂုတ် ၆ မှ ၇ ရက်ထိ ကျင်းပမည့် (၁၃) ကြိမ်မြောက် အာဆီယံခေါင်းဆောင်မှု ဖိုရမ်အတွင်း ဟွန်ဆန်အား အဆိုပါဆုပေးအပ်သွားမည်ဖြစ်သည်။ ယင်းသို့ အထူးအရေးပါသည့် ဆုမျိုးကို အာဆီယံဒေသရှိအစိုးရအကြီးအကဲအဖြစ် ကာလအကြာဆုံး တာဝန်ထမ်းဆောင်နေသူသို့ ပေးအပ်ချီးမြှင့်ခြင်းဆိုသည်ကို ဂုဏ်ပြုသင့်ကြောင်း ထုတ်ပြန်ချက်က ဆိုသည်။

ယခုအချိန်ထိ ကျော်ကြားသော လူပုဂ္ဂိုလ်သုံးဦးက အဆိုပါ အာဆီယံတစ်သက်တာအောင်မြင်မှုဆုများ လက်ခံရရှိခဲ့ပြီး ၎င်းတို့မှာ စင်ကာပူဝန်ကြီးချုပ်ဟောင်း လီကွမ်ယု၊ မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာ မိုဟာမက်နှင့် မလေးရှားနိုင်ငံပီရက်စ်ပြည်နယ် ဆူလ်တန် ဘုရင် ဆူလ်တန် နာဇရင်ရှားတို့ဖြစ်သည်။

**(ဆင်ဟွာ)**

# ငြိမ်းချမ်းရေးဆွေးနွေးပွဲသစ်စတင်ရန် ဆီးရီးယားအစိုးရကို ကုလသမဂ္ဂဖိတ်ခေါ်

**ဒမတ်စကတ် ဩဂုတ် ၁**

ဩဂုတ်လကုန်တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲသစ်စတင်ရန် ကုလသမဂ္ဂက ဆီးရီးယားအစိုးရအဖွဲ့ကို တရားဝင်ဖိတ်ခေါ်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဩဂုတ် ၁ ရက်တွင် သတင်းထုတ်ပြန်သည်။



ဆီးရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဒုတိယအထူးသံတမန် ရမ်ဇီ **(ဝဲပုံ)**သည် ဆီးရီးယားအစိုးရတာဝန်ရှိသူများနှင့် ဒမတ်စကတ်၌ ဇူလိုင် ၃၁ ရက်တွင် တွေ့ဆုံခဲ့ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပနိုင်ရေးအတွက် တွေ့ကြုံနေရသော အခက်အခဲများနှင့်ပတ်သက်၍ မည်သို့မည်ပုံကျော်လွှားနိုင်မည်ကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

မိမိသည် ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဝါလစ်အယ်လ်မူလမ်နှင့်တွေ့ဆုံကာ နိုင်ငံရေးအသွင်ကူးပြောင်းမှုနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း၊ သမ္မတ ဘာရှားအယ်လ်အာဆတ်၏အစိုးရအဖွဲ့နှင့် အတိုက်အခံအုပ်စုများ တွေ့ဆုံဆွေးနွေးရန် လိုအပ်ပုံကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း ဒုတိယ အထူးသံတမန်ရမ်ဇီက ပြောကြားသည်။

ဩဂုတ်လကုန်တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲအကျော့သစ် ကျင်းပနိုင်ရန် ရည်မှန်းထားကြောင်း ကုလသမဂ္ဂ၏အထူးသံတမန် စတီဖန်ဒီမစ်ထူရာက ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဇူလိုင် ၂၆ ရက်က သတင်းထောက်များအား ပြောကြားခဲ့သည်။

ဆီးရီးယားနိုင်ငံ၌ ရုရှားနှင့်အမေရိကန်တို့က အစ္စလာမ့်နိုင်ငံတော်(အိုင်အက်စ်)အဖွဲ့၏ တိုက်ခိုက်ရေးသမားများကို လေကြောင်းမှ တိုက်ခိုက်နေဆဲဖြစ်သည်။ သို့ရာတွင် ယင်းနိုင်ငံတို့က ဆီးရီးယားပြည်တွင်းစစ်တွင် အတိုက်အခံတို့ဘက်မှ ရပ်တည်နေကြပြီး ရုရှားနိုင်ငံက သမ္မတအာဆတ်၏ အစိုးရအဖွဲ့ကို ထောက်ခံသည်။ သမ္မတ အာဆတ်အား ရာထူးမှ နုတ်ထွက်ပေးရန် အမေရိကန်က တောင်းဆိုလျက်ရှိသည်။

**ရိုက်တာ။**

# အိန္ဒိယ ထိန်းချုပ်သည့် ကက်ရှ်မီးယားဒေသ၌ မြေမြှုပ်မိုင်းပေါက်ကွဲ၊ တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

**ဆရီနာဂါ ဩဂုတ် ၁**

အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံအကြားရှိ ကက်ရှ်မီးယားဒေသကို ပိုင်းခြားထားသည့် ထိန်းချုပ်ရေးမျဉ်း (အယ်လ်အိုစီ)အနီးတွင် မြေမြှုပ်မိုင်းဗုံးတစ်လုံးပေါက်ကွဲမှု ဖြစ်ပွားရာ အိန္ဒိယကြည်းတပ်မှ တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရကြောင်း အိန္ဒိယစစ်ဘက်တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၁ ရက်တွင် ပြောကြားသည်။

လာဒက်ရှ်ခရိုင် ကာဂီးလ်ဒေသ၌ မြေမြှုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ အိန္ဒိယတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၉ ရက်က ပုံမှန်ကင်းလှည့်စဉ် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် သေဆုံးကြရကြောင်း အိန္ဒိယကြည်းတပ်အရာရှိတစ်ဦးက ပြောကြားသည်။

မိုင်းပေါက်ကွဲမှုကြောင့် တပ်ဖွဲ့ဝင်နှစ်ဦး အပြင်းအထန်ဒဏ်ရာရရှိခဲ့ပြီး နောက်ပိုင်းတွင် သေဆုံးသွားခဲ့ကြောင်း တပ်မတော်အရာရှိက ပြောကြားသည်။

ကက်ရှ်မီးယားဒေသ ထိန်းချုပ်ရေးမျဉ်း (အယ်လ်အိုစီ)သည် အိန္ဒိယနှင့် ပါကစ္စတန်ကို ပိုင်းခြားထားသော နယ်နိမိတ်မျဉ်းအဖြစ် တည်ရှိနေသည်။ **ဆင်ဟွာ။**

# အရေးပေါ်စီမံမှု အက်ဥပဒေအား ရုပ်သိမ်းသည့်ဥပဒေကြမ်း ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး၌တင်သွင်း

**နေပြည်တော် ဩဂုတ် ၁**

အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းတစ်ရပ်ကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ယနေ့တင်သွင်းသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး၏ ပဉ္စမနေ့တွင် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးဘရှိန်က ဥပဒေကြမ်းကော်မတီ၏ အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား တင်သွင်းခဲ့ခြင်းဖြစ်ပြီး ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် နောင်ချိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဟိန်က အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းအပေါ် ဆွေးနွေး၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်းက ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီမြစ်နှင့် ငဝန်မြစ်အား ကာရံထားသော ရေကာတာများအား မိုးရာသီတွင် ပြည်သူများ စိုးရိမ်ပူပန်မှုမရှိအောင် ကြိုတင်အစီအမံများ ချမှတ်ဆောင်ရွက်ထားရှိရေးနှင့် လာမည့်ပွင့်လင်းရာသီတွင် တာတမံများ ကြံ့ခိုင်မှုရှိရန် ဆောင်ရွက်ရေးအတွက် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုတင်သွင်းရာ အင်္ဂပူမဲဆန္ဒနယ်မှ ဦးအေးဝင်းက ထောက်ခံဆွေးနွေးခဲ့ပြီး လွှတ်တော်က ယင်းအဆိုအပေါ် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ်ရယူရာ လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့သဖြင့် ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ကြေညာသည်။

ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး၏ ဗန်းမောက်မြို့နယ်အတွင်းရှိ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောအတွင်း ကျရောက်နေသော လယ်မြေ၊ ယာမြေများကို စွန့်လွှတ်ပေးရန် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် သစ်တောကြိုးဝိုင်း (၂၁) ခု၊ ဧရိယာ



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း



ဦးစိုင်းသန့်ဇင်

(၃၆၄၃၄၅) ဧကနှင့် ကြိုးပြင်ကာကွယ်တော (၇)ခု၊ ဧရိယာ (၁၈၄၉၂၅) ဧက စုစုပေါင်း သစ်တောမြေဧက (၅၄၉၂၇၀) ရှိပါကြောင်း၊ ဗန်းမောက်မြို့နယ် အတွင်းရှိ သစ်တောနယ်မြေအတွင်း ပြန့်ကျဲအိမ်စုမှ ရွာမြေဧရိယာ (သုည ဒသမ ၀၃) ဧက၊ လယ်မြေ (၄၄၉ ဒသမ ၁၆) ဧက၊ ပြင်ပကျူးလယ်မြေ (၂၆၅၄ ဒသမ ၈၈) ဧက၊ သာသနာ/အများပိုင် (၇၁ ဒသမ ၅) ဧက စုစုပေါင်း (၃၁၇၅ ဒသမ ၅၇ ) ဧကအား အိမ်ခြေ (၅၀) အောက်ပြန့်ကျဲအိမ်စုများနှင့် ပြင်ပမှ ကျူးကျော်သည့် ရွာမြေ၊ လယ်မြေများကို သစ်တောနယ်မြေအဖြစ်မှ ပယ်ဖျက်ပေးသွားမည်ဖြစ်ပြီး ကျန်ရှိစုစုပေါင်းယာမြေ (၄၀၆ ဒသမ ၆၈) ဧကအား သစ်တောမြေမှ ပယ်ဖျက်ခြင်းမပြုဘဲ သီးနှံသစ်တောရောနှောစိုက်ပျိုးသည့်စနစ်ကိုအခြေခံသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း တည်ထောင်ခြင်းကို ခွင့်ပြုဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ဥယျာဉ်ခြံမြေနှင့် နှစ်ရှည်စိုက်ခင်း (၁၈၁ ဒသမ ၁၆)ဧကအား နှစ်ရှည်မြေငှားစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင်၏ သီပေါမြို့နယ် နမ္မကျေးရွာအုပ်စု နားကွန်ကျေးရွာနှင့် ပြိန်းဆိုင်းကျေးရွာ နယ်နိမိတ်အတွင်း ငွေရည်ပုလဲကုမ္ပဏီသည် ယနေ့ထိတိုင် ဧက (၃၀) ခန့်ရှိသည့် ကျောက်မီးသွေးတူးဖော်ခြင်းလုပ်ငန်းကို လုပ်ကိုင်နေခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ငွေရည်ပုလဲသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သို့ လုပ်ကိုင်ခွင့်ပြုထားသည့် ကျောက်မီးသွေး (အကြီးစား) လုပ်ကွက်မှာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊ ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံချက်၊ လားရှိုးမြို့နယ် သစ်တောဦးစီးဌာနနှင့် သီပေါမြို့နယ် သစ်တောဦးစီးဌာနတို့က ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊ ကျောက်မဲမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊ သီပေါမြို့နယ်မြေစာရင်းဦးစီးဌာနတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်နှင့် မြေစာရင်းပုံစံ (၁၀၅)များအရ ထုတ်လုပ်ခွင့် ခွင့်ပြုမိန့်ထုတ်ပေးခဲ့ပြီး လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုစဉ်က ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာလူထု၏ သဘောထားများ တောင်းခံဆောင်ရွက်မှုမရှိသေးပါကြောင်း။

ဒေသခံပြည်သူများက လုပ်ငန်းဆောင်ရွက်ခြင်းကို ကန့်ကွက်နေကြခြင်းအပေါ် နမ္မကျေးရွာအုပ်စု ဒေသခံရွာသားများနှင့် ငွေရည်ပုလဲသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတို့သည် သီပေါမြို့နယ် နမ္မကျေးရွာအုပ်စုရှိ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ၂၀၁၆ ခုနှစ် ဇွန် ၂၅ ရက်က ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ရာ ကုန်းပေါင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ပြိန်းဆိုင်းကျေးရွာ၊ နားကွန်ကျေးရွာ၊ ကုန်းပေါင်ကျေးရွာ၊ နားနန်းကျေးရွာ၊ ပါတပ်ကျေးရွာ၊ ဝမ်လုံကျေးရွာ၊ နားနွေးကျေးရွာများမှ ရွာသူကြီးများနှင့် ရပ်မိရပ်ဖများ အပါအဝင် စုစုပေါင်း (၅၅) ဦး တက်ရောက်ခဲ့ကြပြီး ဒေသခံများ၏ တောင်းဆိုချက်များအပေါ် ကာလအပိုင်းအခြားအလိုက် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကုမ္ပဏီက တင်ပြထားခဲ့ကြောင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် ပတ်သက်၍လည်း EIA၊ HIA၊ SIA၊ EMP စီမံချက်များတင်ပြရန် ကုမ္ပဏီသို့ တရားဝင်အကြောင်းကြားထားချက်အရ ကုမ္ပဏီက ဆောင်ရွက်နေပြီဖြစ်ကြောင်း ရှင်းလင်းဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိသော်လည်း ပိုင်ရှင်မဲ့ဖြစ်နေခြင်းသည် တရားဥပဒေစိုးမိုးရန် လိုအပ်နေသည်ကို သက်သေပြလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁**

အရက်၊ ဘီယာ၊ ဝိုင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် သောက်သုံးသူပြည်သူများအတွက်အန္တရာယ်ဖြစ်စေနိုင်သော ဓာတုပစ္စည်းများပါဝင်ခြင်း ရှိ/မရှိ ဓာတုဗေဒဝန်ရုံးနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနတို့တွင် စစ်ဆေးမှုခံယူစေပြီး ထောက်ခံချက်ရရှိမှုသာ ဖြန့်ဖြူးရောင်းချစေလျက်ရှိကြောင်းနှင့် စဉ်ဆက်မပြတ် စစ်ဆေးကြပ်မတ်မှုများလည်း ဆောင်ရွက်လျက် ရှိပါကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပြောကြားသည်။

ထို့ပြင် ဥပဒေမဲ့ဆောင်ရွက်မှုများအပေါ် ထိရောက်ဟန့်တားနိုင်သော ပြစ်ဒဏ်ဖြစ်စေရန် မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကိုလည်း ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့က ပြဋ္ဌာန်းထားရှိခဲ့ပါကြောင်း၊ လိုင်စင်မဲ့ဆောင်ရွက်မှုများအား ဥပဒေနှင့်အညီ စနစ်တကျ အရေးယူရန်အတွက် ယစ်မျိုးလိုင်စင်ခွန်များ တိုးမြှင့်ကောက်ခံရေးနှင့် စိစစ်ကြပ်မတ်ရေး (Task Force) အဖွဲ့များ မြို့နယ်အဆင့်အထိ ဖွဲ့စည်းပြီး အဆင့်ဆင့်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့တွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာ စန်းမောင်မောင်၏ “မြန်မာနိုင်ငံတစ်ဝန်းအရက်၊ ဘီယာသောက်သုံးမှုကြောင့် ကျန်းမာရေး ဆိုးရွားစွာထိခိုက်မှု၊ လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးမှုနှင့် လူသေဆုံးမှုတို့ကြောင့် စိစစ်ပိတ်ပင်ရန်နှင့် အခွန်တိုးကောက်ရန် အစီအစဉ် ရှိ/မရှိ” မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်



ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး

အောင်စိုးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒုတိယဝန်ကြီးက ယစ်မျိုးခွန်နှုန်းထားများကို သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုးမြှင့်သတ်မှတ်ထားပြီး ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ်စဖြစ်သည့် ဧပြီလတစ်ရက်နေ့မှစ၍ ကောက်ခံလျက်ရှိသည့်အတွက် လတ်တလော အခွန်နှုန်းထားများ တိုးမြှင့်ပြင်ဆင်ရန် မရှိပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း အရက်ဆိုးကျိုးကျန်းမာရေးပညာပေးမှုကို တစ်နိုင်ငံလုံး ကျယ်ပြန့်စေရန်အတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာပညာနှင့် ကုသရေးဦးစီးဌာနမှ အရက်စွဲရောဂါ ကုသရေးစီမံချက်တို့ဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယနေ့ အစည်းအဝေးတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃) မှ ဦးစိုင်းဝမ်းလိုင်းခမ်း၏ “ရှမ်းပြည်နယ် မြောက်ပိုင်းတစ်ခွင်ရပ်ကွက်၊ ကျေးရွာ ခပ်များများတွင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားနေမှုများ ဖမ်းဆီးအရေးယူရေး၊ အုပ်စုလိုက်မူးယစ်ဆေးဝါးများသုံးစွဲသည့် ချောင်ကျသောနေရာများအား အမြစ်ပြတ်ရှင်းလင်းဖယ်ရှားရေး၊ မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးမှုများ ရပ်ကွက်၊ ကျေးရွာမကျန် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများ ပြန်လည်ပြုစု ကုသပျိုးထောင်ပေးသည့်စခန်းများ လိုအပ်သည့်နေရာများတွင် ဖွင့်လှစ်ပေးရေး” အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးကြသည်။

ယခုအချိန်တွင် တမူးမြို့၌ မူးယစ်ဆေးဝါးသုံးစွဲသူဦးရေ ရာဂဏန်းရှိနေသည်ဟု သိရပါကြောင်း၊ UNODC က ၂၀၁၄ ခုနှစ်တွင် ကောက်ယူထားသည့်စာရင်းအရ ကလေးမြို့တွင် မူးယစ်ဆေးအကြောထဲထိုးသွင်းသူ (၁၂၀၀)ရှိသည်ကို သိရပါကြောင်း၊ ထို့ပြင် မူးယစ်ဆေးဝါးကို ပုံစံမျိုးစုံဖြင့် သုံးစွဲသူအရေအတွက်သည် အကြောထဲ ထိုးသွင်းသူဦးရေထက် နှစ်ဆ သုံးဆပိုများနိုင်သည်ဟု ယူဆပါကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် နှိုင်းယှဉ်စဉ်းစားပါက မူးယစ်ဆေးစွဲသူဦးရေသည် မတွေးရဲလောက်အောင်ပင် ဖြစ်ရပါကြောင်း။

မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးလုပ်ငန်းများကို စာပေ၊ ဂီတ၊ ရုပ်ရှင်အနုပညာများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အကူအညီကို ရယူပြီး ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့ ပူးပေါင်းအားဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သင့်ပါကြောင်း၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တိုင်းရင်းသားညီအစ်ကိုအားလုံးပူးပေါင်းပြီး မူးယစ်ဆေးဝါးအန္တရာယ်ကို မြန်မာ့မြေပေါ်က အပြီး



ဒေါက်တာစန်းမောင်မောင်

တိုင်ဖယ်ရှားကြရန် တိုက်တွန်းပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်က ဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) မှ ဒေါ်မြတ်သီတာထွန်းက မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းထိန်းချုပ်နိုင်ရန်အတွက် မူလအရင်းအမြစ်ကို ရှာဖွေဖော်ထုတ်ထိန်းချုပ်နိုင်မှုသည် အဓိကကျပါကြောင်း၊ မူးယစ်ဆေးဝါး ဖမ်းဆီးရမှုဖြစ်စဉ်များမှ အချို့သည် ပိုင်ရှင်မဲ့ဖြစ်နေခြင်း၊ သုံးစွဲသူကိုမိပြီး ရောင်းချသူကို မဖမ်းဆီးနိုင်ခြင်း၊ ရှာဖွေဖမ်းဆီးမည့်သတင်းကို ကြိုတင်သိရှိပြီး ကျူးလွန်သူများ ရှောင်တိမ်းနေနိုင်ခြင်း စသည့်ကိစ္စရပ်များသည် ပြည်သူများအကြား သက်ဆိုင်ရာတာဝန်ရှိသူများအပေါ် သံသယနှင့် အထင်အမြင်လွဲမှားမှုကို ဖြစ်ပေါ်စေပြီး တရားဥပဒေစိုးမိုးမှုအပေါ် မေးခွန်းထုတ်စရာ ဖြစ်နေပါကြောင်း။

ထို့ကြောင့် အဆိုတွင် တင်ပြထားသည့်အချက်များသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) တစ်ခွင်သာမက မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်ရမည့် လိုအပ်ချက်များဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်ရေးစီမံကိန်းများ အောင်မြင်ရန်အတွက် တရားဥပဒေစိုးမိုးရေးအပြင် နိုင်ငံတော်ကာကွယ်ရေးအမြင်ဖြင့် ထိုက်သင့်သော ဘဏ္ဍာငွေခွဲဝေချထားပေးရန်အတွက်ပါ ထည့်သွင်းစဉ်းစားသင့်ပါကြောင်း ဆွေးနွေးသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆)မှ ဒေါ်နန်းနီနီအေးက မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းရာတွင် ဖမ်းဆီး၊ အရေးယူ၊ ကုသခြင်းထက် အသိပညာပေးခြင်းကို ကနဦးအဆင့်အဖြစ် ကျယ်ပြန့်စွာ ဦးစားပေးနယ်မြေသတ်မှတ်ပြီး နိုင်ငံတော်စီမံချက်ဖြင့် ဆောင်ရွက်သင့်ပါကြောင်း၊ ထို့ပြင် ကုသရေးစခန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ပေးရန် လိုအပ်ပါကြောင်း။

မူးယစ်ဆေးဝါးပပျောက်ရေးတွင် ပါဝင်ဆောင်ရွက်နေသည့် ဝန်ကြီးဌာနအချို့သည် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာန၏ ဘဏ္ဍာငွေထဲမှ ဖဲ့ယူခြင်းမျိုးမဟုတ်ဘဲ သီးခြားရန်ပုံငွေတစ်ရပ် ချမှတ်၊ ထူထောင်ခွင့်ရရှိရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ကဏ္ဍစုံ၊ ထောင့်စုံ၊ ဆက်စပ်အဖွဲ့အစည်းများအားလုံးပူးပေါင်းပါဝင်ပြီး အမြစ်ပြတ်ချေမှုန်းနိုင်ရန်နှင့် လွှမ်းခြုံကွပ်ကဲနိုင်ရန်အတွက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဗဟိုအဖွဲ့တွင် ဒုတိယသမ္မတအဆင့်ရှိ ပုဂ္ဂိုလ်တစ်ဦးဦးက တာဝန်ခံဆောင်ရွက်သင့်ပါကြောင်း။

နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒေသခံပြည်သူများ၊ NGO များ၊ INGO များ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး အပြောမဟုတ်ဘဲ လက်တွေ့ကျကျ ပူးပေါင်းပါဝင်ပြီး မူးယစ်ဆေးဝါးအန္တရာယ်ကို အမြစ်ပြတ် သုတ်သင်ရှင်းလင်းသွားရန် ဆွေးနွေးသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဒေါ်ထုမေက မူးယစ်ဆေးဝါးသည် နိုင်ငံ့အနာဂတ်အတွက် ရင်လေးစရာ အန္တရာယ်ဖြစ်လာသည့်အတွက် စစ်ဆင်ရေးသဖွယ် ဆင်နွှဲတိုက်ဖျက်ရန် အရေးတကြီးလိုအပ်နေပြီဖြစ်ပါကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် ဖမ်းဆီးရုံသက်သက်ဆောင်ရွက်ခြင်းထက် အရပ်ဘက်အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ လူမှုအသိုင်းအဝိုင်းများပါဝင်ကြပြီး ကျောင်းသားလူငယ်များအထိ အသိပညာပေးရန် လိုအပ်ပါကြောင်း။

သတင်းများတွင် မူးယစ်ဆေးဝါးများ မကြာခဏဖမ်းဆီးရမိသော်လည်း ပိုင်ရှင်မဲ့ဖြစ်နေခြင်းသည် တရားဥပဒေစိုးမိုးရန် လိုအပ်နေသည်ကို သက်သေပြလျက် ရှိပါကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးဝါးအန္တရာယ်ကို နှိမ်နင်းရာတွင် ကိုင်းဖျား ကိုင်းနားကို ဖမ်းဆီးအရေးယူခြင်းထက် အမြစ်ပြတ်အောင် ဥပဒေပိုင်းဆိုင်ရာဖြင့် တင်းတင်းကျပ်ကျပ် အရေးယူဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့အတူ အရက်သောက်သုံးမှုနှင့် ဆေးလိပ် သောက်သုံးမှုများကိုပါ နိုင်ငံတော်အဆင့် ပညာပေးစည်းရုံးရေးလုပ်ငန်းများ တွင်တွင်ကျယ်ကျယ် ဆောင်ရွက်လုပ်ကိုင်ရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် မူးယစ်ဆေးဝါး ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းဝယ်ဖောက်ကားသူများကို ဥပဒေအရ ထိရောက်စွာ တားဆီးအရေးယူရန်နှင့် သုံးစွဲသူများကိုလည်း မသုံးစွဲရန် ပညာပေးရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။ **(သတင်းစဉ်)**

# ဖျားနာသူ အားပေးပါ

## ထိုက်

### ဒူးဆစ်အစားထိုးကုသမှု

၂၀၁၆ ခုနှစ်ရဲ့ မေလပထမပတ်တုန်းက ကျွန်မမေမေ ဒူးဆစ်အစားထိုးဖို့အတွက် စမ်းချောင်းက နာမည်ကြီးဆေးရုံတစ်ခုမှာ တက်ရောက်ခွဲစိတ်ခဲ့ပါတယ်။ မေမေက လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်က ညာဘက် ဒူးတစ်ဖက်ကိုအစားထိုးပြီးပါပြီ။ အဲဒီတုန်းကတော့ အိန္ဒိယနိုင်ငံက ဆရာဝန်ကြီးတွေကို ဖိတ်ကြားပြီး ဆရာဝန်ကြီး ဦးကျော်မြင့်နိုင်နဲ့ အဲ့ဒီအချိန်က ဆရာကြီးရဲ့ လက်ထောက်ဆရာ ဦးဇော်ဝေစိုးတို့က ခွဲစိတ်ပေးခဲ့တာပါ။ ၁၀ နှစ်ကျော်ကြာတဲ့အခါမှာတော့ ကျန်နေသေးတဲ့ ဘယ်ဘက်ဒူးကပါ လမ်းလျှောက်လို့မရအောင် နာလာတဲ့အတွက် ခွဲဖို့ထပ်ဖြစ်လာပါတယ်။ ဒီတစ်ခါကျတော့ အရိုးနဲ့ပတ်သက်ရင် နာမည်အင်မတန်ကြီးနေပြီဖြစ်တဲ့ ဆရာကြီး ဦးဇော်ဝေစိုးက ဦးဆောင်ပြီး ခွဲစိတ်ပေးခဲ့တယ်။ ဒူးအစားထိုးတယ်ဆိုတာ အခုအချိန်မှာသာ မထူးဆန်းတော့တဲ့ ခွဲစိတ်မှုဖြစ်လာပေမယ့် ဟိုလွန်ခဲ့တဲ့ ၁၀နှစ်ကျော်တုန်းကတော့ တကယ့်ကို သတင်းထူးတစ်ခုပါပဲ။ ဒါကြောင့်လည်း အိန္ဒိယနိုင်ငံက ဆရာဝန်ကြီးတွေနဲ့ တွဲဖက်ကုသခဲ့ကြရင်း ပညာတွေရခဲ့ကြလို့ အခုတော့ ကိုယ့်နိုင်ငံတွင်းမှာပဲ ကိုယ့်နိုင်ငံသားဆရာဝန်တွေနဲ့ ကုသလို့ရလာခဲ့ပါပြီ။ ဘယ်လောက်များ အဆင်ပြေလိုက်ပါသလဲ။

### ပျောက်ဆုံးသွားတဲ့ စက်တွေ

ဒါပေမယ့် နေရာတိုင်းမှာ အကောင်းအဆိုး ဒွန်တွဲနေတဲ့ ထုံးစံထင်ပါရဲ့။ အရိုးအထူးကု ဆေးရုံကြီးမှာ ပထမအကြိမ် ခွဲစိတ်ပြီးတဲ့အချိန်မှာ လေ့ကျင့်ခန်းလုပ်ဖို့ စက်အကူအညီနဲ့ လူနာတွေ လေ့ကျင့်နိုင်ခဲ့ပေမယ့် အခု ၁၀ နှစ်ကျော်ကြာပြီးတဲ့အချိန်မှာတော့ အဲဒီစက်တွေ ပျောက်ဆုံးမှုဖြစ်နေတာကို သိလိုက်ရတယ်။ အရင်တစ်ခေါက်ကဆိုရင် မေမေ့ခြေထောက်ကို အဲဒီစက်ထဲကို ထည့်ပြီး အကွေးအဆန့်ကို အိပ်ရာပေါ်မှာတင် ကိုယ်ခံနိုင်သလောက်အရှိန်အတိုးအလျှော့လေးနဲ့ ဘယ်နှမိနစ်လုပ်မယ်ဆိုတဲ့ အချိန်အတိုင်းအတာလေး ခလုတ်နှိပ်ထည့်ပေးလိုက်တာနဲ့ စက်က အော်တိုလုပ်ပေးသွားတာပါ။ သိပ်ခေတ်မီပြီးသိပ်အသုံးဝင်လှသလို လူလည်းသိပ်သက်သာတာပါပဲ။ အဲဒီအကြောင်းကို အဲဒီတုန်းက ဆရာဦးဇော်ဝေစိုးကို ကျွန်မညီမက အင်တာဗျူးပြီး ကျန်းမာရေးဆောင်းပါးအနေနဲ့တောင် ဓာတ်ပုံတွေ ဝေဝေဆာဆာနဲ့ wellness မဂ္ဂဇင်းမှာ ဖော်ပြခဲ့ပါသေးတယ်။ အခုတော့ ဒီဆေးရုံမှာရော၊ အရိုးဆေးရုံမှာရော အဲဒီစက်တွေမရှိတော့ဘူးဆိုတာမို့ လူအကူအညီနဲ့ပဲ အကွေးအဆန့် လေ့ကျင့်ခန်းတွေ လုပ်ရပါတော့တယ်။ အတိုင်းအဆနည်းနည်းလွဲမှားလိုက်တာနဲ့ လူနာအနေနဲ့ အသည်းခိုက်အောင် နာကျင်ရသလို ခြေထောက်ကို လက်နဲ့ မ မြှောက်ပြီး လုပ်ပေးရတဲ့ လူနာစောင့်တွေလည်း ပင်ပန်းကြပါတယ်။

တကယ်ကတော့ လူတောင် အိုနာသေဘေးရှိမှတော့ စက်ပစ္စည်းတွေလည်း ပျက်စီးတတ်တာ ဓမ္မတာပါပဲ။ ဒါကြောင့်လည်း စက်ကိရိယာတွေမှာ အာမခံကာလကို သုံးနှစ်အများဆုံး ထားပေးကြတာပေ့ါ။ ဒါပေမယ့် ဒီစက်တွေကတော့ ရုပ်ရှင်တွေထဲကလို ၁၀ နှစ်ကျော်ကြာပြီးသော်ဆိုတဲ့နောက် စက်အသစ်တွေနဲ့ ပိုပြီးခေတ်မီဖွံ့ဖြိုးတိုးတက်လာရမယ့်အစား ရှိပြီးသားလေးတွေတောင် ပျောက်ချင်းမလှ ပျောက်သွားတာကတော့ ထူးဆန်းလွန်းပါတယ်။ ပျက်စီးကုန်တာကို မပြုပြင်ဘဲ ပစ်ထားတာလား။ ပြင်တတ်သူပဲ မရှိတာလားတော့မသိပါ။ စက်အလုံးလိုက် ပျောက်သွားတာတော့ မဟုတ်နိုင်တာ သေချာပါတယ်။ အလှူအတန်း ရက်ရောလှပါတယ်ဆိုတဲ့ ငွေကြေးချမ်းသာသူများက လိုအပ်နေတဲ့ စက်အသစ်ကလေးတွေကို ဝယ်ပြီးလှူကြရင်ဖြင့် သိပ်ကိုကောင်းမှာပါပဲ။

### သွေးရောင်းစားရင် တိုင်ကြားနိုင်

ဒီစာကို ရေးနေတုန်းမှာပဲ သစ်ထူးလွင် ဝက်ဘ်ဆိုက်က သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရတော့ ဆက်ရေးချင်စိတ်ဖြစ်လာပါတယ်။ သတင်းကတော့ သွေးနှင့်ပတ်သက်သည်များကို နိုင်ငံတော်မှ ထောက်ပံ့ပေးထားပြီးဖြစ်၍ ဆေးရုံများ၌ သွေးရောင်းစားပါက တိုင်ကြားနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန အမျိုးသားသွေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာအောင်က China.com သို့ပြောတယ်ဆိုတဲ့ သတင်းပါ။ မေတ္တာပင်လယ် ပရဟိတအဖွဲ့မှ စေတနာရှင်များက အမျိုးသားသွေးဌာန၌ ဒုတိယအကြိမ်မြောက် သွေးလှူဒါန်းခြင်း ပြုလုပ်တဲ့ အခမ်းအနားမှာ အမှာစကားပြောကြားအပြီး ပြောကြားခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ "သွေးအလှူရှင်အတွက် ထောက်ပံ့မှုတောင်းသလား ဆိုတာကိုတော့ မသိပါဘူး။ ဒါကြောင့် ဘာအတွက် ပိုက်ဆံတောင်းတယ်ဆိုတာကို မေးပါ။ အကောင်းမြင်တဲ့၊ ပြောင်းလဲချင်တဲ့ ဆန္ဒကြောင့် ကျွန်မတို့ကို အသိပေးပါ။ ရအောင်ဖော်ထုတ်ပေးပါမယ်။ ဖြစ်ပြီးတဲ့လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးပါ့မယ်"ဟု ဒေါက်တာသီတာအောင်က ပြောသည်။

### သွေးနှင့် သွေးပစ္စည်းများ အခမဲ့ဖြန့်ဝေပေးနေ

အမျိုးသားသွေးဌာနမှ ရန်ကုန်ဆေးရုံကြီး၊ မင်္ဂလာဒုံဆေးရုံ၊ ဝေဘာဂီဆေးရုံ၊ ဇီဝိတဒါနဆေးရုံနှင့်လူမှုဖူလုံရေးဆေးရုံအပါအဝင် ဆေးရုံပေါင်း ၁၁ ရုံသို့ သွေးဖြန့်ဝေပေးလျက်ရှိပြီး အခြားသောဆေးရုံများမှတောင်းခံလာပါကလည်း ဖြန့်ဝေပေးကြောင်း ၎င်းကပြောသည်။ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်တွင် အမျိုးသားသွေးဌာနမှ သွေးယူနစ်ပေါင်း ၁ သိန်း ၁ သောင်းကို ဖြန့်ဝေပေးခဲ့သည်။ ဖြန့်ဝေသည့် သွေးများတွင် အလှူရှင် ၉၃ ရာခိုင်နှုန်း၏ လှူဒါန်းမှုပါဝင်ပြီး သွေးလိုအပ်ချက်က မြင့်တက်လာကြောင်း သိရသည်။ အမျိုးသားသွေးဌာန (ရန်ကုန်)မှ ၂၀၁၄ ခုနှစ် ဩဂုတ် ၁ ရက်နေ့မှစတင်၍ သွေးနှင့် သွေးပစ္စည်းများကို အခမဲ့ထောက်ပံ့ပေးလျက်ရှိပြီး သွေးနှင့် သွေးပစ္စည်းများ ထုတ်ယူရာတွင် အခကြေးငွေပေးရခြင်း၊ သွေးလှူဒါန်းခြင်းအတွက် အခကြေးငွေပေးရခြင်းများကို ကြုံတွေ့ပါက အမျိုးသားသွေးဌာန ဖုန်း- ၀၁-၃၇၂၇၅၄ သို့ တိုင်ကြားနိုင်ကြောင်း သိရသည်။

### သွေးလှူရှင်ရှားခိုင်းနေပါလား

ဒီသတင်းကိုဖတ်ပြီး ကျွန်မမေမေဆေးရုံတက်ရတုန်းက ကြုံရတာကိုပဲ ဆက်ရေးချင်ပါတယ်။ အဲဒီဆေးရုံမှာ မေမေတက်တဲ့အချိန်က မွန်းလွဲ ၁ နာရီလောက် ရှိနေပါပြီ။ ခွဲစိတ်မှုလုပ်မယ့်အချိန်က ဆရာဝန်ကြီး အားတဲ့အချိန်မှာ ခွဲရတာမို့ နောက်တစ်နေ့ မနက် ၅ နာရီမှာ ခွဲရမယ်လို့ ပြောပါတယ်။ အခန်းတွေဘာတွေရပြီး အထိုင်မကျသေးခင် သူနာပြုတွေက မနက်ဖြန်အတွက် သွေးသွင်းဖို့လိုအပ်ရင်သွေးရှာထားဖို့ ဆက်သွယ်လို့ရမယ့် ဖုန်းနံပါတ်တွေ လာပေးပါတယ်။ ကျွန်မတို့နဲ့ မေမေနဲ့က သွေးအုပ်စုမတူတော့ ကျွန်မညီမက သူတို့ပေးထားတဲ့ ဖုန်းနံပါတ်တွေကို အလျင်အမြန်ဆက်ပြီး စုံစမ်းရတဲ့အပြင် သူ့ဖေ့စ်ဘွတ်ကနေတစ်ဆင့်လည်း အားလုံးကို အကြောင်းကြားပြီး အကူအညီတောင်းရပါတယ်။

### ညွှန်ကြားချက်ကို လိုက်နာရတယ်

ညနေ ၄ နာရီလောက်မှာ သွေးလှူမယ့် ညီမလေးနှစ်ယောက်နဲ့ ဆက်သွယ်မိပြီး သူတို့ရောက်လာပါတယ်။ ရောက်လာပြီးတော့လည်း သွေးမဖောက်ခင် ခဏနားခိုင်းလို့ စောင့်ရပါသေးတယ်။ ပြီးမှ သွေးဖောက်ထုတ်ပြီး စစ်ဆေးဖို့ ယူသွားပါတယ်။ စစ်ဆေးချိန်က အနည်းဆုံး ငါးနာရီလောက်ကြာမယ်လို့ ပြောတာမို့ ကျွန်မညီမက တကယ်လို့ အခုသွေးက အဆင်မပြေရင် ဘယ်လိုလုပ်ရမလဲလို့ တာဝန်ရှိသူတွေကို မေးကြည့်တော့ နောက်ထပ်သွေးလှူရှင် ထပ်ရှာရမယ်လို့ ဖြေပါတယ်။ ပုဂ္ဂလိကဆေးရုံဆေးခန်းတွေမှာ သွေးရောင်းစားမှုတွေ မရှိစေရအောင် ညွှန်ကြားထားတာမို့ လိုက်နာရတာလို့ ပြောပါတယ်။ သူတို့လည်း သူတို့ စည်းမျဉ်းဥပဒေအတိုင်း လုပ်ရတာကို နားလည်ပေမယ့်လည်း ညနေဘက်မှာ ဖောက်ထားတဲ့သွေးအဖြေကို သိရတဲ့အချိန် ည ၁၀ နာရီလောက်မှာ အဆင်မပြေရင် ထပ်ရှာရမယ်ဆိုတဲ့ အခြေအနေက မနက် ၅ နာရီ ခွဲစိတ်ခန်းဝင်မယ့် မေမေတင်မကဘဲ ကျွန်မတို့လူနာရှင်တွေကို အင်မတန်ရင်ပူစေပါတယ်။ ကံကောင်းထောက်မစွာနဲ့ပဲ လှူသွားတဲ့သွေးတွေ အကုန်ကောင်းတယ်ဆိုပြီး ည ၉ နာရီလောက်မှာ လာအကြောင်းကြားပေးတဲ့အတွက် အဆင်ပြေခဲ့ပါတယ်။

### သွေးလိုက်ရှာနေရတဲ့အဖော်တွေ အများကြီးပဲ

မေမေဆေးရုံက မဆင်းသေးခင်မှာ ဘေးအခန်းတွေက သွေးလိုတဲ့ လူနာရှင်တွေက ကျွန်မတို့က ရှာဖူးထားတဲ့ အတွေ့အကြုံရှိတယ်ဆိုပြီး ဘယ်ကို ဆက်သွယ်ရမလဲ လာမေးလို့ ကျွန်မတို့က လမ်းညွှန်ပေးလိုက်ရသေးတယ်။ အခုရက်ပိုင်းလေးထဲမှာလည်း ကျွန်မတို့ရဲ့ တစ်ဝမ်းကွဲမကြီး အဲဒီဆေးရုံမှာပဲ ခွဲစိတ်ကုသမှုတစ်ခုခံယူရတဲ့အခါ အဲဒီလိုပဲ သွေးလိုက်ရှာရပြန်တယ်လို့ ကြားမိပြန်တယ်။ ဖေ့စ်ဘွတ်တွေထဲမှာလည်း သွေးလိုနေတဲ့ လူနာတွေအတွက် အလှူခံနေတာ၊ အကူအညီတောင်းနေတာတွေလည်း မကြာခဏ တွေ့နေရပါတယ်။ ဒါကြောင့် ကျွန်မကိုယ်တိုင် ဗန်ကောက်မှာ ဇွန်လတုန်းက ခွဲစိတ်မှုတစ်ခု သွားလုပ်တဲ့အခါ လိုအပ်ရင် သွေးသွင်းကုသမှုခံယူဖို့ သဘောတူကြောင်း လက်မှတ်လာထိုးခိုင်းလို့ ထိုးပေးနေရင်းနဲ့ သူနာပြုကသွေးလှူရှင် သွားရှာပါလို့များ ပြောလေမလားလို့ ရင်တထိတ်ထိတ်နဲ့ ဖြစ်ခဲ့ရသေးတယ်။ သူတို့ကတော့ အေးအေးဆေးဆေးပါပဲ။ ကိုယ့်မှာသာ အရိုးစွဲလာတဲ့ အကြောက်တရားတွေ ကြီးစိုးပုံများ ပြောပါတယ်။

### ပိုက်ဆံလိုရင် ကလီစာတွေ ထုတ်ရောင်း

သွေးတွေကို ပုဂ္ဂလိကဆေးရုံဆေးခန်းတွေမှာ မထားစေတဲ့ ရည်ရွယ်ချက်ဟာ စီးပွားဖြစ်လုပ်ငန်းကြီးတစ်ခုလို မဖြစ်အောင် တားဆီးရတယ်ဆိုတာကို ကျွန်မကောင်းကောင်းကြီး နားလည်ပါတယ်။ အိန္ဒိယလိုနိုင်ငံမှာ ငွေကြေးသိပ်လိုအပ်လွန်းတဲ့သူတွေဟာ သူတို့ကိုယ်တွင်းက ကလီစာတွေကို ထုတ်ရောင်းပြီး ဝင်ငွေရှာကြတယ်ဆိုတာ တော်တော်များများ ကြားဖူးကြမှာပါ။ အဲဒီကတစ်ဆင့်တက်ပြီး လူတွေကိုမေ့ဆေးနဲ့ ဖမ်းဆီး၊ ကလီစာတွေ ထုတ်သွားကြတဲ့ ရုပ်ရှင်ဆန်ဆန် ဇာတ်လမ်းတချို့လည်း ရှိတာပါပဲ။

### စိတ်ဖိစီးပူပင်ရမှုတွေ

ဒီလိုဖြစ်ရပ်တွေရှိတာကြောင့် ဒီလိုတားမြစ်မှုတွေက လိုအပ်တယ်ဆိုတာ လက်ခံပါတယ်။ ဒါပေမယ့် ကျွန်မအနေနဲ့ကတော့ လူနာတွေဘက်က တစ်လှည့်စဉ်းစားပေးစေချင်တာပါ။ လူနာဆိုတာက နာမကျန်းဖြစ်နေသူမို့ အဲဒီအချိန်မှာ ဘာမှကို မစဉ်းစားနိုင်၊ စဉ်းလည်းမစဉ်းစားသင့်ပါဘူး။ လူနာရှင်တွေဆိုရင်လည်း ကိုယ့်လူနာရောဂါ အတိမ်အနက်ပေါ်မှာမူတည်ပြီး ပူပင်နေကြရတာချည်းပါပဲ။ အပူသောက အနည်းနဲ့ အများပဲကွာမှာပါ။ အထူးသဖြင့် ဆေးရုံဆေးခန်းနဲ့ မရင်းနှီး(ရင်းနှီးဖို့လည်း မကောင်းပါဘူး) တဲ့ ပြည်သူတွေဆိုရင် ဆေးရုံ၊ သူနာပြု၊ ဆရာဝန်တွေကို ကြောက်ရွံ့ရတာ၊ ငွေကြေးအတွက် ပူပင်ရတာတွေကအဆစ်ပါသေးတယ်။ တကယ်လို့များ ကျွန်မဖေဖေလိုမျိုး ကင်ဆာရောဂါကြောင့် သွေးကို အဆက်မပြတ်သွင်းဖို့ လိုနေတဲ့ လူနာတွေဆိုရင် ဘယ်လိုများလုပ်ပါ့မလဲ။ အဲဒီလိုအချိန်မှာ သွေးလိုက်ရှာရမယ့် လူနာရှင်တွေရဲ့ စိတ်ဖိစီးမှုကို စဉ်းစားသာကြည့်ပါတော့။ လူနာအနေနဲ့လည်း ဘယ်လောက်များ ပူလောင်နေလိုက်မလဲ။

### တတ်နိုင်သလောက် ကျေးဇူးဆပ်ကြတာပါ

အရောင်းအဝယ်မဖြစ်အောင် ထိန်းတယ်ဆိုပေမယ့်လည်း အမှန်အတိုင်းပြောရရင် သွေးလှူမယ့်သူတွေနဲ့ ဆက်သွယ်ပေးတဲ့ ကြားလူတွေကို အဲဒီဆေးရုံဆေးခန်းတွေမှာ အမြဲလိုတွေ့နေရတတ်သလို ပြီးသွားရင်လည်း ကျေးဇူးတင်တဲ့အနေနဲ့ ကျေးဇူးဆပ်ကြလေ့ရှိတာပါပဲ။ စေတနာနဲ့ လာလှူတဲ့သူတွေကိုလည်း အာဟာရအတွက်ဆိုပြီး ကျေးဇူးပြန်ဆပ်ကြပါတယ်။ တောင်းလို့ ပေးတာမဟုတ်ပါဘူး။ တစ်လုတ်စားဖူးသူ့ကျေးဇူးဆိုတဲ့ မြန်မာစကားပုံလို ထမင်းတစ်လုတ်တောင်မကဘဲ ကျန်းမာရေးအတွက် တကယ်လိုအပ်တဲ့အချိန်မှာ ကိုယ့်ထဲက သွေးကိုဖောက်ပြီး ကူညီကြတဲ့ သွေးလှူရှင်တွေကို တစ်သက်လုံး ကျေးဇူးတင်နေကြတာမို့ တတ်နိုင်သလောက်နဲ့ ကန်တော့ကြသူချည်းပါပဲ။ အဲဒီတော့ ငွေရေးကြေးရေးနဲ့လည်း ဖြစ်နိုင်သလို အစားအသောက်၊ အဝတ်အထည်နဲ့လည်း ဖြစ်နိုင်တာပါပဲ။

### ဝန်ထုပ်ကလေးတစ်ခုတော့ လျှော့ပေးပါ

ဒါကြောင့်မို့ သွေးနှင့် သွေးပစ္စည်းများကို အခမဲ့ထောက်ပံ့ပေးလျက်ရှိတယ်လို့ ပြောထားပေမယ့်လည်း တကယ့်အပြင်လောကမှာ ဘာတွေဖြစ်နေတယ်ဆိုတာ သိစေချင်ပါတယ်။ တာဝန်ရှိသူတွေကလည်း ညွှန်ကြားချက်ထုတ်လိုက်ရုံနဲ့ မပြီးသွားကြပါနဲ့။ သွေးနှင့် သွေးပစ္စည်းများ ထုတ်ယူရာတွင် အခကြေးငွေပေးရခြင်း၊ သွေးလှူဒါန်းခြင်းအတွက် အခကြေးငွေပေးရခြင်းများကို ကြုံတွေ့ပါက တိုင်ကြားနိုင်သည်ဆိုရင်လိုအပ်တဲ့ သွေးမရှိလို့ လူနာရှင်တွေက လိုက်ရှာနေရတာကိုရော မဖြေရှင်းပေးသင့်ပေဘူးလား။ နောက်ဆက်တွဲ အခြေအနေတွေကိုလည်း ကြားအောင်နားထောင်ပေးပြီး အဆင်ပြေမယ့် နည်းလမ်းလေးတွေကို စီစဉ်ပေးကြစေချင်ပါတယ်။ လူသားတိုင်းဟာ တစ်ချိန်မှာ နာကြရမှာပဲမို့ နာမကျန်းတဲ့သူတွေအတွက် ပူလောင်မှုဝန်ထုပ်လေး တစ်ခုလောက် လျှော့သွားစေမယ်ဆိုရင်ဖြင့် သိပ်ကိုကျေးဇူးတင်ကြမှာပါပဲ။ ။

**သွေးနှင့် သွေးပစ္စည်းများကို အခမဲ့ထောက်ပံ့ပေးလျက်ရှိတယ်လို့ ပြောထားပေမယ့်လည်း တကယ့်အပြင်လောကမှာ ဘာတွေ ဖြစ်နေတယ်ဆိုတာ သိစေချင်ပါတယ်။ တာဝန်ရှိသူတွေကလည်း ညွှန်ကြားချက်ထုတ်လိုက်ရုံနဲ့ မပြီးသွားကြပါနဲ့။ သွေးနှင့် သွေးပစ္စည်းများထုတ်ယူရာတွင် အခကြေးငွေပေးရခြင်း၊ သွေးလှူဒါန်းခြင်းအတွက် အခကြေးငွေပေးရခြင်းများကို ကြုံတွေ့ပါက တိုင်ကြားနိုင်သည်ဆိုရင် လိုအပ်တဲ့သွေးမရှိလို့ လူနာရှင်တွေက လိုက်ရှာနေရတာကိုရော မဖြေရှင်းပေးသင့်ပေဘူးလား။ နောက်ဆက်တွဲအခြေအနေတွေကိုလည်း ကြားအောင်နားထောင်ပေးပြီး အဆင်ပြေမယ့် နည်းလမ်းလေးတွေကို စီစဉ်ပေးကြစေချင်ပါတယ်။**

# အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုနှင့် PCV ကာကွယ်ဆေးသစ် ဒုတိယအကြိမ်ထိုးနှံ

**ချောင်းဆုံ ဩဂုတ် ၁**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် ဩဂုတ် ၁ ရက် နံနက် ၉ နာရီက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲနှင့် ပြင်းထန်အဆုတ်ရောင်ရောဂါ PCV ကာကွယ်ဆေးသစ် ဒုတိယအကြိမ် ထိုးနှံခြင်းအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမင်းညွန့်ဝင်းက အမှာစကားပြောကြားက မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရွှေစင်ဝင်းက အာဟာရရက်သတ္တပတ်နှင့် ပတ်သက်သည့်ဆောင်ရွက်မည့် လုပ်ငန်းများအား ပြောကြားသည်။

ယင်းနောက် မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန တာဝန်ခံဒေါက်တာအေးအေးခိုင်က ကိုယ်ဝန်ဆောင်များအား မိခင်နို့ချိုတိုက်ကျွေးရခြင်း အကြောင်း ပညာပေးဟောပြောကာ မြို့နယ်ကျန်းမာရေးမှူး အဆင့် (၁)မှ ပြင်းထန်အဆုတ်ရောင် ရောဂါကာကွယ်ဆေးအသစ် ထိုးနှံခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကိုယ်ဝန်ဆောင်မိခင် ၅၀ တို့အား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အာဟာရနှင့် အားဆေးများ ထောက်ပံ့ပေးခြင်း၊ မူကြိုကလေးငယ် ၃၀ တို့အား မုန့်အာဟာရဖြစ်စေသည့်အစားအစာများကျွေးမွေးခြင်းနှင့် တစ်နှစ်အောက်ကလေးငယ်များအား PCV ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ချစ်တယ် မုန်းတယ် ဆိုရာဝယ်

## မင်းကိုနိုင်

“အဘိုးမှတ်မိသလောက်တော့ ဒါဟာ ဟိုတုန်းက ဗဟိုပုံနှိပ်တိုက်ပဲကွ။ အစိုးရသတင်းစာတွေ ဒီမှာပဲရိုက်တာ ထင်တယ်။”

အသက် (၉၀)အရွယ် အဘိုးအို၏စကားကို လူရွယ်တစ်ဦးက “အခုလည်း ပြန်ကြားရေးအောက်မှာပဲလေ။ ပုံနှိပ်ရေးနဲ့ ထုတ်ဝေရေးပဲ။ ဒီကြားထဲ ဘာများပြောင်းတာရှိခဲ့လို့လဲ”ဟုမေးသည်။

“တရားဝင်တော့မသိဘူး၊ ရွှေဝါရောင်ကာလတုန်းကတော့ သိတဲ့အတိုင်းပဲ ဟိုအဖွဲ့တွေ ဒီမှာရုံးထိုင်သတင်းယူကြ၊ ဝင်ထွက်ကြ ခြေရှုပ်နေတာ။ အဲဒီတုန်းကများ . . . ပြောရင်းနဲ့ ကျောချမ်းလာတယ်”ဟု လူလတ်တစ်ဦးက စကားသံတိုးတိုးဖြင့် ပြောသည်။



သာမန်အချိန်များ၌ လူတွေအမှတ်တမဲ့ ကျော်သွားတတ်သည့် ထိုနေရာ၊ ရန်ကုန်မြို့နယ်တွင်ရှိပါလျက် မည်သည့်ရုံးမှန်း ဌာနမှန်းတောင်မသိခဲ့ကြသည့် ထိုအဆောက်အအုံ၊ ယနေ့တော့ အရောင်စုံ၊ အသွေးစုံ၊ အရွယ်စုံကားတွေ အလုအယက် ရပ်ရန်နေရာရှာကြ၊ လူတွေခြေလှမ်းသွက်သွက် ဝင်လာကြ။

နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲဟူသည့် ဆိုင်းဘုတ်ချိတ်ဆွဲရာအုတ်တိုက်နီအဆောက်အအုံသည် ကိုလိုနီခေတ်လက်ရာမှန်း ထင်ရှားစွ။ အဝေးမှကြည့်လျှင် လမ်းတစ်ဖက်ရှိအတွင်းဝန်ရုံးဟောင်းနှင့် ယှဉ်တွဲလျက် ညီအစ်ကိုနှစ်ဦး ရပ်နေသလို။

***

“ဆက်ပြောဦးလေ၊ ဘာလို့ စကားသံတိုးသွားရတာလဲ။ ဒီခေတ်ကြီးမှာ ဘာကိုကြောက်နေသေးတာလဲ” ဟု လူငယ်က မချင့်မရဲ မေးသည်။

“အင်းစိန်ဂျီတီအိုင်ကျောင်းကြီးကိုလည်း သတိရလိုက်တာ။ ဘာတွေတူနေလဲ သိလား။ ကိုလိုနီခေတ် အဆောက်အအုံအုတ်တိုက်နီကြီး ဖြစ်တာရော၊ ရွှေဝါရောင်တုန်းက ဘုန်းကြီးတွေ၊ ပြည်သူတွေကို အကုန်သိမ်းကျုံးဆွဲခေါ်လာ။ ပိတ်လှောင်ထားပြီးတော့ စစ်ကြောရေးတောင် ဝင်သေးတယ်”ဟု လူလတ်ပိုင်းက ပြောသည်။

အဘိုးအိုက ကားလမ်းကူးလျက် အဆောက်အအုံထဲမဝင်ခင် “ဒါဆိုရင် ဟယ်ပင်လမ်းက ဒီလိုအဆောက်အအုံနီနီထဲ ကျွန်းဆွယ်အရေးအခင်းတုန်းက ကျောင်းသားတွေကို မျက်နှာအဝတ်စည်းပြီးခေါ်လာ။ တစ်သက်မမေ့နိုင်အောင် ပြုစုလိုက်ခဲ့ကြပုံများ ၁၉၆၉ ဝန်းကျင်က တက္ကသိုလ်တက်ခဲ့တဲ့ ကျောင်းသားတွေ မေးလိုက်ပါဦး”ဟု စကားဆက်ပေးသည်။

လူငယ်ကလေးကတော့ ရန်ကုန်မြို့ရှိ ကိုလိုနီခေတ်လက်ရာ အဆောက်အအုံနီနီများစွာထဲက အတွင်းဝန်ရုံးကြီးကို မြင်သည်နှင့် “ ပင်နီတိုက်ပုံများ ဝိုင်းထားခဲ့ရာ တဖြောင်းဖြောင်းနှင့် မြင်းခွာသံ နံပါတ်တုတ်များဝင်လာပုံ၊ ပြီးတော့ အတွင်းထဲလှမ်းမျှော်ကြည့်ပြန်တော့ သေနတ်သံယမ်းခိုးများကြားလဲကျသွားသည့် အာဇာနည်တွေ၊ သမိုင်းကို ကိုယ်စီပြောပြနေကြပါလား” ဟု တစ်ကိုယ်ရေ တွေးလိုက်သည်။

***

အဆောက်အအုံဝင်းထဲကို ဝင်မိသည်နှင့် ကိုယ်လိုစာချစ်သူတွေ၊ နိုင်ငံရေးစာပေ ရှာဖွေဖတ်ချင်သူတွေ၊ စာတမ်းဖတ်ပွဲနားထောင်ချင်သူတွေ ပန်းခြင်းထဲရောက်နေတဲ့ လိပ်ပြာ၊ ပျားပိတုန်းတွေလို၊ ပထမထပ်၊ ဒုတိယထပ်၊ တတိယထပ်ကော်ရီဒါတွေမှာ မျက်နှာသိတွေ လှမ်းမြင်ရ၊ လက်ပြနှုတ်ဆက်ကြ။ တော်ကြာထောင့်ချိုးကွေ့တွေမှာ မိတ်ဆွေသူငယ်ချင်းကို လှမ်းမြင်လို့ ဝမ်းပန်းတသာ နှုတ်ဆက်ဖို့အသွား လမ်းကစာအုပ်ဆိုင်တွေရဲ့ ဖမ်းစားညှို့ယူခြင်းကို ခံလိုက်ရပြီး လိုရင်းမေ့သွား။ သတိရလို့ တွေ့ချင်လှတဲ့ မိတ်ဆွေကို ပြန်ရှာမိပြန်တော့ ဟိုကလည်း သူ့လို စာအုပ်ပုံထဲ ခေါင်းထိုးနေ။ မထင်မှတ်ဘဲ ကျောဘက်ကတစ်ယောက်က ပခုံးကိုပုတ်၊ စာအုပ်တစ်ပွေ့တစ်ပိုက်နဲ့ဆိုတော့ မိတ်ဆွေချင်း လက်ဆွဲနှုတ်ဆက်လို့ မရကြ။ သူပွေ့လာတဲ့ စာအုပ်အထပ်၊ ကိုယ်ချီလာတဲ့ စာအုပ်အပုံခေါင်းစဉ်တွေ အလုအယက်ဖတ်။ “ခင်ဗျားဒါကို ဘယ်ဆိုင်ကရသလဲ အလုအယက်မေး။ သမီးသားရေး၊ စီးပွားရေးနဲ့ ရည်းစားရေးတောင် ဖလှယ်ဖို့မေ့။ သူတော်ချင်း သတင်းလွှေ့လွှေ့များပင်တည်း။

စာတမ်းဖတ်ပွဲမှာ တမေ့တမောမျှောပါပြီး ပြန်ထွက်လာမှ သက်ကြီး၊ သက်လတ်၊ သက်ငယ်တစ်စု စကားစပြန်ဆက်ဖို့ ကြိုးစားသည်။

“ကိုလိုနီခေတ် အဆောက်အအုံတွေရဲ့ ဖြတ်သန်းမှုခေါ်မလား၊ အဲဒါကိုပဲ စာတမ်းတစ်စောင်ရေးသူရှိရင် ဖတ်ချင်နားထောင်ချင်လိုက်တာ”ဟု အငယ်ဆုံးလူကတောင့်တသည်။

အဘိုးအိုက “ ကိုယ်မီတဲ့ခေတ် ကိုယ်သိသလောက် ဝိုင်းစုကြရင် ရမယ်ထင်တယ်” ဟု မှန်းဆသည်။

“ငါတို့အတွက်ဂုဏ်ယူစရာ ဘာတွေ ပြန်ပြောနိုင်သလဲ။ နာကျင်စရာ ဘာတွေရှိခဲ့လဲ။ အဲဒီနားရောက်ရင် မျက်စိတောင် စွေမကြည့်ရဲဘဲ ကျောကော့ပြီး ခပ်သုတ်သုတ်လစ်ရတဲ့ နေရာတွေလည်းရှိခဲ့တာပဲ”ဟု လူလတ်က မှတ်ချက်ပြုသည်။

“ဒါပေမယ့် ဘေးက စိတ်ချရတဲ့လူပါရင်တော့ လက်ကုတ်ပြီး တိုးတိုးပြောချင်တာပဲ မဟုတ်လား”ဟု မေးသည်။

သိမ်ဖြူလမ်းဝင်ပေါက်မှ အဖြူအစိမ်းများ ဝေါခနဲဝင်ချလာသည်။ အလယ်တန်း၊ အထက်တန်းကျောင်းသားတွေကို ဆရာမများဦးဆောင်ခေါ်လာ၊ ကျောင်းသားတွေမှာလည်း စပ်စုချင်စရာများစွာ ကြုံနေသည့် အဝန်းအဝိုင်းထဲ စိတ်အားထက်သန် ခြေလှမ်းတွေနှင့်။

“မနေ့တစ်နေ့က ခေတ်ဆိုရင်ကွာ. .။ နိုင်ငံရေးဆိုတဲ့ ဝေါဟာရ ပွိုင့်သေးသေးလေးနဲ့ ရိုက်ထားတဲ့ စာမြင်ရင်တောင် အထိတ်တလန့်လွှတ်ချပြီး ရှောင်ကွင်းသွားကြတာ။ အခုကြည့်စမ်း. . လမ်းထောင့်မှာ ဆန်ကောလောက်ကြီးတဲ့ စာလုံးကြီးတွေနဲ့ နိုင်ငံရေးစာပေဆိုတဲ့ ဆိုင်းဘုတ်ကြီးအောက် တသောသောဝင်လာကြတာ ငါဖြင့်စိတ်ထဲ. .” ဟု ဆိုကာ အဘိုးအိုက စကားမဆက်နိုင်ရှာ၊ သူ့လက်က တုတ်ကောက်ကိုအားပြု၍ ခြေလှမ်းကိုသာ ဆက်လျှောက်လာ၏။

အဘိုးအိုအတွက်ကတော့ အပြန်လမ်း၊ မျိုးဆက်သစ်များအတွက်ကား အဝင်လမ်း၊ လူငယ်၊ လူလတ်များအတွက်တော့ မပြန်နိုင်သေး၊ ရှိနေသေး၊ လျှောက်နေသေးသည့်လမ်း။

***

အဆောက်အအုံတွင် ဆေးသုတ်ထားကြောင်း မထိမိအောင်၊ မတိုက်မိအောင် သတိပေးထားသည့်စာကို မြင်သည့်အချိန်တွင် ကိုယ်စီအဝတ်များတွင် ဆေးနီမှုန့်များ ပေကျံပြီးနှင့်ကြပြီ။ အမျိုးသားများ အင်္ကျီအဖြူများဖြစ်သည့်အလျောက် ထင်းခနဲ ပေစွန်းကုန်ကြသည်။ “ဟော့လူ ခင်ဗျားကျောမှာ ပေကုန်ပြီ”ဟု သတိပေးသူကိုယ်တိုင်ရဲ့ အင်္ကျီလက်တွေမှာလည်း စွန်းထင်းနီရဲလျက်။

အဝတ်အစားသစ်များ၌ ညစ်ပေသွားခြင်းအပေါ် စိတ်ထဲ စနိုးစနောင့်ဖြစ်မိကြသော်လည်း ခေတ္တမျှသာ။ ခါတော်မီဆေးနီမှုန့်များ ကိုယ်စီပေကျံလျက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း အရယ်အမောမပျက်ကြ၊ တစ်စုံတစ်ရာအပေါ် ကျေနပ်သလိုတောင် မျက်နှာတွေမှာ တွေ့နေရသေး။

“တချို့အခမ်းအနားတွေဆိုရင်ဗျာ တက်ရောက်ကြောင်း သင်္ကေတ စတစ်ကာလေးတွေ ကပ်ပေးပါရောလား။ ကိုယ်တက်ခဲ့တဲ့ပွဲက ဂုဏ်ယူစရာဆိုရင် အဲဒီစတစ်ကာလေး အပြင်ရောက်တောင် မခွာချင်သေးဘူးလေ။ အခုလည်း



ဒီလိုပေါ့”ဟု တစ်ဦးက လက်မောင်းမှဆေးနီများကို ပြရင်းပြောရာ ကျန်သူများက ကျေနပ်စွာရယ်လိုက်ကြသည်။

အဝတ်အစားကောင်းတွေပေါ်မှာ စွန်းထင်းပေကျံသွားတာ စိတ်ငြိုငြင်ရမယ့်အစား အရယ်အပြုံးမပျက် ပြန်ထွက်လာကြတာ ဘာကြောင့်လဲဟု မေးစရာလိုမည်မထင်ပါ။ သူတို့လက်ထဲ တစ်ပွေ့တစ်ပိုက်ပါလာကြသော စာအုပ်များက ကိုယ်စားဖြေပါလိမ့်မည်။

***

“လူတွေဖန်တီးခဲ့တဲ့ အဆောက်အအုံတွေကို လူတွေ ဘယ်လိုသဘောထားကြသလဲဆိုတာ အခွင့်အာဏာရှိသူတွေက အဲဒီအဆောက်အအုံကို ဘယ်လိုအသုံးချခဲ့ကြသလဲဆိုတဲ့အပေါ် မူတည်တာပါပဲလား။ နေရာဌာနအဝန်းအဝိုင်းတစ်ခုကို လူတွေချစ်ကြတယ်၊ ရွံမုန်းကြတယ်၊ ပတ်သက်ချင်ကြတယ်၊ ရှောင်ရှားချင်ကြတယ် ဆိုတဲ့ ခံစားချက်တွေကလည်း သဘာဝကျတဲ့ တုံ့ပြန်မှုတွေပဲ”ဟူသောစကားကို အဘိုးအိုမဆိုဖြစ်သေး။

ဝယ်လာသည့်စာအုပ်များ ကိုယ်စီပွေ့ပိုက်ကာ ထိုအဆောက်အအုံနောက်ခံနှင့် အမှတ်တရဓာတ်ပုံရိုက်ယူနေသော ကျောင်းသားငယ်များကို ငေးလျက်. . .။ ။

# မုံဒိုမြို့ မြို့မစာကြည့်တိုက် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲကျင်းပ

**မုဒုံ ဩဂုတ် ၁**

မုဒုံမြို့ မြို့မစာကြည့်တိုက်က ကြီးမှူး၍ ၂၀၁၅-၂၀၁၆ တက္ကသိုလ်ဝင်စာမေးပွဲနှင့် အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်စာမေးပွဲတို့၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇူလိုင် ၃၀ ရက် မွန်းလွဲ ၂ နာရီတွင် မုဒုံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရှင်အရဟံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးဖြူဝင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်လှသန်းနှင့် စာကြည့်တိုက်တည်ထောင်သူ ဦးအောင်စိုးတို့က ဂုဏ်ပြုအမှာစကားပြောကြားကြသည်။

ထို့နောက် တာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာမကြီးများက ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာဂုဏ်ထူးရှင် လေးဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၃၃ ဦး၊ လူရည်ချွန်တစ်ဦး၊ ဗဟိုနှင့်ပြည်နယ်အဆင့် အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်စာမေးပွဲ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရသူ ငါးဦး၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအလိုက် ထူးချွန်သူ ရှစ်ဦးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ယင်းနောက် ထူးချွန်ဂုဏ်ပြုဆုရ ကျောင်းသား ကျောင်းသူများကိုယ်စား လူရည်ချွန်နှင့် ခြောက်ဘာသာဂုဏ်ထူးရှင် မချောမီမီထွန်းက ကျေးဇူးတင်စကားပြောကြားသည်။ အခမ်းအနားအပြီးတွင် ဦးအောင်စိုး(ခုနစ်စင်ကြယ်စာပေ ၃၁ လမ်း ရန်ကုန်မြို့)က မုဒုံမြို့ မြို့မစာကြည့်တိုက်သို့ ငွေကျပ် နှစ်သိန်းခန့် တန်ဖိုးရှိ သုတရသစာအုပ်မျိုးစုံ အုပ်ရေ ၁၀၀ ကို စာကြည့်တိုက်ကော်မတီဝင်များထံ ပေးအပ်လှူဒါန်းသည်။ **(ကိုချစ်)**

# ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ တာဝန်နှင့် အခွင့်အရေးများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဩဂုတ် ၁**

လာမည့်ရွေးကောက်ပွဲများ၌ မဲစာရင်းတိကျမှန်ကန်ရေးအတွက် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ အကူအညီဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပတ်ရှိုင်ရယ်ဟိုတယ်၌ ကျင်းပသည့် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ တာဝန်နှင့် အခွင့်အရေးများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားသည်။ **(ယာပုံ)**

ထို့ပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲသည် နိုင်ငံ၏ အောင်မြင်သော လွတ်လပ်မျှတသော သမိုင်းဝင်ရွေးကောက်ပွဲတစ်ခုဖြစ်ခဲ့ပါကြောင်း၊ သမိုင်းဝင်ရွေးကောက်ပွဲဖြစ်စေသည့် အကြောင်းအရင်းများအနက် ပြည်တွင်းနှင့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က တရားဝင်ဖိတ်ကြားခဲ့ပြီး စောင့်ကြည့်လေ့လာမှုများကို ခွင့်ပြုခဲ့ပါကြောင်း၊ စောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲ၏ ပွင့်လင်းမြင်သာရှိမှုကို အကောင်းဆုံးဖော်ညွှန်းပေးနိုင်သူများဖြစ်ပြီး စောင့်ကြည့်လေ့လာမှုသည်လည်းရွေးကောက်ပွဲ၏အရည်အသွေးကို မြှင့်တင်ပေးသည့် နည်းလမ်းတစ်ခုဖြစ်ပါကြောင်း။

ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာမှုကြောင့် ရွေးကောက်ပွဲ၏ ပွင့်လင်းမြင်သာမှုကို တိုးမြှင့်ပေးနိုင်ခြင်း၊ ရွေးကောက်ပွဲရလဒ်ကို အများပြည်သူလက်ခံမှု ပိုမိုမြင့်တက်လာခြင်း၊ မဲဆွယ်စည်းရုံးမှုနှင့် ကိုယ်စားလှယ်လောင်းများ၏ ငွေကြေးသုံးစွဲမှုကို ပိုမိုထိရောက်စွာစောင့်ကြည့်နိုင်ခြင်း၊ နိုင်ငံသားများ၏ အခြေခံလူ့အခွင့်အရေးများကို ပိုမိုခိုင်မာစေခြင်းတို့ကို ရရှိနိုင်ပါကြောင်း၊ စောင့်ကြည့်လေ့လာသည့် အဖွဲ့အစည်းများ၏ အပြီးသတ်အစီရင်ခံစာများကို ရွေးကောက်ပွဲကော်မရှင်သို့ ပြန်လည်တင်ပြရပြီး ရွေးကောက်ပွဲလုပ်ငန်းအားလုံး၏ အားသာချက်၊ အားနည်းချက်များကို ပိုမိုကောင်းမွန်စွာသိရှိနိုင်ကာ သုံးသပ်ပြင်ဆင်မှုများကိုလည်း ပြုလုပ်နိုင်ပါကြောင်း၊ အစီရင်ခံစာများမှ တွေ့ရှိရသည့် အားနည်းချက်၊ အားသာချက်များကို ရွေးကောက်ပွဲလုပ်ငန်းများအပေါ် ပြန်လည်သုံးသပ်မှုများပြုလုပ်သည့်အခါ အလေးထားစဉ်းစားရမည်ဖြစ်ပါကြောင်း။

ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများနှင့်ပတ်သက်ပြီး ဥပဒေမူဘောင်ပြဋ္ဌာန်းထားရှိရေးနှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွင်းရရှိခဲ့သည့် စောင့်ကြည့်လေ့လာသူများ၏ အတွေ့အကြုံများအရ အနာဂတ်ကာလရွေးကောက်ပွဲများကို ပိုမိုတိုးတက်ကောင်းမွန်အောင် မည်သို့ပူးပေါင်းဆောင်ရွက်နိုင်သည်များကို အဓိကဦးတည်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရှိ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုများအပေါ် သုံးသပ်ချက်ကို ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာအကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (IDEA)မှ အကြီးတန်းအစီအစဉ်မန်နေဂျာ မစ္စတာ ဂရက် ခေအိုင်အီးလေးရာက လည်းကောင်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ တာဝန်များနှင့် အခွင့်အရေးများ (နှိုင်းယှဉ်ရဥပမာများအားတင်ပြခြင်း)ကို အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီရီပို့တင်းအဖွဲ့မှ ဌာနေကိုယ်စားလှယ် မစ္စအီဗာဂျေးက လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများက ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်များ၊ တရားဝင်အသိအမှတ်ပြုခြင်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေရေးရာမူဘောင်ပြင်ဆင်ခြင်းလုပ်ငန်းများ၊ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းနှင့် စောင့်ကြည့်လေ့လာသူများလိုက်နာရမည့်ကျင့်ဝတ်များ၊ မဲရုံတွင်းနှင့် မဲရုံပြင်ပအတွေ့အကြုံများ၊ ဥပဒေရေးရာမူဘောင်အား ပြန်လည်သုံးသပ်၍ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်းလုပ်ငန်းစဉ်အားထည့်သွင်းဖော်ပြနိုင်မည့် နည်းလမ်းများ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အစီရင်ခံစာထုတ်ပြန်ရမည့်အချိန်ကာလနှင့် ယင်းအစီရင်ခံစာများကို အသုံးပြုနိုင်မှုများ၊ ကြားဖြတ်ရွေးကောက်ပွဲများတွင် စောင့်ကြည့်လေ့လာရာ၌ ဖြစ်နိုင်ခြေရှိသည့် လုပ်ငန်းစဉ်များ၊ အခြားဆောင်ရွက်နိုင်သည့်အဆင့်များနှင့်စပ်လျဉ်း၍ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြရာ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ပြန်လည်ဆွေးနွေးခဲ့သည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာရန် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ ၁၁၄၄၅ ဦးနှင့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူ ၁၁၅၃ ဦးကို တရားဝင်အသိအမှတ်ပြုခဲ့ပြီး နောင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတို့တွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများကို ပိုမိုဖိတ်ခေါ်သွားရန် စီစဉ်ထားကြောင်းသိရသည်။

**(သတင်းစဉ်)**

---

**❖ ရတနာပုံမှ**

ရတနာပုံတက္ကသိုလ် အင်္ဂလိပ်စာဌာန ကထိက ဦးသုတ ကပြောသည်။

အဆိုပါတက္ကသိုလ်တွင် ပညာသင်ကြားနေသည့် ကျောင်းသားပေါင်း ၂၅၀၀၀ ကျော်နှင့် ဆရာဆရာမများ၊ ပတ်ဝန်းကျင်ရပ်ကွက်နေထိုင်သူများအပါအဝင် ၃၀၀၀၀ ခန့် ရေဘေးသင့်ခံနေရသည်ဟု ပြောနိုင်ကြောင်း ဆက်လက်ပြောကြားသည်။

ရတနာပုံတက္ကသိုလ်တွင် ၂၀၀၇ ခုနှစ် ဇူလိုင် ၃၀ ရက်က စတင်ရေဝင်ခဲ့ပြီး ဩဂုတ် ၆ ရက်မှ ၁၀ ရက်အထိ ငါးရက်ကြာ ကျောင်းပိတ်ခဲ့ရကြောင်း၊ ထိုနှစ်ဩဂုတ် ၅ ရက်က ဧရာဝတီမြစ်ရေသည် ၂၃၂ ဒသမ ၅၈ ပေ (၁၃၁၆ စင်တီမီတာ)ရှိခဲ့ပြီး ယခုဖြစ်စဉ်မှာ ရေဝင်ရောက်မှုကြောင့် ဒုတိယအကြိမ်တက္ကသိုလ်ပိတ်လိုက်ရခြင်းဖြစ်ကြောင်း သိရသည်။

"နောက်ရက်ကစပြီး မြစ်ရေကျတော့မယ်ဆိုပေမယ့် စိုးရိမ်ရေအမှတ်အထက်တော့ ရှိနေဦးမယ်။ ဩဂုတ် ၁ ရက်မှာ မြစ်ရေက မနက်ပိုင်းကစပြီး တန့်ခံနေတယ်။ တိုးမလာဘူး။ မန္တလေး အထက်ပိုင်းက သပိတ်ကျင်းမှာ မြစ်ရေကျနေပြီ"ဟု မိုး/ဇလ(မန္တလေး)ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဇော်ကပြောသည်။

ဧရာဝတီမြစ်ရေသည် ဩဂုတ် ၁ ရက်တွင် ၂၃၂ ဒသမ ၈၇ ပေ (၁၃၂၅ စင်တီမီတာ)တွင် ရပ်တန့်နေပြီး မန္တလေးနှင့် စစ်ကိုင်းတို့တွင် စိုးရိမ်ရေအမှတ်အထက် နှစ်ပေခန့်စီရှိနေကြောင်း၊ နောက်ရက်တွင် မြစ်ရေကျဆင်းမှာဖြစ်သော်လည်း စိုးရိမ်ရေအမှတ်များအထက် ဆက်လက်ရှိနေဦးမည်ဟုခန့်မှန်းထားကြောင်း ဆက်လက်ပြောကြားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

**○ ကျောဖုံးမှ**



ဒုတိယပွဲသို့ ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းနှင့် တွေ့ဆုံနေသည့် ဗီယက်နမ်အသင်းသည် အုပ်စုပွဲစဉ်အားလုံး အနိုင်ရလာသည့် အသင်းဖြစ်ပြီး သွင်းဂိုး ၂၀ ရှိကာ ပေးဂိုးလုံးဝမရှိသည့် အသင်းဖြစ်သည်။ မြန်မာအသင်းသည် ရှုံးပွဲမရှိသေးသော်လည်း အုပ်စုနောက်ဆုံးပွဲတွင် ဩစတြေးလျအသင်းနှင့် သရေကျခဲ့သောကြောင့် ဒုတိယနေရာသာ ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအနေဖြင့် ခြေစွမ်းပြနေသည့် ဗီယက်နမ်အသင်းနှင့်တွေ့ဆုံနေရာ ဗိုလ်လုပွဲတက်ရောက်ရန် ခက်ခက်ခဲခဲ ကြိုးပမ်းရဖွယ်ရှိနေသည်။

ထိုင်းနှင့် ဩစတြေးလျပွဲမှာလည်း စိတ်ဝင်စားစရာကောင်းနေပြီး ထိုင်းနည်းပြချုပ် စပန်ဆာမှာ အသင်းဟောင်းနှင့် ပြန်လည်ရင်ဆိုင်ရမည်ဖြစ်သည်။ အာဆီယံ အမျိုးသမီးပြိုင်ပွဲတွင် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသည့် မြန်မာအမျိုးသမီးအသင်းသည် အအောင်မြင်ဆုံး ဂုဏ်ပုဒ်ကို ဆက်ထိန်းနိုင်ရန် ယခုပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် ကြိုးပမ်းရမည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်**

---

**✱ အထူးဒေသ(၄)မှ**

ဆက်လက်၍ ၎င်းက "အဲဒီအချက်တွေထဲမှာ နိုင်ငံရေးအပြင် စီးပွားရေးအပိုင်းမှာ သယံဇာတတွေဆိုတာ နိုင်ငံတော်က ပိုင်ဆိုင်တယ်။ ဒါပေမယ့် အဲဒီပိုင်ဆိုင်တဲ့ သယံဇာတတွေကို ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ပြန်လည်ပြီးအသုံးချတဲ့အခါမှာ တိုင်းရင်းသားအားလုံး တန်းတူညီတူ အကျိုးခံစားခွင့်ရှိရမယ်လို့ သူတို့ဘက်က မြင်တယ်။ အခွန်အခတွေကိုလည်း စနစ်တကျ စီမံခန့်ခွဲသင့်တယ်လို့ တင်ပြပါတယ်"ဟု ပြောသည်။

ထို့အပြင် လုံခြုံရေးအပိုင်းအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် အားလုံးတွင် တာဝန်ရှိကြောင်း၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကိစ္စများတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒများကို နိုင်ငံသားတိုင်းက တိကျစွာလိုက်နာသင့်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို လူတိုင်းက ထိန်းသိမ်းသင့်သကဲ့သို့ ၎င်းတို့အနေဖြင့် ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း၊ လူ့အဖွဲ့အစည်းပိုင်းဆိုင်ရာတွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ပေးရန်နှင့် လူသားအားလုံး၏ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ကို ခွင့်ပြုပေးရန် စသည့် အချက်များကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ငြိမ်းချမ်းရေးကော်မရှင်အနေဖြင့် ဩဂုတ်လ ပထမပတ်တွင် ကျင်းပရန်စီစဉ်ထားသည့် နိုင်ငံရေးဆွေးနွေးမှု မူဘောင်ပြန်လည်သုံးသပ်သည့် ဆွေးနွေးပွဲသို့ အထူးဒေသ(၄) မိုင်းလားအဖွဲ့မှ တက်ရောက်ဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ကြောင်းလည်း သိရသည်။

"သူတို့အနေနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ ကျင်းပတာကို လှိုက်လှိုက်လှဲလှဲကြိုဆိုကြတယ်။ စိတ်ဝင်စားမှုလည်းရှိပြီး တက်ရောက်နိုင်ဖို့အတွက်ကိုလည်း အားလုံးနဲ့ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်သွားမယ်လို့ သဘောတူညီမှုရခဲ့ပါတယ်"ဟု ဦးခင်ဇော်ဦးက ပြောသည်။

ငြိမ်းချမ်းရေးကော်မရှင် (Peace Commission)၏ တတိယအကြိမ်အစည်းအဝေးကိုလည်း ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရုံး၌ ကျင်းပရာ အစည်းအဝေးသို့ ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ အတွင်းရေးမှူး ဦးခင်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ အကြံပေးအဖွဲ့ခေါင်းဆောင် ဦးအောင်ကြည်နှင့် အဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့များ၊ ရုံးအဖွဲ့၊ အလုပ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**သတင်း-ဇော်ကြီး(ပဏီတ)၊ဓာတ်ပုံ-ဇော်မင်းလတ်**

---

# ဒေဝူးအမျိုးအစားယာဉ်သစ် ၁၅ စီးကို BRT Lite ယာဉ်လိုင်း၌ ပြေးဆွဲရန်လွှဲပြောင်း

**ရန်ကုန် ဩဂုတ် ၁**

ဒေဝူးဘတ်စ် (Daewoo BS 106) အမျိုးအစား ယာဉ်သစ် ၁၅ စီးကို BRT Lite ယာဉ်လိုင်းအတွင်း ထည့်သွင်းပြေးဆွဲရန် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့ညနေ ၅ နာရီခန့်က ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel Yangon Max ဟိုတယ်၌ ပြုလုပ်ခဲ့သည်။

အဆိုပါလွှဲပြောင်းပေးအပ်မည့် ယာဉ်များကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ပြီး လွှဲပြောင်းအပ်နှံမှုဖွင့်လှစ်ပွဲကိုပြုလုပ်ခဲ့သည်။

ထိုလွှဲပြောင်းပေးအပ်ပွဲ၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားရာတွင် ရန်ကုန်မြို့အတွင်း အများပြည်သူခရီးသွားလာမှုကို လွယ်ကူချောမွေ့စေရန် ဆောင်ရွက်နေပြီး ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်မြင့်မားစေရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ယခုယာဉ်သစ်များ၏ စွမ်းဆောင်မှု မည်ကဲ့သို့အကျိုးပြုပုံများကိုလည်း လမ်းကြောင်းများပေါ်တွင် မြင်တွေ့ရမည်ဖြစ်ကာ ပြည်သူများကြား၌ လက်တွေ့ချပြနိုင်မည်ဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများတွင် လူငယ်မျိုးဆက်သစ်များ၏ ကြိုးပမ်းမှုသည် အဓိကကျပါကြောင်း၊ ရန်ကုန်မြို့တော်ကို အားလုံးအတွက် ဝန်ဆောင်မှုကောင်းပြီး လုံခြုံကောင်းမွန်စွာ နေထိုင်ဖွယ်ရာကောင်းသည့် မြို့တော်ဖြစ်ရန် ပြည်သူတစ်ရပ်လုံးက မျှော်လင့်စောင့်ဆိုင်းရင်း ကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဒေဝူးအမှတ်တံဆိပ်သည် မြန်မာပြည်သူများကြားတွင် ယခင်ခေတ်ကာလများစွာကတည်းက ရင်းနှီးခဲ့ဖူးပြီး ယခုယာဉ်သစ် ၁၅ စီးကို Myanmar Coach Center Co., Ltd. က မြန်မာနိုင်ငံ၏ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းခြင်းဖြစ်ပြီး ရန်ကုန်ဘတ်စ်ကားများနှင့် သက်ဆိုင်သော ကုမ္ပဏီထံသို့ ယခုအခမ်းအနားတွင် လွှဲပြောင်းခြင်းဖြစ်ကြောင်း သိရသည်။ **(စနိုး)**

# ညောင်တုန်းမြို့၌ ဧရာဝတီမြစ်ရေအတိုးကြမ်းဆဲ စိုးရိမ်ရေမှတ်အထက် နှစ်ပေကျော်လွန်

**ညောင်တုန်း ဩဂုတ် ၁**

ဧရာဝတီမြစ်ရေသည် ညောင်တုန်းမြို့နယ်၌ အတိုးကြမ်းလျက်ရှိဆဲဖြစ်ရာ ညောင်တုန်းမြို့၏ စိုးရိမ်ရေအမှတ် ၂၂ ဒသမ ၅ ပေအထက်ကျော်လွန်ကာ ဩဂုတ် ၁ ရက် ညနေ ၆ နာရီက ၂၄ ဒသမ ၅ ပေသို့ ရောက်ရှိနေရာ စိုးရိမ်ရေအမှတ်အထက် နှစ်ပေမြင့်တက်နေကာမြစ်ရေအတိုးကြမ်းနေသည်။

အထက်ပိုင်းဒေသများတွင် မြစ်ရေတက်နေဆဲဖြစ်သဖြင့် ညောင်တုန်းမြို့၌လည်းဧရာဝတီမြစ်ရေမှာ ဆက်လက်တက်နိုင်ဖွယ်ရှိသေးကြောင်း သိရသည်။

ရေကာတာပြင်ပရှိနေအိမ်များသို့လည်းရေများဝင်ရောက်လျက်ရှိရာ သတိဖြင့်နေထိုင်ကြရန်လည်း နှိုးဆော်ထားသည်။

ညောင်တုန်းမြို့နယ် သဘာဝဘေးအန္တရာယ်ကာကွယ်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန့်ဇော်ဦးနှင့်ကော်မတီဝင်များ၊ ဧရာဝတီတိုင်းဒေသကြီးပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်း၊ ဒေါ်နီနီနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများကလည်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြသည့်အပြင် မြစ်ကမ်းတစ်လျှောက်ရေကာတာများတွင် နေ့ညရေကင်းများဖြင့် စောင့်ကြပ်လျက်ရှိသည်။ ညောင်တုန်းမြို့ရေကာတာမှာ ယခုနှစ်နွေရာသီတွင် အမြင့် ၃၀ ဒသမ ၅ ပေအထိ မြှင့်တင်တည်ဆောက်ထားမှုကြောင့် စိုးရိမ်ဖွယ်မရှိကြောင်းသိရသည်။

မြို့နယ်အတွင်းစိုးရိမ်ရသောကျေးလက်ဒေသများတွင်လည်းကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ထားကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**



## ဧရာဝတီနှင့် ဝေါမြစ်ရေ စိုးရိမ်ရေမှတ်များအထက် ဆက်လက်မြင့်တက်နိုင်

**နေပြည်တော် ဩဂုတ် ၁**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် နှစ်ပေခွဲခန့်၊ ညောင်ဦးမြို့တွင် လေးပေခွဲခန့်၊ မင်းဘူးမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခန့်စီ၊ မကွေးမြို့တွင် ပေဝက်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ပေဝက်ခန့်စီ၊ နောက်နှစ်ရက်အတွင်း မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် နှစ်ပေခန့်စီ၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခန့်စီ ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့ကြောင့် ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ မင်းဘူးမြို့နယ်၊ မကွေးမြို့နယ်၊ ဟင်္သာတမြို့နယ်နှင့် ဇလွန်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။

အလားတူ ဝေါမြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်လေးရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဝေါမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**(ကြေးမုံ)**

# တောင်သမန်အင်းရေမြင့်တက်သဖြင့် ဦးပိန်တံတားယာယီပိတ်

**မန္တလေး ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တောင်သမန်အင်းအတွင်းသို့ ရေဝင်ရောက်မှုတဖြည်းဖြည်းမြင့်တက်လာသော ကြောင့် ဩဂုတ် ၁ ရက်မှစ၍ ဦးပိန်တံတားပေါ် ဖြတ်သန်းသွားလာမှုကို ယာယီပိတ်ထားကြောင်း သိရသည်။

"မန္တလေးမှာ ဇူလိုင် ၃၀ ရက်ကစပြီး မြစ်ရေက စိုးရိမ်ရေအမှတ်အထက်ကျော်လာတာက ဒီနေ့ဆိုရင် နှစ်ပေလောက်ထိရှိနေတယ်။ မြစ်ရေနဲ့ မြို့ထဲကရေတွေကြောင့် တောင်သမန်အင်းမှာ ရေများလာပြီး ဦးပိန်တံတားတချို့နိမ့်တဲ့နေရာတွေဆို ကြမ်းခင်းအထိကိုရောက်လာပြီ။ တာဝန်ရှိသူတွေကတော့ ထိန်းသိမ်းမှုတွေလုပ်နေတယ်" ဟု လာရောက်ကူညီပေးနေသည့် လူမှုရေးအဖွဲ့ဝင်တစ်ဦးက ပြောသည်။ တောင်သမန်အင်းရေများလာခြင်းကြောင့် အင်းအရှေ့ဘက်ခြမ်း အုတ်ရိုးနံရံများမှ ရေများစိမ့်ထွက်လာပြီး ကန်ပတ်လမ်းပေါ်တွင် ရေကျော်ကာ တစ်ဖက်ခြမ်းရှိနံ့သာကျေးရွာသို့ ရေများဝင်ရောက်လာကြောင်း၊ အင်းရေတံခါးကိုလည်း မြို့တော်စည်ပင်သာယာက ယနေ့နံနက်ပိုင်းက ရေလျှော့ကျရန် အတွက်ဖွင့်လှစ်လိုက်လိုက်ကြောင်းသိရသည်။

"တောင်သမန်အင်းရေတံခါးဖွင့်လိုက်တော့ တခြားရွာတွေနဲ့ရပ်ကွက်အချို့ရေဝင်မှာပဲ။ ဒါပေမယ့် အခြေအနေအရလုပ်သင့်တာလုပ်ရတာပဲ။ လူမှုကူညီရေးအသင်းတွေရော ဌာနဆိုင်ရာတွေရောအားလုံးကပါ လိုအပ်တာတွေ ကူညီဖို့အဆင်သင့်ရှိနေတယ်။" ဟု အမရပူရမြို့ခံတစ်ဦးက ပြောသည်။

တောင်သမန်အင်းရေမြင့်တက်မှုနှင့် ပတ်သက်ပြီး



၂၀၀၄ ခုနှစ်က ဦးပိန်တံတားကြမ်းပြင်ကျော်လွန်အောင် ရေလွှမ်းခဲ့ပြီး မန္တလေးမြို့တွင် ဧရာဝတီမြစ်ရေ စိုးရိမ်ရေအမှတ်မှာ ၁၂၆၀ စင်တီမီတာရှိပြီး ယင်းအထက် လေးပေခန့်ထိ ရောက်ရှိခဲ့ပြီး ယခုနှစ် ဩဂုတ် ၁ ရက်တွင် စိုးရိမ်ရေမှတ်အထက် နှစ်ပေခန့်ရောက်ရှိနေကြောင်း သိရသည်။

**(အောင်ရဲသွင်)**



# ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ကံမမြို့နယ်တွင် စာသင်ကျောင်းအချို့ပိတ်ခဲ့ရပြီး အိမ်ထောင်စုအချို့ ရေလွတ်ရာသို့ ရွှေ့ပြောင်းရ

**ကံမ ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် ယခုရက်ပိုင်းအတွင်း ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် မြစ်ကမ်းတစ်လျှောက် မြေနိမ့်ပိုင်းကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်များရှိ အနိမ့်ပိုင်းနေရာများတွင် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့သည်။

အဆိုပါရေလွှမ်းမိုးခြင်းကြောင့် ကျောင်းသားကျောင်းသူများ ဘေးအန္တရာယ်မဖြစ်စေရေးအတွက် စာသင်ကျောင်း ၁၃ ကျောင်း ခေတ္တပိတ်ခဲ့ရပြီး ရေလွှမ်းမိုးသည့် မြို့ပေါ်ရပ်ကွက်အချို့နှင့် ကျေးရွာများမှ အိမ်ထောင်စုအချို့ရှိ ပြည်သူများနှင့်ကျွဲ၊ နွား၊ တိရစ္ဆာန်များအား ၎င်းတို့နှင့်နီးစပ်ရာရေလွတ်သည့်နေရာများသို့ သက်ဆိုင်ရာတာဝန်ရှိသူများက ရွှေ့ပြောင်းနေရာချထားပေးခဲ့ကြကြောင်းသိရသည်။ **ကျော်ဇေယျဝင်း(ကံမ)**

# ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် မကွေးမြို့နယ်အတွင်း ရေကြီးမှုများဖြစ်ပေါ်လျက်ရှိ

**မကွေး ဩဂုတ် ၁**

မကွေးမြို့နယ်အတွင်း ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် မြစ်ကမ်းဘေးကျေးရွာများနှင့် အနိမ့်ပိုင်းကျေးရွာများသို့ ရေဝင်ရောက်မှုများဖြစ်ပွားလျက်ရှိသည်။ ဧရာဝတီမြစ်ရေတက်မှုနှင့် မိုးများမှုများကြောင့် မကွေးမြို့နယ်အတွင်း မြေနုကျွန်းကျေးရွာ၊ သဖန်းဆိပ်ကျေးရွာ၊ ကျွန်းပြတ်ကျေးရွာ၊ မီးသေကျေးရွာ၊ မင်းရွာ၊ တောင်ခွင်းတောင်ခွင်၊ ဝါတောချောင်းကျေးရွာ၊ သဘော်ဆိပ်ကျေးရွာ၊ မိချောင်းရဲကျေးရွာ၊ အောင်မေတ္တာရပ်ကွက်၊ မြို့ဟောင်းရပ်ကွက်စသည့် ကျေးရွာနှင့်ရပ်ကွက် စုစုပေါင်း ၁၁ နေရာရှိ အိမ်ခြေ ၅၄၄ အိမ်၊ လူဦးရေ ၂၃၉၀ နှင့် ကျွဲ၊ နွား၊ ဝက်၊ ကြက် ၇၃၉ ကောင်တို့ကို ရေလွတ်ရာနေရာများဖြစ်သည့် ဘုန်းတော်ကြီးကျောင်းများ၊ နီးစပ်ရာ ဆွေမျိုးသားချင်းနေအိမ်များ၊ ကုန်းမြင့်များသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနက ရေဘေးသင့်ပြည်သူတစ်ဦးအတွက် တစ်ရက်လျှင် ငွေကျပ် ၃၀၀ နှုန်း ထောက်ပံ့လျက်ရှိကြောင်းနှင့် ကျေးရွာ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများက ရေဘေးသင့်ပြည်သူများအတွက် နေထိုင်ရေး၊ သောက်သုံးရေရရှိရေးများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**



# အထူးဂရုပြုစောင့်ရှောက်ရန်လိုအပ်သော မသန်စွမ်းကလေးများအား ပြုစုပျိုးထောင်သင်ကြားပေးမည့် ဆရာ ဆရာမများ မွေးထုတ်ပေးလျက်ရှိ

**ရန်ကုန် ဩဂုတ် ၁**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အထူးဂရုပြုစောင့်ရှောက်ရန်လိုအပ်သော မသန်စွမ်းကလေးများအား ပြုစုပျိုးထောင်သင်ကြားပေးမည့် ဆရာ ဆရာမများ ပေါ်ပေါက်လာစေရန် ရည်ရွယ်၍ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန University of Wolverhampton(UK), With Love All Things Are Possible Charity(UK) နှင့် မြန်မာနိုင်ငံအထူးပညာရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် သင်တန်းဆင်းပွဲကို ဇူလိုင် ၂၉ ရက် ညနေ ၄ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ရန်ကုန်ဟိုတယ်၌ ပြုလုပ်ခဲ့သည်။

လူမှုဝန်ထမ်းဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးမျိုးဆက်အောင်က "လူမှုဝန်ထမ်းကဖွင့်တဲ့ မသန်စွမ်းသက်ကြီး၊ သက်ငယ်ကျောင်းတွေမှာလည်း ပြုစုစောင့်ရှောက်မှုတွေ လုပ်နေပါတယ်။ မသန်စွမ်းတွေက အမျိုးမျိုးရှိတော့ အားလုံးကို လိုက်လျောညီထွေစွာ ပြုစုနိုင်ဖို့အတွက် သင်တန်းက အနည်းဆုံး ခြောက်လလောက်သင်ရတာတွေရှိတယ်။ ဒီကလေးတွေက သာမန်ထက် ပိုဂရုစိုက်ပေးရတယ်။ နည်းနည်းခက်တယ်။ အခုလို သင်တန်းတွေပေးတာ နိုင်ငံခြားက ပညာရှင်တွေက ပြန်ပြီးမျှဝေတာ လက်ခံရမှာပါ"ဟု ပြောသည်။

အထူးဂရုပြု စောင့်ရှောက်ရန်လိုအပ်သော ကလေးများအား ပြုစုပျိုးထောင်သင်ကြားပေးမည့် ဆရာဖြစ်သင်တန်း အစီအစဉ်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ သင်တန်းပြုလုပ်ခွင့်ချပေးခြင်း၊ အသိအမှတ်ပြုပေးခြင်း၊ သင်တန်းပြုလုပ်ရန်နေရာနှင့် ရုံးလုပ်ငန်းဆောင်ရွက်နိုင်ရန်နေရာ ပံ့ပိုးကူညီပေးခြင်းတို့ ပြုလုပ်ခဲ့ပြီး University of Wolverhampton(UK) မှ သင်တန်းတွင် အသုံးပြုသည့် သင်ရိုးညွှန်းတမ်းများနှင့် နည်းပညာဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်လှူဒါန်းခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ အထူးပညာရေးအသင်းမှ မြန်မာနိုင်ငံဆိုင်ရာ သင်တန်းညှိနှိုင်းရေးမှူး ဦးဒေးဗစ်ဇော်ဒိမ်က "မြန်မာနိုင်ငံမှာ ၂၀၁၄ ခုနှစ် လူဦးရေ စစ်တမ်းအရ ဉာဏ်ရည်မသန်စွမ်းကလေးတွေက ၁ ဒသမ ၇ သန်းရှိတယ်လို့ ဖော်ပြထားတယ်။ ဒီလောက်များတဲ့ ဉာဏ်ရည်မသန်တဲ့ ကလေးတွေကို ပြုစုပျိုးထောင်ပေးဖို့ ဆရာ ဆရာမတွေ အများကြီးလိုတယ်။ ၂၀၁၅ ပညာသင်ကာလမှာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အထူးပညာရေး အသင်းအနေနဲ့ အထူးဂရုပြုစောင့်ရှောက်ရန်လိုအပ်တဲ့ ကလေးတွေကို ပြုစုပျိုးထောင်ပေးမယ့် သင်တန်းကျောင်း ပရဟိတကျောင်းတွေကို စာရင်းကောက်လိုက်ရင် ၄၂ ကျောင်းထက်မပိုဘူး။ အဲဒီကျောင်းတွေကလည်း ရန်ကုန်မှာ ၈၀ ရာခိုင်နှုန်းလောက်ဖွင့်ထားတယ်။ ကျန်တဲ့ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ သင်တန်းကျောင်းတွေမရှိသလောက်ပဲ။ ဒါကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ဒီသင်တန်းတွေ ဖွင့်လှစ်သွားဖို့ရှိပါတယ်"ဟု ပြောသည်။

"မသန်စွမ်းကလေးတွေမှာ တစ်ယောက်နဲ့တစ်ယောက် မတူညီတဲ့စွမ်းရည်တွေရှိတယ်။ သူတို့ရဲ့ အားသာချက်၊ အားနည်းချက်တွေကို ဆရာမတွေက မသင်ကြားတတ်ရင် ပိုဆိုးသွားမယ်။ နည်းစနစ်တွေကို ဆရာမတွေ သိဖို့လိုတယ်။ သင်တန်းက အပိုင်းခြောက်ပိုင်းရှိတယ်။ အထူးပညာသင်ရမယ့်ကလေးကို ဘယ်သူမှ မသင်ချင်ဘူး။ ဒီကလေးမှာ လိုအပ်ချက်ရှိရင် ဘယ်သူကမှ လက်မခံချင်ဘူး။ သာမန်ပဲဖြစ်ဖြစ်၊ အထူးပဲဖြစ်ဖြစ် တန်းတူပညာသင်ကြားနိုင်ဖို့အတွက် နည်းပညာပို့ချပေးတာပါ။ ဒီကလေးတွေကို ပြုစုပျိုးထောင်ပေးဖို့ ဆရာမတွေ မွေးထုတ်ပေးတာပါ"ဟု မြန်မာနိုင်ငံ အထူးပညာရေးအသင်းမှ နည်းပြဌာနမှူး ဒေါ်ကြေးမုံဝင်းက ပြောသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် သင်တန်းသား ၂၄ ဦးအား အောင်လက်မှတ်များပေးအပ်ချီးမြှင့်ခဲ့ပြီး မြန်မာနိုင်ငံ အထူးဂရုပြုစောင့်ရှောက်ရန် လိုအပ်သော ကလေးများအား ပြုစုပျိုးထောင်မည့် ဆရာဖြစ်သင်တန်းကို ရန်ကုန်မြို့တွင် သုံးကြိမ်၊ မန္တလေးမြို့တွင် တစ်ကြိမ် ဖွင့်လှစ်ပေးခဲ့ပြီး ဆရာ ဆရာမ ၁၁၆ ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **(သီသီမင်း)**




ပညာရေးဝန်ကြီးဌာန
ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ
(ဆရာအတတ်ပညာကဏ္ဍ)

(၄-၈-၂၀၁၆ မှ ၅-၈-၂၀၁၆ အထိ)

အားကစားရွာ၊ Community Zone, Gold Camp ၊ နေပြည်တော်

# ဆယ်ကျော်သက်အရွယ် ကျန်းမာရေးပညာပေးဆွေးနွေးပွဲပြုလုပ်

**ဘီးလင်း ဩဂုတ် ၁**

ဘီးလင်းမြို့နယ်တွင် ဆယ်ကျော်သက်အရွယ် ကျန်းမာရေးအသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၃၀ ရက် နံနက်က မြို့နယ်အခြေခံပညာအထက်တန်းကျောင်း ပညာ့အားမာန်ခန်းမ၌ ကျင်းပသည်။။

ဆွေးနွေးပွဲတွင် မြို့နယ်လက်ထောက်ပညာရေးမှူး ဦးကြည်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး လူမှုဖွံ့ဖြိုးရေးနှင့် စွမ်းရည်မြှင့်တင်ရေးအသင်းဥက္ကဋ္ဌ ဦးဝင်းထင်က ဆယ်ကျော်သက်အရွယ် ကျောင်းသားကျောင်းသူများ သိရှိထားသင့်သည့် မျိုးဆက်ပွား ကျန်းမာရေးနှင့် ပတ်သက်သည့် ပညာပေးဆွေးနွေးမှုများကို ဟောပြောခဲ့သည်။။

အဆိုပါ ဆွေးနွေးပွဲကို ဘီးလင်းအထက်တန်းကျောင်းမှ သတ္တမတန်း၊ အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်း ကျောင်းသား ကျောင်းသူများဖြင့် နှစ်ရက်ကြာ ဆွေးနွေးဆောင်ရွက်ခဲ့သည်။

ယင်းဆွေးနွေးပွဲမှ ၎င်းတို့၏ နားလည်မှုစွမ်းရည်ကို သိရှိနိုင်စေရန် ဆွေးနွေးပွဲအကြိုနှင့် အပြီးဆန်းစစ်လွှာမေးခွန်းများကို အုပ်စုဖွဲ့ဖြေကြားခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# လယ်ယာသုံးစက်ကိရိယာနှင့်လိုအပ်ချက်များ ပံ့ပိုးပေးမည်

**ရန်ကုန် ဩဂုတ် ၁**

ရန်ကုန်တောင်ပိုင်းခရိုင် တောင်သူလယ်သမားအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၂၈ ရက်မှ ၃၀ရက်အထိ ရန်ကုန်တောင်ပိုင်းခရိုင်အနောက်ခြမ်း မြို့နယ်များဖြစ်သော တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များရှိ ကျေးရွာများသို့ ကွင်းဆင်း၍ ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ အသင်းဥက္ကဋ္ဌ ဦးထွန်းရွှေက တောင်သူများလိုအပ်လျက်ရှိသော လယ်ယာသုံးစက်ကိရိယာ၊ ဓာတ်မြေဩဇာနှင့် မျိုးကောင်းမျိုးသန့်များရရှိရေး ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သက်ဆိုင်ရာမြို့နယ်များမှ တောင်သူလယ်သမားဥက္ကဋ္ဌများက ရေစီးရေလာ မကောင်းသော ကျေးရွာများ၊ ရေနုတ်မြောင်းများ တူးဖော်ပေးရန်နှင့် ဆောင်းသီးနှံစိုက်ပျိုးချိန်ရာသီတွင် မျိုးကောင်းမျိုးသန့်များ ပံ့ပိုးပေးရေး ဆွေးနွေးတင်ပြကြသည်။

ရန်ကုန်တောင်ပိုင်းခရိုင် တောင်သူလယ်သမားအသင်းအနေဖြင့် ကျေးလက်နေတောင်သူများဘဝ စိုက်ပျိုးရေး အဆင်ပြေစေရန် ချောင်းကော၊ မြောင်းကောများကို တူးဖော်ပေးနိုင်ခဲ့ပြီး အသေးစား တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့်ညှိနှိုင်း၍ တောင်သူများအား ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

# ကံမမြို့နယ်တွင် မိုးကောင်းစွာရွာသွန်းမှုကြောင့် မိုးစပါးများစတင်စိုက်ပျိုးလျက်ရှိ

**ကံမ ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် ယခုရက်ပိုင်းအတွင်း မိုးကောင်းစွာရွာသွန်းမှုကြောင့် မိုးစပါးစိုက်ခင်းများ ရေလုံလောက်စွာရရှိပြီး စတင်ထွန်ယက်စိုက်ပျိုးလျက်ရှိသည်။

ယခုနှစ် စပါးများပျိုးထောင်ရမည့်အချိန်ကာလ၌လည်း မိုးရေလုံလောက်စွာရရှိခဲ့ကြပြီး ယခုစိုက်ပျိုးရန်သင့်တော်သည့်အချိန်တွင် မိုးကောင်းစွာရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း၊ စပါးများအောင်မြင်ဖြစ်ထွန်းမည့် အချိန်အတွက် မိုးကောင်းရန်သာလိုအပ်မည်ဖြစ်ကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောသည်။ မြို့နယ်အတွင်း မိုးစပါးစိုက်ဧက ၃၀၆၅၁ ဧကရှိပြီး မနောသုခ၊ ဆင်းသုခ၊ ရတနာတိုး၊ ဗီယက်နမ်၊ မော်ဘီ-၂၊ ပုလဲသွယ်အစရှိသည့် စပါးမျိုးများအား အဓိကထားစိုက်ပျိုးကြကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ပြောကြားချက်အရ သိရသည်။ **ကျော်ဇေယျဝင်း(ကံမ)**



# မိုးကြိုချည်မျှင်ရှည်ဝါစံပြကွက် တောင်သူပညာပေးကွင်းသရုပ်ပြ

**ရမည်းသင်း ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရမည်းသင်းမြို့နယ် ကတင်ကျေးရွာ၊ ပျော်ဘွယ်မြို့နယ် ထန်းတပင်ကျေးရွာတို့၌ မိုးကြိုချည်မျှင်ရှည်ဝါ စံပြကွက်စိုက်ခင်းများနှင့် ငွေချည်-၆၊ ငွေချည်-၉၊ ရွှေတောင်-၈ ဝါမျိုးသန့်စိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်မှု အခြေအနေ တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို ဇူလိုင်စတုတ္ထပတ်က ပြုလုပ်ခဲ့သည်။

ကွင်းသရုပ်ပြပွဲများသို့ ဒေသတွင်းကျေးရွာအုပ်စုများမှ တောင်သူ ၂၅၀ ခန့်တက်ရောက်ခဲ့ကြပြီး သရုပ်ပြပွဲတွင် ရမည်းသင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလင်းမြတ်က စိုက်ပျိုးခဲ့သော ဝါမျိုးများ၏ အားသာချက်၊ အားနည်းချက်များနှင့် မျိုးကောင်း မျိုးသန့် သုံးစွဲနိုင်ရေး ဌာနမှ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးဝင်းညွန့်နှင့် ဦးသက်နိုင်အေးတို့က တစ်ဧက ပိဿာ ၁၀၀၀ ထွက်ရှိနိုင်ရန် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ အကြောင်းကို ရှင်းလင်းပြောကြားသည်။

ရမည်းသင်းခရိုင်အတွင်း ချည်မျှင်ရှည်ဝါ နှစ်စဉ်စိုက်ဧက ၆၀၀၀၀ ကျော်စိုက်ပျိုးလျက်ရှိပြီး ယခုနှစ်မိုးကြိုရာသီတွင် ဝါတစ်ပိဿာ ဈေးနှုန်း ကျပ် ၁၁၀၀ မှ ကျပ် ၁၂၀၀ အထိ ဈေးကွက်ရှိနေပြီး အရည်အသွေးကောင်းမွန်သည့်အတွက် မန္တလေးတိုင်းဒေသကြီး၏ ချည်မျှင်ရှည်ဝါစိုက်ပျိုးထုတ်လုပ်မှုအတွက် အဓိကခရိုင်တစ်ခုဖြစ်သည်။ ဝါစိုက်တောင်သူများအတွက် ဝင်ငွေအကျိုးအမြတ်ရရှိသည့် ဒေသတစ်ခုဖြစ်သည့်အပြင် အခြားသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာ၊ မျိုးပံ့ပိုးမှုများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

# ချင်းတွင်းမြစ်အတွင်းသွား ရေယာဉ်များ မြစ်ရေကြီးမြင့်မှု အခြေအနေအရ ခရီးစဉ်များ သုံးရက် ထပ်မံရပ်နားမည်

**မုံရွာ ဩဂုတ် ၁**

ချင်းတွင်းမြစ်အထက်ပိုင်း မြစ်ရိုးတစ်လျှောက်ရှိ မြို့နယ်များတွင် စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနေသဖြင့် ချင်းတွင်းမြစ်အတွင်းသွား ရေယာဉ်ခရီးစဉ်များကို သုံးရက်ကြာ ထပ်မံရပ်နားထားမည်ဖြစ်ကြောင်း မုံရွာမြို့ ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီမှ သိရသည်။

ချင်းတွင်းမြစ်ရေသည် ဇူလိုင်တတိယပတ်တွင် ဒုတိယအကြိမ်မြင့်တက်လာသဖြင့် မုံရွာမြို့မှ အထက်ပိုင်းဒေသခရီးစဉ်များကို ဇူလိုင် ၂၅ ရက်မှ ၂၈ ရက်အထိ တစ်ကြိမ်၊ ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၁ ရက် အထိတစ်ကြိမ် ရပ်နားထားခဲ့ရာ မြစ်ရေကျဆင်းခြင်း မရှိသဖြင့် ခရီးစဉ်ပြေးဆွဲမှုများကို ဩဂုတ် ၂ ရက်မှ ဩဂုတ် ၄ ရက်အထိ သုံးရက်ကြာ ထပ်မံရပ်နားခြင်း ဖြစ်ကြောင်း သိရသည်။

"ခရီးစဉ်ပြေးဆွဲမှုတွေကို မြစ်ရေကြီးမြင့်မှုအခြေအနေအရ ရှစ်ရက်ရပ်နားထားပါတယ်။ အခု အထက်ပိုင်းတွေမှာ မြစ်ရေတွေက သိသိသာသာကျဆင်းသွားခြင်းမရှိတဲ့အတွက် တတိယအကြိမ်အဖြစ် သုံးရက် ရပ်နားတာပါ။ ဧရာဝတီမြစ်ရေက ထောက်တဲ့အပြင် ချင်းတွင်းမြစ်ရေကျဆင်းမှုက နှေးတဲ့အတွက် ရပ်နားရက်တွေက ရှည်လာတာပါ၊ မြစ်ရေပြန်လည်ကျဆင်းပြီး လမ်းခရီးစိတ်ချမှုရှိတာနဲ့ ခရီးစဉ်ပြေးဆွဲမှုတွေကို ပြန်လည်ခွင့်ပြုပေးသွားမှာပါ"ဟု ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မုံရွာမြို့ချင်းတွင်းဆိပ်ကမ်းမှ အထက်ပိုင်းဒေသများသို့ ပြေးဆွဲလျက်ရှိသော ကုန်တင်ရေယာဉ် ၁၉ သင်းတွင် အစင်းရေ ၄၅၂ စင်း၊ လူစီးအမြန် ရေယာဉ်ရှစ်သင်းတွင် အစင်းရေ ၁၃၄ စင်းဖြင့် ကုန်စည်နှင့် ခရီးသည်များကို အထက်၊ အောက် စုန်၊ ဆန် ပြေးဆွဲပေးလျက်ရှိရာ ချင်းတွင်းမြစ်ရေကြီးမြင့်လာသဖြင့် လမ်းခရီးတွင် အန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ခရီးစဉ်များကို ခေတ္တရပ်နားထားခြင်းဖြစ်ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**



# ကသာမြို့နယ်ရှိ ရောကမ်းသာလူမှုကူညီရေးနှင့် အွန်လိုင်းချစ်သူများအဖွဲ့မှ ရေဘေးကြုံတွေ့နေရသူများအား ထောက်ပံ့လှူဒါန်း

**ကသာ ဩဂုတ် ၁**

ကသာမြို့နယ်ရှိ ဧရာကမ်းသာလူမှုကူညီရေးအသင်းအဖွဲ့နှင့် အွန်လိုင်းချစ်သူများအဖွဲ့တို့ ပူးပေါင်း၍ ဇူလိုင် ၃၀ ရက် နံနက် ၈ နာရီမှစ၍ သဘာဝရေဘေးကြုံတွေ့နေသော ကျေးလက်ဒေသများသို့ ဆန် သုံးပြည်၊ ဆီ ၂၅ ကျပ်သား၊ ဆပ်ပြာမှုန့် တစ်ထုပ်၊ မားမားခေါက်ဆွဲ တစ်ထုပ်၊ ဆီတို့ဟူး ပုံသေး တစ်ပုံ၊ ဆား ၂၅ ကျပ်သား သောက်ရေသန့် ဘူးကြီး တစ်ဘူး၊ လက်ဖက်အကြော်ဆံပါ တစ်ထုပ်တို့ကို ရေဘေးကြုံတွေ့နေရသော ရေလွှမ်းမိုးခံခဲ့ရသောကျေးရွာများသို့ စားသောက်ဖွယ်များ သွားရောက်ဝေငှ လှူဒါန်းခဲ့ကြောင်း သိရသည်။



"ဧရာဝတီမြစ်ရေဟာ တဖြည်းဖြည်း ပြန်လည်ကျဆင်းလာပြီး ဇူလိုင် ၃၀ ရက် တိုင်းထွာချက်အရ ၁၀၃၄ စင်တီမီတာ စိုးရိမ်ရေမှတ် အောက် ၆ စင်တီမီတာ ကျဆင်းသွားပြီဖြစ်သော်လည်း ရေလွှမ်းမိုးနစ်မြုပ်သည့် ကျေးရွာများသို့ ကသာမြို့မှ ပရဟိတ လူမှုကူညီရေးအသင်းဖြစ်တဲ့ ဧရာကမ်းသာ လူမှုကူညီရေးအသင်းနဲ့ အွန်လိုင်းချစ်သူများ အဖွဲ့တို့ပူးပေါင်းပြီး စေတနာရှင်များ စုပေါင်း၍ ရေလွှမ်းမိုးခံ ကျေးရွာများဖြစ်ကြသော သဖန်းဒေါင့်၊ ကွေ့ကြီးကျွန်း၊ လက်ပံဇင်ကျွန်း၊ ဝေစွယ်၊ စစ်ကုန်းကျေးရွာ ခြောက်ရွာအား သွားရောက်လှူဒါန်းခဲ့တယ်" ဟု ဧရာကမ်းသာ လူမှုကူညီရေးအသင်းမှ ပါဝင်သူတစ်ဦးက ပြောသည်။

"ကျွန်မတို့အနေနဲ့ အကူအညီလိုအပ်နေတဲ့ နေရာတွေကို ဧရာကမ်းသာ လူမှုကူညီရေးအသင်းနဲ့ ဝိုင်းဝန်းလက်တွဲပြီး နေ့စဉ် ကျေးရွာတွေအထိ သွားရောက်ပြီး စားသောက်ဖွယ်အပြင် ငွေကြေးကိုပါ ထည့်ဝင်လှူဒါန်းနေပါတယ်။ နောက်ရက်တွေကိုလည်း လိုအပ်တဲ့ အကူအညီတွေ ပေးသွားမှာပါ "ဟု အွန်လိုင်းချစ်သူအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက ပြောသည်။

**ငွေအိုး(ကသာ)**

# မြစ်ရေမြင့်တက်မှုကြောင့် ညောင်ဦး-ပုဂံမြို့ဟောင်းကားလမ်းနံဘေး၌ သစ်ပင်ပြိုလဲနေမှုအား ခုတ်ထွင်ရှင်းလင်း

**ညောင်ဦး ဩဂုတ် ၁**

ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ညောင်ဦးမြို့မရဲစခန်းရှေ့ရှိ သက်တမ်းကြာမြင့်သည့် မန်ကျည်းပင်တစ်ပင် ပြိုလဲသည့်ဖြစ်ရပ် ယနေ့နံနက်ပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မန်ကျည်းပင်ပြိုလဲရာသို့ ညောင်ဦးခရိုင်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ညောင်ဦးမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ ခုတ်ထွင်ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါ မန်ကျည်းပင်ပြိုလဲမှုကြောင့် မျက်နှာချင်းဆိုင်ရှိ နီလာသန်းစားသောက်ဆိုင်ရှိ သွပ်မိုးအချို့ပျက်စီးခဲ့ပြီး လူနှင့် တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်း သိရသည်။

"နံနက်ပိုင်းမှာ အပင်လဲသွားလို့တော်သေးတယ်။ ညနေပိုင်းဆိုရင် ရေတက်လို့ လှေအပျော်စီးသူတွေ၊ ရေလာချိုးကြတဲ့သူတွေရှိတဲ့အချိန်သာဖြစ်သွားရင် အန္တရာယ်များတယ်"ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ဧရာဝတီမြစ်ရေသည် မြေနိမ့်ပိုင်းရပ်ကွက်ဖြစ်သည့် အမှတ်(၄)ရပ်ကွက်၊ ရေဝင်ရပ်အတွင်း ဖြတ်သန်းစီးဆင်းကာ ညောင်ဦးမြို့မရဲစခန်းဘေးရှိ ညောင်ဦး-ပုဂံမြို့ဟောင်းသွား လမ်းမကြီးပေါ်တွင် လေးပေခွဲခန့်ရေများဖုံးလွှမ်းလျက်ရှိပြီး အဆိုပါလမ်းမကြီး ဘေးတစ်ဖက်စီတွင် ယခုပြိုလဲသွားသည့် မန်ကျည်းပင်နည်းတူ နှစ်ချို့မန်ကျည်းပင်များ၊ ညောင်ပင်များလည်းရှိနေသေးသဖြင့် လှေအပျော်တမ်းစီးကြသူများ၊ ရေချိုးလာကြသူများ ဂရုပြုသွားလာကြရန်လိုအပ်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**


## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၁**

ရန်ကုန်(ရွှေဈေး) - ၈၃၄၀၀၀ - ၈၃၅၀၀၀၊ မန္တလေး(ရွှေဈေး) ၈၃၃၅၀၀ - ၈၃၄၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၄၀/၅၆၀ ကျပ်၊ | ၅၇၀/၅၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၄၀/၆၅၀ ကျပ်၊ | ၇၆၀/၇၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၃၀/၅၆၀ ကျပ်၊ | ၅၉၅/ ၆၁၀ ကျပ် |
| (ဃ) အဆင့်မြင့် ဒီဇယ် | တစ်လီတာ | ၅၇၀/၅၉၀ ကျပ်၊ | ၆၂၀/၆၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၉၁ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၃၂ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၆၀ ကျပ်

**၂၅-၇-၂၀၁၆ ရက်နေ့မှ ၂၉-၇-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၄၄၇ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၄၆၉ ကျပ် ဖြစ်ပါသည်** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၈၇. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၂၆. ၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၇၈. ၈၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၄. ၁၂၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၄. ၀၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၈၀၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၅၈. ၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၆. ၆၄ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၁. ၁၉ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၈၅. ၃၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**


# မြင်းခြံမြို့၏ မြစ်ရေသည် စိုးရိမ်ရေမှတ်ကျော်လွန်ရောက်ရှိ

**မြင်းခြံ ဩဂုတ် ၁**

ဧရာဝတီမြစ်ရေသည် မြင်းခြံမြို့၏ စိုးရိမ်ရေမှတ်ဖြစ်သော ၁၂၅၈ ဒသမ ၄ စင်တီမီတာသို့ ဇူလိုင် ၃၁ ရက်၊ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ က စတင်ရောက်ရှိခဲ့ပြီး ဆက်လက်၍ မြင့်တက်လာခဲ့ရာ ဩဂုတ်၁ ရက် နံနက် ၁၂ နာရီအချိန်တိုင်းထွာချက်အရ စိုးရိမ်ရေမှတ်ကို ကျော်လွန်ပြီး ၁၂၇၆ ဒသမ ၄ စင်တီမီတာသို့ရောက်ရှိလျက်ရှိသည်။ စိုးရိမ်ရေမှတ်ကျော်လွန်နေသော်လည်း ရေဝင်အရပ်မှပြည်သူများသည် နှစ်စဉ်ကြုံတွေ့နေသဖြင့် စိုးရိမ်မှုမရှိကြသော်လည်း သွားလာရေးခက်ခဲသဖြင့် ရွှေ့ပြောင်းနေထိုင်ခြင်းများလည်းရှိကြသည်။

ရေဝင်ကျေးရွာများမှ ပြည်သူအချို့သည် ရေလွတ်ရာဖြစ်သည့် နီးစပ်ရာဘုန်းတော်ကြီးကျောင်းများ၊ လေးအိမ်တန်းဆိပ်ကမ်းသို့သွားရောက်သည့် တာပေါင်ဘေးမှ ကျေးရွာများမှ အချို့သည်တာပေါင်ပေါ်တွင် ကျွဲ၊ နွားများဖြင့်လည်းကောင်း၊ ရေဝင်ရပ်ကွက်များမှ အချို့ပြည်သူများသည် ဘုန်းတော်ကြီးကျောင်းများ၊ မိမိအိမ်နှင့် နီးရာလမ်းဘေးများတွင်လည်းကောင်း ခေတ္တလာရောက်နေထိုင်လျက်ရှိကြသည်။ မြို့နယ်မှလည်း ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ ကူညီဆောင်ရွက်ပေးနေကြောင်း သိရသည်။

ထို့အပြင် မြစ်ရေဝင်ရောက်သည့် လျှပ်စစ်မီးရရှိသော အရပ်ဒေသများရှိ လျှပ်စစ်ဓာတ်အားပေးအိုးများကိုလည်း ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်အတွက် ဇူလိုင် ၂၇ ရက်မှ စတင်၍ပိတ်ထားရာ ဇူလိုင် ၃၁ ရက်အထိ လျှပ်စစ်ဓာတ်အားပေးအိုး ၁၂ လုံးကို ပိတ်ထားပြီးဖြစ်ကြောင်း သိရသည်။ ထို့အပြင် ရေဝင်ကျေးရွာများမှ ကျောင်းများကိုလည်း ခေတ္တပိတ်ထားရာ ဩဂုတ် ၁ ရက်အထိ ကျောင်းပေါင်း ၄၇ ကျောင်းရှိသွားပြီဖြစ်ကြောင်း သိရသည်။

ထိုပိတ်ထားသော လျှပ်စစ်ဓာတ်အားပေးအိုးများနှင့် ကျောင်းများအား မြစ်ရေကျဆင်း၍စိတ်ချရသည့်အချိန်၊ သွားလာရေးကောင်းမွန်သည့်အချိန်များတွင် ပြန်လည်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

ဥတုရာသီ တောကိုမှီ၏

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂ - ၈ - ၂၀၁၆ (အင်္ဂါနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညပိုင်း
၆း၀၀ အဖွင့်
မိုးလေ၀သအစီအစဉ်
တေးဂီတအစီအစဉ်
၆း၁၀ ကာတွန်းအစီအစဉ်
"Meet The Robinsons"
(အပိုင်း-၂)
၇း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"ရွှေရောင်လွှမ်းတဲ့ နေ့သစ်ဆီ
(အပိုင်း-၅၃)
၇း၄၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"ကိုယ့်ဘ၀ ကိုယ့်အိပ်မက်"
(အပိုင်း-၁၃)
၈း၂၀ MRTV Entertainment Music
၈း၄၀ စားဖိုးမှူး မိုးမိုးခိုင်
၈း၅၀ စုလျားရစ်ပတ်
ဘိသိက်မင်္ဂလာ
၉း၁၀ နိုင်ငံတကာရုပ်ရှင်
ဇာတ်ဝင်တေးများ
၉း၂၀ ပြည်သူ့နီတိ
"အတွင်းစိတ်"
၉း၄၀ တေးဂီတအစီအစဉ်
၉း၅၀ ဆံရစ်ဝိုင်းနဲ့ မိန်းကလေးများ
၁၀း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း
"နှစ်ကိုယ်ခွဲ ဇာတ်လမ်း"
၁၂း၀၀ အစီအစဉ်ပြီး၏

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏
ပရိတ်တရားတော်
၇း၃၅ လူမှုစီးပွားမြင်ကွင်းများ
၈း၃၅ ဥပဒေရေးရာအဖြာဖြာ
"ကျန်တဲ့ငွေပဲလွှဲပေးလိုက်ပါ"
၉း၃၅ မြန်မာ့ရုပ်မြင်သံကြား
လူငယ်အစီအစဉ်
၁၀း၃၅ မြန်မာ့ရုပ်မြင်သံကြား
ပညာရေးအစီစဉ်
၁၁း၁၅ "နိုင်ငံတော်ရဲ့အားမြန်မာ
အမျိုးသမီးရဲမေများ"
၁၁း၃၅ မျက်မှောက်ရေးရာသုံးသပ်စရာ
၁၂း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ
"မကြွေတဲ့နှင်းဆီ"(အပိုင်း-၄၇)
၁း၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ
"မင်္ဂလာပါ ဂင်ချီ"(အပိုင်း-၇၁)
၂း၂၀ Football Magazine
(ရောဝတီယူနိုက်တက်အသင်း)
၂း၄၀ ၂၀၁၆ ခုနှစ် အာဆီယံအမျိုးသမီး
ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ
တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
(ဆီမီးဖိုင်နယ်-၁) (ဩစတြေးလျ
အသင်းနှင့် ထိုင်းအသင်း)
၅း၀၀ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ
စကားဝိုင်း (စတော့အိတ်ချိန်းတွင်
အရင်းအနှီးမြှင့်တင်ခြင်းနှင့်
ရင်းနှီးမြှုပ်နှံခြင်း)
(အပိုင်း-၃)
၅း၄၀ ၂၀၁၆ ခုနှစ် အာဆီယံအမျိုးသမီး
ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ
တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
(ဆီမီးဖိုင်နယ်-၂) (ဗီယက်နမ်
အသင်းနှင့် မြန်မာအသင်း)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာ
သတင်း၊မိုးလေ၀သအခြေအနေ
CLMTV Festival of
Song,Dancc and Music 2016"
"လက်ဆင့်ကမ်းလို့မှုဝေ
ငြိမ်းချမ်းမှုပုံရိပ်တွေ"
၉း၀၀ ပြည်တွင်းသတင်း
Yes or No Talk Show
(Season-2)
-နိုင်ငံခြားဇာတ်လမ်းတွဲ
"မကြွေတဲ့နှင်းဆီ"(အပိုင်း-၄၈)
နိုင်ငံခြားဇာတ်လမ်းတွဲ
"အချစ်တဲ့လား"(အပိုင်း-၂၇)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်
၈း၄၅ ခရီးလည်းသွားစကားလည်းဆို
၉း၁၀ World Wide Web
၉း၄၅ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၁၀း၁၅ Books Guide
၁၀း၃၀ Guide For You
၁၀း၄၅ သီချင်းလက်ဆောင်
၁၁း၁၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
၁၁း၂၅ Sportcast
၁၁း၄၅ လူတိုင်းကျန်းမာသိမှတ်စရာ
၁၂း၀၀ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၁၂း၂၅ ကျန်းမာသုတ
၄း၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ အင်္ဂလိပ်စာသုတ
၄း၄၀ မြန်မာသံစဉ်ချိုနှားဝင်
၅း၀၀ Sport Review
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-မင်းသမီးနဲ့ကျွန်တော်
အပိုင်း(၄၃)
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-အရုဏ်ဦးရဲ့ချစ်ပန်းသခင်
အပိုင်း(၄၃)
၆း၁၀ Let's Go To
၆း၃၅ Dream Team ရဲ့စိန်ခေါ်မှုများ
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ချစ်သူတို့စိတ်ဝမ်း
အေးချမ်းပါစေ
အပိုင်း(၅၆)
-VOA အင်္ဂလိပ်စာသင်ခန်းစာ
-ဟာသရုပ်စုံ
-ယနေ့ညအတွက်မြဝတီ၏
တေးလက်ဆောင်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-အဏ္ဏဝါချစ်သူ အပိုင်း(၁၀)

### MRTV-4

၅း၀၀ ပဋ္ဌာန်းပါဠိတော် + မေတ္တာသုတ်
၅း၄၀ "ပဋိစ္စသမုပ္ပါဒ်သင်တန်း"
(အပိုင်း-၇) တရားတော်
[ဆရာတော်အရှင်သူရိယ
(ရှမ်းစုအောင်စကြာ)]
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ချစ်သူပေးတဲ့ ကတိစကား"
(အပိုင်း-၂၀)
၈း၀၀ "မင်္ဂလာပါ"
The Morning Show
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၁၅ သွားမယ်စားမယ်
(The Corriandar Leaf )
၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"သူရသတ္တိ မိန်းမလှလေး"
(အပိုင်း-၁)
၁၂း၃၅ အနုပညာမိုးကောင်းကင်
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"ကိုလူပျို" (အပိုင်း-၁၈)
၄း၀၅ Cartoon Series
(Welcome To Sky Ville)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ချစ်သူပေးတဲ့ ကတိစကား"
(အပိုင်း-၂၁)
၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"ကိုလူပျို"(အပိုင်း-၁၉)
၈း၁၀ ရသစုံညွှန်းတမ်းများ
၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အချစ်သစ္စာတည်စေသော်"
(အပိုင်း-၆၈)
၉း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"သူရတ္တိ မိန်းမလှလေး"
(အပိုင်း-၂)
၉း၄၅ အနုပညာမိုးကောင်းကင်
၁၀း၀၅ MRTV-4 Stage

# Season 8 တွင် အဆုံးသတ်တော့မည့် Game of Thrones ရုပ်သံဇာတ်လမ်းတွဲ

HBO ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသခဲ့ပြီး ပရိသတ်များအားပေးလက်ခံခဲ့ကြသည့် Game of Thrones ဇာတ်လမ်းတွဲကို season 8 တွင် အဆုံးသတ်သွားမည်ဖြစ်ကြောင်း HBO မှ တာဝန်ရှိသူတစ်ဦးက အတည်ပြု ပြောကြားလိုက်သည်။

"ကျွန်တော်တို့ Game of Thrones ဇာတ်လမ်းတွဲကို season 8 မှာ အဆုံးသတ်မှာပါ။ နောက်ထပ်လည်း ဇာတ်လမ်းတွေ အများကြီးထပ်တင်ဆက်ဖို့ အစီအစဉ်တွေရှိပါတယ်"ဟု HBO မှ တာဝန်ရှိသူတစ်ဦးက Entertainment Weekly သို့ ဇူလိုင် ၃၁ ရက်က ပြောကြားခဲ့ခြင်းဖြစ်သည်။

Game of Thrones ဇာတ်လမ်းတွဲကို ၂၀၁၁ ခုနှစ် ဧပြီလမှ စတင်ကာ HBO ရုပ်သံလိုင်းတွင် ထုတ်လွှင့်တင်ဆက်ပြသခဲ့ခြင်းဖြစ်ပြီး ယခုနှစ် ဇွန် ၂၆ ရက် အထိ season ခြောက်ခု တင်ဆက်ပြသခဲ့ပြီးဖြစ်ကာ season 7 ကို လာမည့် ၂၀၁၇ ခုနှစ် နှစ်လယ်တွင် ပြသသွားရန်စီစဉ်ထားပြီး ၂၀၁၈ ခုနှစ်တွင် ပြသမည့် season 8 တွင် အဆုံးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။



Game of Thrones ဇာတ်လမ်းတွဲသည် ပရိသတ်များ၏ တစ်ခဲနက်လက်ခံအားပေးမှုရရှိခဲ့ကာ အနုပညာဆိုင်ရာ ဆုများစွာကိုလည်း ဆွတ်ခူးရရှိခဲ့သည်။

(၆၇)ကြိမ်မြောက် Primetime Emmy Award ဆုပေးပွဲတွင် ဆုများ ဆွတ်ခူးရရှိခဲ့ကြသည့် Game of Thrones အဖွဲ့သားများကို တွေ့ရစဉ်။




# ဒရမ်မာဇာတ်ကားသစ်ဖြင့် ပရိသတ်ရင်ထဲ ထပ်မံရောက်ရှိလာဦးမည့် လီယောင်အေး

တောင်ကိုရီးယား နန်းတွင်းဇာတ်ကားတစ်ကားဖြင့် အာရှဒေသတစ်လွှားရှိ ပရိသတ်များရင်ထဲ စွဲငြိစေခဲ့သူ တောင်ကိုရီးယားမင်းသမီး လီယောင်အေးအနေဖြင့် လာမည့် အောက်တိုဘာလတွင် Saimdang, the Herstory ဟု အမည်ရှိ ဒရမ်မာဇာတ်ကားသစ်ဖြင့် ပရိသတ်များရင်ထဲ ထပ်မံရောက်ရှိလာဦးမည်ဖြစ်သည်။

ထို့ပြင် အသက်(၄၅)နှစ်အရွယ်ရှိ မင်းသမီး လီယောင်အေးသည် ဩဂုတ်လထုတ် Lifestyle မဂ္ဂဇင်းတစ်စောင်ဖြစ်သည့် J LOOK ၏ ဩဂုတ်လထုတ် စာအုပ်တွင် မျက်နှာဖုံးရှင်အဖြစ် ဖော်ပြခြင်းခံထားရပြီး ယင်းမဂ္ဂဇင်းတွင် လီယောင်အေး၏ အသားအရေထိန်းသိမ်းနည်းနှင့်ပတ်သက်ပြီး ဖော်ပြထားကြောင်း သိရသည်။

"ကျွန်မက အသားအရေထိန်းသိမ်းတဲ့ပစ္စည်းဆိုရင် ပစ္စည်းကောင်းတစ်မျိုးထဲကိုပဲ စွဲသုံးဖြစ်ပါတယ်။ ကျွန်မအသားအရေက အရမ်းအကောင်းကြီးထဲ မပါပါဘူး။ ဒါပေမယ့် ဂရုစိုက်ရပါတယ်"ဟု အဆိုပါမဂ္ဂဇင်းကို လီယောင်အေးက ဖြေကြားထားခဲ့သည်။

မျိုးစန္ဒာမောင် – စုစည်းသည်

# ပထမဆုံးအကြိမ် ပရိသတ်တွေ့ဆုံပွဲအတွက် အသေးစိတ်အချက်အလက်များ ထုတ်ပြန်ခဲ့သည့် Minzy

အမျိုးသမီးကေပေါ့ပ်အဖွဲ့ 2NE1 မှ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ Minzy က ၎င်း၏ပထမဆုံးအကြိမ် ကျင်းပမည့် ပရိသတ်တွေ့ဆုံပွဲနှင့်ပတ်သက်ပြီး အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

Minzy ၏ အေဂျင်စီသစ်ဖြစ်သည့် Music Works အင်န်တာတိန်းမန့်မှ ဩဂုတ် ၁ ရက်က ထုတ်ပြန်ကြေညာချက်အရ တေးသံရှင် Gong Minzy ၏ ပထမဆုံးအကြိမ် ပရိသတ်တွေ့ဆုံပွဲကို ဩဂုတ် ၁၃ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် Cheongdam Cine မြို့ရှိ The Private Cinema တွင် ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါ အခမ်းအနားတွင် ပရိသတ်အယောက် ၄၀ ဖြင့် စတင်ဖွင့်လှစ်မည်ဖြစ်ကာ ဝင်ကြေးအခမဲ့သတ်မှတ်ထားကြောင်း သိရသည်။

တေးသံရှင် Minzy အနေဖြင့် ပရိသတ်များနှင့်အရင်းနှီးဆုံး ဆုံတွေ့နိုင်မည့် ပွဲတစ်ပွဲအဖြစ်လည်း မျှော်လင့်ထားကြောင်းနှင့် တက်ရောက်လာကြသည့် ပရိသတ်တစ်ဦးချင်းစီအတွက် အမှတ်တရလက်ဆောင်များကိုလည်း စီစဉ်ထားကြောင်း အေဂျင်စီ၏ ကြေညာချက်အရ သိရသည်။

2NE1 မှ အဖွဲ့၏ အဓိကအကမယ်တစ်ဦးဖြစ်ခဲ့သူ Minzy သည် လွန်ခဲ့သည့် ဧပြီ ၅ ရက်က အဖွဲ့မှ ထွက်ခွာခဲ့ပြီး Music Works အင်န်တာတိန်းမန့်နှင့် လက်တွဲခဲ့ကာ မေလအတွင်းက တစ်ကိုယ်တော်အယ်လ်ဘမ်အတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။



# ပီလီနှင့် မာရာဒိုနာတို့ထက် မက်ဆီပိုကောင်းကြောင်း ပုပ်ရဟန်းမင်းကြီးဖရန်ဆစ် ပြောကြား



ဘာစီလိုနာစူပါစတား တိုက်စစ်မှူး လီယွန်နယ်မက်ဆီသည် ဘောလုံးသမိုင်းတွင် အကောင်းဆုံးကစားသမားတစ်ဦး ဖြစ်ကြောင်း ကက်သလစ်ဘုရားကျောင်း၏ အကြီးအကဲတစ်ဦးဖြစ်သူ ပုပ်ရဟန်းမင်းကြီး ဖရန်ဆစ်က ၎င်း၏ ယုံကြည်ချက်ကို ဖွင့်ဟပြောကြားခဲ့သည်။

တိုက်စစ်မှူး မက်ဆီသည် ကမ္ဘာ့အကောင်းဆုံးကစားသမားကို ပေးအပ်ချီးမြှင့်သည့် ဘလွန်းဒီအောဆုကို ငါးကြိမ်အထိ ဆွတ်ခူးနိုင်ခဲ့သည့်ကစားသမားလည်း ဖြစ်သည်။ ထို့ပြင် ဘာစီလိုနာအသင်းအတွက်ရော အာဂျင်တီးနားအသင်းအတွက်ပါ အချိန်တိုင်း ထိပ်တန်းဂိုးသွင်းရှင်ဖြစ်ခဲ့ခြင်းကြောင့် လက်ရှိရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုကိုကျော်ဖြတ်နိုင်ခဲ့သည့်အပြင် ယခင်က ကမ္ဘာ့ဘောလုံးလောကတွင် အကောင်းဆုံးဟုသတ်မှတ်ခံခဲ့ရသည့် ပီလီနှင့် ဒီယေဂိုမာရာဒိုနာတို့ထက်ပင် မက်ဆီက ပိုကောင်းကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

“ကျွန်တော့်အတွက်တော့ မက်ဆီဟာ ပီလီနဲ့ မာရာဒိုနာတို့ထက် ပိုကောင်းပါတယ်”ဟု ကမ္ဘာ့လူငယ်များနေ့အခမ်းအနားသို့ တက်ရောက်လာသည့် အမျိုးသားများနှင့် အမျိုးသမီးများအား ပုပ်ရဟန်းမင်းကြီး ဖရန်ဆစ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူးမက်ဆီသည် အမေရိကန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၁၆ ကိုပါအမေရိကဖလားပြိုင်ပွဲတွင်မူ နောက်ဆုံးဗိုလ်လုပွဲ၌ ချီလီအသင်းအား ပင်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပြီးတွင် အာဂျင်တီးနားလက်ရွေးစင်ကစားသမားဘဝမှ အနားယူလိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့သူဖြစ်သည်။

ယင်းသို့ အာဂျင်တီးနားလက်ရွေးစင်ကစားသမားဘဝမှ အနားယူကြောင်းကြေညာခဲ့သော်လည်း ကလပ်အသင်းအတွက် အကောင်းဆုံးစွမ်းဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ဘာစီလိုနာအသင်းက ဆဲလ်တစ်အသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် နိုင်ငံတကာချန်ပီယံဖလားပွဲစဉ်တွင်မူ တိုက်စစ်မှူးမက်ဆီသည် ဘာစီလိုနာအသင်းနှင့်အတူ ပါဝင်ကစားခဲ့သည်။

တိုက်စစ်မှူး မက်ဆီသည် ဘာစီလိုနာအသင်းနှင့်အတူ ပွဲပေါင်း ၃၄၈ ပွဲကစားပေးခဲ့ရာတွင် ၃၁၂ ဂိုးသွင်းယူပေးထားနိုင်ခဲ့ပြီး အာဂျင်တီးနားအသင်းအတွက်မူ ပွဲပေါင်း ၁၁၃ ပွဲတွင် သွင်းဂိုး ၅၅ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ဒီယေဂိုမာရာဒိုနာသည် ကစားသမားဘဝတွင် ဘာစီလိုနာအသင်း၊ နာပိုလီအသင်းနှင့် ဆီဗီလာအသင်းတို့အပါအဝင် ကလပ်အသင်းခုနစ်သင်းတွင် ပါဝင်ကစားခဲ့ဖူးပြီး ပွဲစဉ်စုစုပေါင်း ၄၉၁ ပွဲကစားခဲ့ကာ သွင်းဂိုး ၂၅၉ ဂိုးသွင်းယူနိုင်ခဲ့သည်။ အာဂျင်တီးနားအသင်းအတွက်မူ ၉၁ ပွဲတွင် ၃၄ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဘရာဇီးဂန္ထဝင်ကစားသမား ပီလီမှာမူ ဆန်းတို့စ်အသင်းနှင့် နယူးယောက်ကော့မို့စ်အသင်းတို့နှင့်အတူ ပွဲပေါင်း ၆၉၄ ပွဲပါဝင်ကစားခဲ့ကာ သွင်းဂိုး ၆၅၀ သွင်းယူပေးနိုင်ခဲ့ပြီး ဘရာဇီးအသင်းအတွက်လည်း ၉၁ ပွဲတွင် ၇၇ ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။ **(ငွေကြယ်)**

## ဂွါဒီယိုလာကို ဝေဖန်ခဲ့တဲ့ ရီဘာရီ



ဘိုင်ယန်တောင်ပံတိုက်စစ်မှူး ဖရန့် ရီဘာရီက ဘိုင်ယန်မြူးနစ်အသင်းနည်းပြဟောင်း ဂွါဒီယိုလာဟာ အတွေ့အကြုံနည်းပါးသူဖြစ်တာကြောင့် တစ်ခါတစ်ရံမှာ မလိုအပ်ဘဲ စကား တွေအများကြီး ပြောနေတတ်သူလို့ ဝေဖန်ခဲ့ပါတယ်။ အသက်(၃၃)နှစ်အရွယ်ရှိ ရီဘာရီဟာ ဂွါဒီယိုလာနဲ့ ဆက်ဆံရေးမပြေလည်တဲ့သူဆိုတာ အားလုံးသိထားတာကြောင့် မန်စီးတီးကို ဂွါဒီယိုလာ ပြောင်းရွှေ့ သွားခဲ့ခြင်းက ရီဘာရီအတွက် အကျပ်အတည်းက လွတ်မြောက်သွားခဲ့တယ်လို့ မီဒီယာတွေကလည်း ရေးသားဖော်ပြပါတယ်။

ဂွါဒီယိုလာက ဘာစီလိုနာနဲ့ လေးနှစ်အတွင်းဖလား ၁၄ လုံးဆွတ်ခူးခဲ့သလို ဘိုင်ယန်မှာလည်း သုံးနှစ်အတွင်း ဖလားခုနစ်လုံး ရယူပေးနိုင်ခဲ့ပေမယ့် ရီဘာရီကတော့ သူနဲ့အဆင်မပြေတဲ့ ဂွါဒီယိုလာကို အခုလို ဝေဖန်ခဲ့တာဖြစ်ပါတယ်။ ဆက်လက်ပြီး ရီဘာရီက နည်းပြသစ် အန်စလော့တီက အတွေ့အကြုံကြွယ်ဝသူဖြစ်တာကြောင့် ဂွါဒီယိုလာထက် ပိုပြီးတည်ငြိမ်သူလို့ ချီးကျူးခဲ့ပါတယ်။

ဒါပေမယ့် ဘိုင်ယန်ဥက္ကဋ္ဌ ရူမင်နစ်ဂ်ကတော့ “ကျွန်တော်တို့အသင်းက သူ( ဂွါဒီယိုလာ)နဲ့အတူ အောင်မြင်မှုတွေအများကြီး ရယူနိုင်ခဲ့တယ်။ ကျွန်တော်တို့ သူ့ဆီက အတွေ့အကြုံတွေလည်း အများကြီးရရှိခဲ့တယ်။ ဒါ့ကြောင့် သူ့ကို အပြစ်ရှာပြီး လိုက်ပြောနေလို့ အဆင်မပြေပါဘူး” လို့ ဘာဘာရီယန် ရုပ်မြင်သံကြားနဲ့ အင်တာဗျူးမှာ ထည့်သွင်းဖြေကြားခဲ့ပါတယ်။ **(ရှိုင်းယန်ဟောဒင်)**

## ဆွမ်ဆီးနောက်ခံလူ ဖာနန်ဒက်ဇ်အား ခေါ်ယူရန်အာဆင်နယ်ပစ်မှတ်ထားနေ

အာဆင်နယ်အသင်းသည် အသင်း၏ ခံစစ်ပိုင်းတွင် မာတီဆက်ကာဒဇ်ရာရရှိနေခြင်းကြောင့် ဆွမ်ဆီး ဗဟိုခံစစ်မှူး ဖာနန်ဒက်ဇ်အား ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိပြီး ပေါင် ၁၀ သန်းဖြင့် ရရှိမည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

အာဂျင်တီးနားနောက်တန်းကစားသမား ဖာနန်ဒက်ဇ်သည် ၂၀၁၄ ခုနှစ်အတွင်းက ဆွမ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ရှစ်သန်းဖြင့် ရောက်ရှိလာခဲ့ပြီး နာပိုလီအသင်းတွင်လည်း သုံးနှစ်ကြာပါဝင်ကစားခဲ့သူဖြစ်သည်။ ဆွမ်ဆီးအသင်းသည် ဖာနန်ဒက်ဇ်အား ယခုအပြောင်းအရွှေ့တွင် ရောင်းချမည်ဆိုပါက ပေါင် ၁၀ သန်း ရရှိမှ ရောင်းချမည်ဟုလည်း ဆိုထားသည်။

ဆွမ်ဆီးအသင်းသည် ယခုအပြောင်းအရွှေ့တွင် ဗဟိုခံစစ်မှူးဖြစ်သည့် မိုက်ဗန်ဒါဟွမ်းကို အေဂျက်စ်အသင်းမှ ခေါ်ယူထားခဲ့ပြီး ကဲလီဘာလေကို လိစ်ဒ်အသင်းသို့ ကာလရှည်အငှားချထားခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။ **(ငွေကြယ်)**

## အာဆင်နယ်ပစ်မှတ် လာကာဇက်တီကို စာချုပ်သက်တမ်းတိုးရန် လိုင်ယွန်လိုလား



လိုင်ယွန်တိုက်စစ်မှူး လာကာဇက်တီမှာ ပြီးခဲ့သည့် ဘောလုံးရာသီအတွင်း လိဂ်သွင်းဂိုး (၂၁)ဂိုး သွင်းယူနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်နှင့် နာပိုလီအသင်းများမှ ဆက်သွယ်ကမ်းလှမ်းလာခဲ့ရာ လိုင်ယွန်အသင်းကလည်း ၎င်းတို့အသင်း၏ တိုက်စစ်မှူးကို ဆက်လက်ထိန်းထားရန် စာချုပ်သစ်ကမ်းလှမ်းသွားရန်ရှိကြောင်း လိုင်ယွန်အသင်းဥက္ကဋ္ဌ အော်လက်စ်၏ ပြောကြားချက်ကို ကိုးကား၍ ဂိုးလ်ဒေါ့ကွန်းက ဖော်ပြသည်။

လာကာဇက်တီအတွက် အာဆင်နယ်မှ ကနဦးအဖြစ် ယူရို ၃၅ သန်းဖြင့် စတင်ကမ်းလှမ်းခဲ့သော်လည်း လိုင်ယွန်ဘက်မှ ပယ်ချခဲ့သည်ဟု လိုင်ယွန်တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့သည်။

“ကျွန်တော်တို့အသင်းရဲ့ အရေးကြီးဆုံးကစားသမားထဲမှာ လာကာဇက်တီက ထိပ်ဆုံးကပါ ပါတယ်။ ဒါ့ကြောင့် သူ့ကို စာချုပ်သစ်ကမ်းလှမ်းဖို့ ပြင်ဆင်ပါတော့မယ်”ဟု အော်လက်စ်က ဆိုသည်။ လာကာဇက်တီနှင့် လိုင်ယွန်အသင်းတို့ လက်ရှိစာချုပ်မှာ ၂၀၁၉အထိ သက်တမ်းရှိသော်လည်း အသင်းကြီးများမှ ချိတ်ဆက်ကမ်းလှမ်းလာမှုကြောင့် အလျင်အမြန် စာချုပ်သက်တမ်းတိုးရန် ပြင်ဆင်လာခြင်းဖြစ်သည်။

လိုင်ယွန်အသင်းမှ ထွက်မည်ဟု နောက်ထပ်သတင်းကြီးနေသော ကစားသမားမှာ ဂက်ဇယ်လ်ဖြစ်ပြီး ၎င်းအား ပီအက်စ်ဂျီနှင့် လီဗာပူးတို့မှ ဆက်သွယ်နေခြင်းဖြစ်သည်။ အယ်လ်ဂျီးရီးယားကြယ်ပွင့် ဂက်ဇယ်လ်မှာ ပြီးခဲ့သည့်ရာသီက သွင်းဂိုးရှစ်ဂိုးအပြင် ဂိုးဖန်တီးမှုမြောက်မြားစွာ ပြုလုပ်နိုင်ခဲ့ရာ လာကာဇက်တီနှင့်အတူ လိုင်ယွန်မှ ထွက်ခွာနိုင်သည့် ကစားသမားတစ်ဦးအဖြစ် ထင်ကြေးပေးမှုများ မြင့်တက်နေခြင်းဖြစ်သည်။ **(ရှိုင်းယန်ဟောဒင်)**

## မန်စီးတီးကို ရောက်ရှိဖို့ သေချာသလောက်ရှိနေတဲ့ ဆာနီ

ရှော်ကေး တောင်ပံတိုက်စစ်မှူး ဆာနီ မန်ချက်စတာမြို့တွင် ရောက်ရှိနေသည့် ဓာတ်ပုံကို သတင်းထောက်များက အမိအရရိုက်ကူးနိုင်ခဲ့သဖြင့် ဆာနီမှာ မန်စီးတီးသို့ သေချာပေါက်ရောက်ရှိတော့မည်ဟူသော သုံးသပ်ချက်များလည်း ပေါ်ထွက်လာခဲ့သည်။ ဆာနီမှာ မန်စီးတီးနည်းပြ ဂွါဒီယိုလာ၏ ကာလကြာရှည် ပစ်မှတ်ကစားသမားဖြစ်ပြီး ရှော်ကေးတာဝန်ရှိသူများကလည်း ယခုနှစ်နွေတွင် ဆာနီအသင်းမှ ထွက်ခွာရန် သေချာသည်ဟု ဇူလိုင်လဆန်းပိုင်းကပင် ဝန်ခံထားပြီးဖြစ်သည်။

သို့သော် ဇူလိုင်လလယ်ပိုင်းကစပြီး ရှော်ကေးနှင့် မန်စီးတီးအသင်းကြား ချိတ်ဆက်မှုများ ရပ်ဆိုင်းသွားခဲ့ရာ ရှော်ကေးအသင်းတာဝန်ရှိသူများက မန်စီးတီးအနေဖြင့် ဆာနီကို အလိုရှိပါက ဇူလိုင် ၃၁ ရက် နောက်ဆုံးထား၍ ပြန်လည်ဆက်သွယ်ရန် သတိပေးခဲ့ပြီးနောက် ဆာနီ၏အပြောင်းအရွှေ့မှာ ပြန်လည်အသက်ဝင်လာခဲ့ခြင်းဖြစ်သည်။ ရှော်ကေးအားကစား ဒါရိုက်တာ ခရစ္စတန် ဟိုင်ဒဲလ်နှင့် မန်စီးတီးတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးအပြီးတွင် ဆာနီ အပြောင်းအရွှေ့အတွက် အလုံးစုံ သဘောတူညီချက်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဆာနီမှာ မန်ချက်စတာမြို့ရှိ ရာဒီဆန်ဘလူးဟိုတယ်ရှေ့တွင် ဓာတ်ပုံအရိုက်ခံခဲ့ရပြီးနောက် ဆာနီ၏ အပြောင်းအရွှေ့ကိစ္စရပ်မှာ သေချာသွားခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် တရုတ်ခြေစမ်းခရီးစဉ်အတွင်း ရှန်ဟိုင်းမြို့၌ ဘိုင်ယန်မြူးနစ်အသင်းနှင့်သာ ခြေစမ်းခဲ့ရပြီး ရာသီဥတုဆိုးရွားမှုကြောင့် ဘေဂျင်းမြို့ မန်ယူအသင်းနှင့် ခြေစမ်းပွဲကို ဖျက်သိမ်းခဲ့ရသည်။ မန်စီးတီးအသင်းသည် ဩဂုတ် ၁ ရက်မွန်းလွဲပိုင်းတွင် ဥရောပခြေစမ်းပွဲ ခရီးစဉ်အတွက် ဩစတြီးယားနိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။ **(ရှိုင်းယန်ဟောဒင်)**

# ဆိုးရွားစွာပျက်စီးနေသော ရွှေသောင်ယံဆိပ်ကြီးလမ်းပိုင်းအားပြုပြင်ပေးရန်ပြည်သူများလိုလား



**ရွှေသောင်ယံ ဩဂုတ် ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နှင့်တိုင်းဒေသကြီး မြို့တော်ပုသိမ်သို့ ဆက်သွယ်သော (၁၄)မိုင်(၆)ဖာလုံရွှေသောင်ယံဆိပ်ကြီး အမြန်ကားလမ်းပိုင်းသည် မိုးတွင်းကာလတစ်လျှောက် ရွှံ့ညွံ့များ၊ ချိုင့်များဖြင့် ပျက်စီးလျက်ရှိရာ ဒေသခံတို့၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စတို့တွင် တိုင်းဒေသကြီး မြို့တော်ပုသိမ်နှင့်လည်းကောင်း အခြားသောမြို့များနှင့်လည်းကောင်း၊ ကူးသန်းဆက်သွယ် သွားလာရာတွင် အခက်အခဲများစွာ ကြုံတွေ့ရသည်။

အရေးပေါ်လူနာတင်ယာဉ်များမှာလည်း အဆိုပါလမ်းမှအချိန်မီ ပို့ဆောင်ရာတို့တွင် ကြန့်ကြာမှုများ မကြာခဏ ဖြစ်ပေါ်လျက်ရှိသည်။ တစ်ဖန်ချောင်းသာမှတစ်ဆင့် ပုသိမ်မြို့နှင့်အခြားသော မြို့ရွာများသို့ ဆက်သွယ်၍ရသော လမ်းကြောင်းတွင်မူ အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၃)ရပ်ကွက်သို့ ဇက်ဖြင့်ကူး၍သွားလာရသော ပင်လယ်ပေါက်ချောင်းတစ်ခုအား ဆက်သွယ်သွားလာရာတွင် ကားကူးဇက်မှာအချိန်မှန်ကန်မှုမရှိခြင်းတို့ကြောင့် အခြေခံလူတန်းစားများဖြစ်သော ဒေသခံပြည်သူများအဖို့ အခက်အခဲများစွာကြုံတွေ့ရသည်။

ရွှေသောင်ယံဆိပ်ကြီး လမ်းပိုင်းအား ဒေသခံပြည်သူများမှ မကြာခဏ ပြုပြင်မှုများ ပြုလုပ်ပါသော်လည်း တစ်ပိုင်တစ်နိုင်အားဖြင့် ထိရောက်ကောင်းမွန်ခြင်း မရှိသည့်အတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူချောမွေ့စေရန် ရွှေသောင်ယံဆိပ်ကြီးလမ်းပိုင်းကို ပြုပြင်ပေးရန် ပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကားလမ်းပိုင်းကောင်းမွန်ပါက မြို့ပေါ်ရပ်ကွက်များနှင့်အုပ်စုနှစ်စုရှိ ကျေးရွာပေါင်း ၁၄ ရွာရှိ ဒေသခံပြည်သူများ၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးအခက်အခဲတို့တွင် များစွာအဆင်ပြေချောမွေ့နိုင်ကြောင်း ယင်းဒေသခံများက ပြောသည်။

**ကိုကိုမောင်(ပြန်/ဆက်)**

# လယ်ဝေးမြို့နယ်တွင်ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုကောင်းမွန်စေရန်ပြည်သူ့အသံနားထောင်ပွဲကျင်းပ

**လယ်ဝေး ဩဂုတ် ၁**

ပြည်ထောင်စုနယ်မြေ ဒက္ခိဏခရိုင်လယ်ဝေးမြို့နယ် သီရိမင်္ဂလာခန်းမတွင် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်လွှမ်းခြုံမှု ကောင်းမွန်စေရန် ပြည်သူ့အသံနား ထောင်ပွဲကျင်းပခဲ့သည်။

အခမ်းအနားတွင် လယ်ဝေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်က အဖွင့်အမှာစကား ပြောကြားပြီး နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံအုပ်ကြီး ဒေါက်တာသီတာလှက ဆေးရုံများတွင် ကုသရေးဆိုင်ရာများတိုးမြှင့်ဆောင်ရွက်ပေးနေမှုများအား ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာလှလှကြည်က ပြည်သူ့ကျန်းမာရေးနှင့်ရောဂါကာကွယ်နှိမ်နင်းရေး၊ ကျန်းမာရေးဝန်ကြီးဌာနမှဆောင်ရွက်ပေးနေသည့် ငါးမျိုးစပ်ကာကွယ်ဆေးများ၊ မိခင်သေနှုန်းကျဆင်းရေးအတွက် ဆောင်ရွက်ပေးနေမှုများ၊ကျေးလက်ဒေသများတွင် ငှက်ဖျားပိုးစစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ လယ်ဝေးမြို့နယ်အတွင်း GAVI ၏ ထောက်ပံ့မှုဖြင့် ဆောင်ရွက်နေသည့်လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် လယ်ဝေးမြို့ ခုတင် ၁၀၀ ဆေးရုံအုပ်ကြီးဒေါက်တာတိုးမောင်က ခုတင် ၁၀၀ ဆေးရုံတွင် ပြည်သူ့ကျန်းမာရေးအခမဲ့ စောင့်ရှောက်မှုပေးနေသည့်လုပ်ငန်းများကို လည်းကောင်းရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့်ပြည်သူများက ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များအား တင်ပြဆွေးနွေးရာ ခုတင် ၁၀၀၀ ဆေးရုံအုပ်ကြီးနှင့် နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးတို့က ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

**ကျော်စွာ(လယ်ဝေး)**

## တောရိုပ်ခိုနေ အပန်းပြေ၏

# မှူခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

**နမ့်စန် ဩဂုတ် ၁**

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်တွင် မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိလိုက်နာနိုင်ရန်အတွက် အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၃၀ ရက် ညနေ ၃ နာရီက အမှတ်(၃)ရပ်ကွက် မြို့မဈေးအနီး ဆတိုးဆုတောင်းပြည့် ဘုန်းတော်ကြီးကျောင်းဝင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်သိန်းက မြို့နယ်အတွင်း မှုခင်းကျဆင်းရေးဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးအန္တရာယ် ဆိုးကျိုးများနှင့် ကြိုတင်ကာကွယ်ရေးတို့ကို ပညာပေး ဟောပြောခဲ့ပြီး အမှတ်(၁၁၅)ယာဉ်ထိန်းရဲ တပ်ဖွဲ့စု (လွိုင်လင်) မှ တပ်ဖွဲ့စုမှူး ရဲအုပ်ကျော်မျိုးဇင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ၊ ယာဉ်တိုက်မှုဖြစ်ပွားစေသည့် အကြောင်းရင်းများ၊ မော်တော်ဆိုင်ကယ်စီးသူနှင့် ခြေကျင်လျှောက်သူများ လိုက်နာရန် စည်းကမ်းများကို ပညာပေးဟောပြောခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာမှုကြောင့် ယာဉ်တိုက်မှုဖြစ်ပွားပုံ၊ လမ်းဖြတ်ကူးစဉ်နှင့် ယာဉ်မောင်းစဉ် ဖုန်းအသုံးပြုခြင်း၏ အန္တရာယ်ကြီးပုံများကို Projector ဖြင့် စိတ်ဝင်စားဖွယ်ရာ ပြသပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြတ်မိုးဆန်းက သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားစေသော အကြောင်းအရင်းများနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းတို့ကို ပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ၊ ဈေးသူဈေးသားများ ၊ ဆိုင်ကယ် TAXI မောင်းသူများနှင့် စိတ်ဝင်စားသူပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**

# မိုးရွာခြင်းနှင့် မြစ်ရေကြီးခြင်းတို့ကြောင့် မြင်းမူမြို့ ဘုရင့်နောင်ရပ် ကမ်းနားလမ်းတွင် ရေကာတာပြိုကျ

**မြင်းမူ ဩဂုတ် ၁**

မြင်းမူမြို့ ဘုရင့်နောင်ရပ် ကမ်းနားလမ်း ရေလည်သောင်ဇရပ်ရှေ့ရှိ ရေကာတာမှ အကျယ် ၁၅ ပေခန့်မှာ ဇူလိုင် ၃၁ ရက် နံနက်ပိုင်းတွင် ပြိုကျခဲ့ပြီး ထပ်မံပြိုကျနိုင်ဖွယ်ရှိကြောင်း ဒေသခံများက ပြောသည်။

"ဒီနေ့မနက်အစောကြီး ဝုန်းဆိုတဲ့အသံကြားလိုက်ရတယ်။ နာရီကြည့်လိုက်တော့ ၅ နာရီ မိနစ် ၂၀ ရှိပြီ။ အိမ်အပြင်ထွက်ကြည့်လိုက်တော့ ရေလည်သောင်ဇရပ်ရှေ့က ရေကာတာပြိုကျနေတာ တွေ့လိုက်ရတယ်" ဟု အမျိုးသမီးတစ်ဦးက ပြောသည်။

ရေကာတာပြိုကျရာနေရာသို့ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီလာလွင်၊ မြင်းမူမြို့မရဲစခန်းမှူး ဒုရဲမှူးစိုးမြင့်နှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ဒုဦးစီးမှူး ဦးဝေမင်းထွန်းတို့ လာရောက်စစ်ဆေးခဲ့သည်။ ပြိုကျရာနေရာသို့ မြင်းမူမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်သန္နေတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ ဒုတပ်ရင်းမှူးဦးစိုးမင်းအောင်နှင့်တပ်ဖွဲ့ဝင်များ၊ ထွေအုပ်ဝန်ထမ်းများ၊ မြတ်သုခကျန်းမာရေးနှင့်လူမှုကူညီရေးအသင်းမှ အသင်းသားများပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြိုကျသွားသည့်နေရာတွင် သဲအိတ်များချသွားမည်ဖြစ်ကြောင်းသိရသည်။

"စောင်းတန်းထိပ်ကနေ မြစ်ဆိပ်သွားတဲ့ လမ်းတည့်တည့်ထိပ်မှာ ကုန်တင်သင်္ဘောကြီး တစ်စင်းလာကပ်ပါတယ်။ အဲဒီသင်္ဘောက ကုန်တွေကို ခြောက်ဘီးကားနဲ့ တိုက်ယူနေပါတယ်။ ရေကာတာဘေးရပ်ပြီး ကုန်တင်မောင်းနေတာ ရေကာတာပြိုကျမှာကို စိုးရိမ်နေရပါတယ်။ ဒါကိုတာဝန်ရှိသူတွေ ကြပ်ကြပ်မတ်မတ် ကိုင်တွယ်သင့်ပါတယ်"ဟု ယင်းအနီးနေထိုင်သူတစ်ဦးက ၎င်း၏အမြင်ကို ပြောပြသည်။

ယင်းနေ့ နံနက် ၆ နာရီတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ၁၁၇၈ စင်တီမီတာသို့ရောက်ရှိနေပြီး ဇူလိုင် ၃၀ ရက် ညနေ ၆ နာရီ တိုင်းထွာချက်အရ ၁၁၆၈ စင်တီမီတာအထက် ၁၀ စင်တီမီတာ ကျော်လွန်ခဲ့သည်။ မြင်းမူမြို့၏ စိုးရိမ်ရေမှတ်မှာ ၁၁၅၀ စင်တီမီတာဖြစ်ကြောင်း သိရသည်။(၆၂၄)



# အမှိုက်စို၊ အမှိုက်ခြောက် စနစ်တကျခွဲခြားစွန့်ပစ်မှုနှင့် သိမ်းဆည်းပေးမှု ညှိနှိုင်းဆွေးနွေး

**ရန်ကုန် ဩဂုတ် ၁**

ရန်ကုန်မြောက်ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ခရိုင်မှူးဦးသန်းထိုက်အောင်၏ စီစဉ်မှုဖြင့် ဒုတိယခရိုင်မှူး ဦးအောင်ကျော်စိုးနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၃၀ ရက် မွန်းလွဲပိုင်းက မင်္ဂလာဒုံမြို့နယ်(ပလရ) ပြန်လည်နေရာချထားရေး ရပ်ကွက်အပိုင် ဘောဂရပ်ကွက်သို့လာရောက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ အိမ်ရှင်မများ၊ အိမ်ထောင်ဦးစီးများအား တွေ့ဆုံကာ အမှိုက်အစိုအခြောက်ခွဲခြားစွန့်ပစ်ရေးနှင့် စနစ်တကျသိမ်းဆည်းပေးရေး အမှိုက်သိမ်းဆည်းပေးသည့် ဆောင်ရွက်ခ တစ်ရက်လျှင် ၁၀ ကျပ်နှုန်းနှင့် တစ်လကျပ် ၃၀၀၊ သုံးလတာအတွက် ကျပ် ၉၀၀ ကောက်ခံသွားမည့် အခြေအနေများအား ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

"အမှိုက်အစို၊ အခြောက် ခွဲခြားစွန့်ပစ်ဖို့နဲ့ အနံ့လုံ၊ အရည်လုံအိတ်တွေအလိုရှိတဲ့ အချိန် အလွယ်တကူ ဝယ်ယူလို့ရအောင်နဲ့ အချိန်မှန်မှန်မပျက်မကွက် လာသိမ်းဖို့ အဓိက လိုအပ်ပါတယ်။ အခွန်ပေးဆောင်ဖို့ကလည်း ကျွန်မတို့ တာဝန်ဖြစ်ပါတယ်" ဟု ရပ်ကွက်နေ အိမ်ရှင်မတစ်ဦးဖြစ်သူ ဒေါ်ဥမ္မာက ပြောသည်။

ဘောဂရပ်ကွက်သည် အမှတ်(၁) လမ်းမကြီးနှင့် အမှတ်(၃)လမ်းမကြီးကြားတွင်တည်ရှိပြီး အိမ်ခြေ ၄၂၀ ကျော်နှင့် လူဦးရေ ၁၇၀၀ ကျော်ခန့် နေထိုင်ကြကာ အမှိုက်စနစ်တကျစွန့်ပစ်မှုရှိမှသာ ပတ်ဝန်းကျင်သာယာလှပပြီး ရောဂါဘယကင်းဝေးစေမည်ဖြစ်သည်။ ၅၉၇

# မြို့နယ်သစ်တောဦးစီးဌာနမှ ကျေးရွာများအရောက် ပျိုးပင်များအခမဲ့ဖြန့်ဝေ

**မတ္တရာ ဩဂုတ် ၁**

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်သစ်တောဦးစီးဌာနမှ ဒေသတွင်းစိမ်းလန်းစိုပြည်ရေး ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုတွင် အထောက်အကူဖြစ်ရေး၊ ဒေသခံပြည်သူများ အရိပ်ရစေရေးနှင့် ပြည်သူများ ကိုယ်တိုင်စိုက်ပျိုးခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်လာစေရန်ရည်ရွယ်၍ဇူလိုင် ၃၀ ရက်က ကျောက်စရစ်(တောင်)ကျေးရွာနှင့် ကျောက်စရစ်(မြောက်)ကျေးရွာများသို့ ပျိုးပင်များ ဖြန့်ဝေပေးခဲ့သည်။

ယင်းသို့ဖြန့်ဝေရာတွင် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးသန်းကျော်နှင့်ဝန်ထမ်းများက မဟော်ဂနီပင် ၂၀၀၊ ကျွန်းပင် ၂၀၀၊ ပိတောက်ပင် ၂၀၀၊ လျှော်ဖြူပင် ၂၀၀၊ ရေတမာပင် ၁၀၀၊ ခရေပင် ၁၀၀၊ ယင်းမာပင် ၁၀၀ နှင့် ပျဉ်းကတိုးပင် ၁၀၀ စုစုပေါင်း ပျိုးပင် ၁၂၀၀ ကို ကျေးရွာနေပြည်သူများလက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့သည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# လေပြင်းတိုက်ခတ်မှုကြောင့် မူလတန်းကျောင်းစာသင်ဆောင် အမိုးများပျက်စီး

**တောင်တွင်းကြီး ဩဂုတ် ၁**

တောင်တွင်းကြီးမြို့နယ် ကုလားမအုပ်စုသက္ကယ်မြောင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း စာသင်ဆောင် (၉၀×၃၀×၁၅)ပေမှာ ဇူလိုင် ၃၀ ရက် ညနေ ၄ နာရီခွဲခန့်က လေပြင်းတိုက်ခတ်မှုဒဏ်ကြောင့် ၁၃ ပေသွပ် ၃၆ ချပ်၊ ၁၂ ပေသွပ် ၃၈ ချပ်၊ ၈ ပေသွပ် ၃၈ ချပ်စုစုပေါင်း ငွေကျပ်လေးသိန်းဖိုးခန့် အမိုးလန်ပျက်စီးသွားကြောင်း သိရသည်။

ယင်းစာသင်ကျောင်းဆောင်အား ကျေးရွာပြည်သူများ စုပေါင်းထည့်ဝင်ငွေ ကျပ်သိန်း ၃၀ ဖြင့် ၂၀၁၃ ခုနှစ်က ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီးလေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ ၅၈၀

# ဧရာဝတီမြစ်ရေဝင်ကျေးရွာများသို့ ထမင်းထုပ်၊ ရေသန့်နှင့် ခေါက်ဆွဲခြောက်များ သွားရောက်ပေးဝေ



**မတ္တရာ ဩဂုတ် ၁**
ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်ရှိ မြစ်ရေဝင်ရောက်သော ကျေးရွာများတွင် ရေနစ်မြုပ်မှုဒဏ်ခံစားနေရသော ပြည်သူများထံသို့ ထမင်းထုပ်များ၊ သောက်ရေသန့်ဘူးများနှင့် ခေါက်ဆွဲခြောက်ထုပ်များကို ဇူလိုင် ၃၀ ရက်က သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ထောက်ပံ့မှုတွင် အဝါရောင်လမ်းကလေးပရဟိတအဖွဲ့၏ လှူဒါန်းထောက်ပံ့မှု၊ သုခကာရီ လူငယ်ဆွမ်းလောင်းအသင်း၏ လုပ်အားဒါနဖြင့် ပန်းယျကျေးရွာအုပ်စု ညောင်ပင်ရွာ၊ ငုတ်တုပ်တောတန်း၊ သစ်ပုပ်ပင်ရွာနှင့် တုန်ကုန်းကျေးရွာရှိ အုတ်စက်များသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ပါတီဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ အကူအညီဖြင့် နေအိမ်များအရောက် စက်လှေများဖြင့်သွားရောက်ထောက်ပံ့ခဲ့ကြသည်။

"အခုနှစ်ရေဝင်ရောက်မှုမှာ ၂၀၀၉ ခုနှစ် ရေဝင်တုန်းကထက် ပိုများပါတယ်။ မနေ့က လမ်းကိုရေမကျော်သေးပါဘူး။ ဒီနေ့မနက်ပိုင်းမှ ရေကျော်တာပါ။ မြေနိမ့်ပိုင်းဘက်က အိမ်တွေကတော့ ရေလွတ်ရာကို ပြောင်းရွှေ့ကုန်ပါပြီ။ ဒီနားက အုတ်စက်တွေအကုန်လုံးလည်း ရေဝင်ပြီး မြုပ်နေပါပြီ။ ရေတိုးတာကမြန်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

အဝါရောင်လမ်းကလေးအဖွဲ့မှ နောက်ရက်များတွင်လည်း အဆိုပါကျေးရွာများနှင့် အခြားကျေးရွာများသို့ ထမင်းထုပ်များ၊ ရေသန့်များကို ဆက်လက်ထောက်ပံ့မည်ဖြစ်ကြောင်းနှင့် အခြားလူမှုရေးအသင်းအဖွဲ့များမှလည်း သွားရောက်ထောက်ပံ့မှုများ ပြုလုပ်မည်ဖြစ်သည်။ **စိုးကျော်သူထွေး(မတ္တရာ)**

# မကွေးမြို့ရှိဗိုလ်ချုပ်ကြေးရုပ်ဝင်းအတွင်း လျှောစင်တစ်ခု တည်ဆောက်ရန်စီစဉ်နေ

**မကွေး ဩဂုတ် ၁**
ဇူလိုင်လဆန်းပိုင်းမှစ၍ ပြည်သူများဝင်ထွက်မှုများကာ အသက်ဝင်လာခဲ့သော မကွေးမြို့ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ်ဝင်းအတွင်း ကလေးငယ်များ ပျော်ရွှင်စွာ ဆော့ကစားနိုင်ရန်ရည်ရွယ်၍ ကမ္ဘောဇအလင်းတန်းဖောင်ဒေးရှင်း လှူဒါန်းမှုဖြင့် လျှောစင်တစ်ခု တည်ဆောက်ရန်စီစဉ်နေကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

"ဘဝဖြတ်သန်းမှုမျိုးစုံကနေ လာရောက်အပန်းဖြေတဲ့ ပြည်သူတွေရဲ့ ရင်သွေးငယ်လေးတွေ ပျော်ရွှင်စွာဆော့ကစားနိုင်ဖို့ ကမ္ဘောဇအလင်းတန်းဖောင်ဒေးရှင်းက ငွေကျပ် ၉၁၄၀၀၀၀ ကို ဇူလိုင် ၂၈ ရက်က လှူဒါန်းခဲ့ပါတယ်။ စည်ပင်သာယာရေးအဖွဲ့အနေနဲ့ မြေနေရာရွေးချယ်မှုတွေ ဆောင်ရွက်ပြီး မြေသားတူးဖော်မှုနဲ့ ဖောင်ဒေးရှင်းချတာတွေ စတင်လုပ်ဆောင်နေပါတယ်"ဟုမကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးကျော်စိုးမင်းကပြောသည်။

အတိုင်းအတာ ပေ (၂၀×၁၀) စတီးနှင့် သံကူကွန်ကရစ်ဖြင့်တည်ဆောက်မည့် လျှောလေးစင်း၊ လှေကားနှစ်စင်းပါ လျှောစင်တစ်ခုကို ဩဂုတ်လအတွင်း အပြီးတည်ဆောက်သွားရန် ရည်ရွယ်ဆောင်ရွက်နေပြီး ဗိုလ်ချုပ်ပန်းခြံဟုခေါ်တွင်မှုများသော ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ်ဝင်းအတွင်း ကွန်ကရစ်ထိုင်ခုံ ၂၃ လုံး၊ ကျောက်သားထိုင်ခုံ ၂၀ လုံး၊ MPT၊ Telenor၊ Ooredoo တို့မှ လှူဒါန်းသည့် ထီး ၄၅ လက်၊ မားမားခေါက်ဆွဲမှလှူဒါန်းသည့် လေးထောင့်ထီးကြီးရှစ်လက်တို့အား ပြည်သူများနားနေအသုံးပြုနိုင်ရန် စီစဉ်ထားရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

မြန်မာနိုင်ငံတွင် ဘဏ်ခွဲပေါင်း ၄၀၀ ကျော်ဖြင့် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေသည့် ကမ္ဘောဇအလင်းတန်းဖောင်ဒေးရှင်းလှူဒါန်းမှုကြောင့် ဇူလိုင်လအတွင်း ပြန်လည်အသက်ဝင်လာခဲ့သောပန်းခြံမှာ ပိုမိုစည်ကားလာဖွယ်ရှိပြီး နှစ်များစွာ အမြဲလိုလို တံခါးပိတ်ထားသောပန်းခြံအား နံနက် ၇ နာရီမှ ည ၉ နာရီထိ အချိန်သတ်မှတ်ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။ **ဇေယျာတု(မကွေး)**

**နွယ်မြက်သစ်ပင်၊ ဆေးဘက်ဝင်၏**

## အသက်(၁၂)နှစ်အောက်အမျိုးသား၊အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**လွိုင်လင် ဩဂုတ် ၁**
ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် မိုးရာသီ ကျောင်းပေါင်းစုံ အသက် ၁၂ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇူလိုင် ၃၀ ရက် မွန်းလွဲ ၂ နာရီက ပြည်သူ့အားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးရာသီ ကျောင်းပေါင်းစုံ အသက် ၁၂ နှစ်အောက် အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် အ. ထ. က(၂) အမျိုးသမီးဘောလုံးအသင်းနှင့် အ. ထ. က(ခွဲ) အသင်းတို့ ယှဉ်ပြိုင်ကစားရာ အ. ထ. က (၂) အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ဆက်လက်၍ ဆုချီးမြှင့်ပွဲကိုကျင်းပရာ လွိုင်လင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနေဝင်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မိုးလွင်ဦး(လွိုင်လင်)**

## မင်းကင်းမြို့ဆိပ်ကမ်းအဝင်အထိ သင်္ဘောကြီးများဆိုက်ကပ်

**မင်းကင်း ဩဂုတ် ၁**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့တွင် ချင်းတွင်းမြစ်ရေ ဆက်လက်မြင့်တက်လျက်ရှိရာ အနိမ့်ပိုင်းရပ်ကွက်ဖြစ်သည့် အမှတ်(၂)နှင့် အမှတ်(၃)ရပ်ကွက်များတွင် ရေများဝင်ရောက်နေသည့်အပြင် မင်းကင်းမြို့ဆိပ်ကမ်းအဝင်ဆိုင်းဘုတ်အထိ ရေမြင့်တက်နေသဖြင့် ချင်းတွင်းမြစ်ကူးသင်္ဘောကြီးများလည်း အဆိုပါဆိုင်းဘုတ်အနားတွင် မကြံ့စဖူးဆိုက်ကပ်နေပြီဖြစ်ကြောင်း သိရသည်။

မင်းကင်းမြို့၏ ချင်းတွင်းမြစ်ရေစိုးရိမ်ရေအမှတ်သည် ၁၃၅၀ စင်တီမီတာရှိပြီး ယခုအချိန်တွင် စိုးရိမ်ရေအမှတ်ကျော်လွန်၍ ဇူလိုင် ၃၀ ရက် ညနေ ၅ နာရီတိုင်းထွာချက်အရ စိုးရိမ်ရေအမှတ်အထက် ၁၄၈၉ စင်တီမီတာအထိရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ **ဂျိုးနက်**

## ဆူးပဒေါင်းကွင်းကျေးရွာတွင် ကျေးရွာမြေငှားဂရန်ချထားပေး

**ကျောင်းကုန်း ဩဂုတ် ၁**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ဇရပ်ကွင်းကျေးရွာအုပ်စု ဆူးပဒေါင်းကွင်းကျေးရွာအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပြည်သူ့အတွက်ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာနေပြည်သူများ၏ နေအိမ်မြေငှားဂရန်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့ပြီး လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၃၁ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပရာ ပုသိမ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ယင်းနေ့အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းက ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ကျေးရွာမြေငှားဂရန်စာချုပ်များအား ဒေသခံပြည်သူများ၏လက်ဝယ်သို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ကျေးရွာမြေငှားဂရန်ထုတ်ပေးရခြင်းနှင့်စပ်လျဉ်း၍ ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့် ရက် ၁၀၀ စီမံချက်အရ မြို့နယ်အတွင်းရှိ ကျေးရွာများမှာ လယ်ယာမြေမပါဘဲ နေအိမ်ခြံမြေ ဆောက်လုပ်ခွင့်ရမြေကွက်များတွင် အရှုပ်အရှင်းကင်းစွာဖြင့် နေထိုင်သည့်ကျေးရွာများအား ကျေးရွာမြေငှားဂရန် ဆောင်ရွက်ပေးခြင်းလုပ်ငန်းကို ဦးစားပေးလုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

"ကျွန်တော်တို့ကျေးရွာမှာ အခုလိုမြို့မှာရှိတဲ့ နေအိမ်တွေနဲ့မခြား မြေငှားဂရန် ရရှိလိမ့်မယ်လို့ မမျှော်လင့်ခဲ့ဘူး။ မြေဂရန်ရရှိရေးအတွက် ဆောင်ရွက်ပေးကြတဲ့ အဖွဲ့အားလုံးအား ကျေးရွာရဲ့ကိုယ်စား ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်" ဟု ဦးလှမောင်က ပြောသည်။

ကျေးရွာမြေငှားဂရန်ထုတ်ပေးရာတွင် ကျောင်းကုန်းမြို့နယ် ဇရပ်ကွင်းကျေးရွာအုပ်စု ဆူးပဒေါင်းကွင်းကျေးရွာတွင် အိမ်ခြေ ၄၀ အတွက် ကျေးရွာမြေငှားဂရန် ၃၈ ခုအား လွှဲပြောင်းပေးနိုင်ခဲ့ပြီး အခမ်းအနားသို့ ခရိုင်ကျေးလက်ဦးစီးမှူး ဦးစတင့်ဝေ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျေးရွာမြေငှားဂရန်ကော်မတီဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**



ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့ နန့်ရင်းကျေးရွာ၌ ဇူလိုင် ၂၉ ရက် နံနက် ၈ နာရီက ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်နိုင်၏ ဦးဆောင်မှုဖြင့် ရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူ အလှူရှင်များစုပေါင်း၍ ငွေအား၊ လုပ်အားများဖြင့် ဟိုပင်–ဆင်ဘိုလမ်း နန့်ရင်းရွာအဝင်မှ လမ်းမကြီးတစ်လျှောက် ၁ မိုင် ၂ ဖာလုံကို ထော်လာဂျီ ၁၃ စီးဖြင့် ကျောက်ချောလမ်းမကြီးပေါ်၌ သဲကျောက်ခင်းခြင်းလုပ်ငန်းကို ကိုယ့်အားကိုယ်ကိုး၍ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ- တိုးတိုးမေ(ဟိုပင်)

### ပြင်ဆင်သိမှတ်ပေးပါရန်

(၃၀-၇-၂၀၁၆) ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၆)တွင် ဖော်ပြပါရှိသော **"နေပြည်တော်မြို့မဈေးကြီး ရက် ၁၀၀ စီမံချက်အတွင်း စည်းကမ်းတကျဆောင်ရွက်ထားမှုအား တစေ့တစောင်းလေ့လာတင်ပြခြင်း"** မေးမြန်းခန်းတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင် ဦးမျိုးတင့်၏ ဓာတ်ပုံကို နေရာမှားဖော်ပြခဲ့သည်မှာ စာရေးသူ၏ လွဲမှားမှုသာဖြစ်ပါကြောင်းနှင့် ဦးမျိုးတင့်အား ဓာတ်ပုံ(၁) နေရာတွင် ပြင်ဆင်သိမှတ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဇော်မင်းအောင်(၁၀၇)**

## တရားမဝင်သစ်ထုတ်လုပ်မှုလျော့နည်းပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြော

**မိုင်းဆတ် ဩဂုတ် ၁**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းခုတ်မြို့နယ် လွယ်ဆောင်ကျေးရွာအုပ်စု ဘာထန်ကျေးရွာ၌ သစ်တောဦးစီးဌာနမှ တရားမဝင်သစ်ထုတ်လုပ်မှုလျော့နည်းပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူလှိုင်က လက်ကိုင်လွှစက်များ အလွယ်တကူဝယ်ယူရရှိ၍ ကိုင်ဆောင်အသုံးပြုနေကြခြင်းတို့ကြောင့် နှစ်ရှည်ပင်များ တစ်ခဏအတွင်းပျောက်ပျက်သွားသဖြင့် လက်ကိုင်လွှစက်ရောင်းချသည့်ဆိုင်များ၊ ကိုင်ဆောင်သည့်ဌာနများ၊ အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများတို့မှ သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းသောအနေဖြင့် နှစ်ရှည်ပင်ကြီးများကို ပျက်စီးမည့်အခြေအနေ မပြုလုပ်စေလိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်သစ်တောဦးစီးမှူး ဦးအေးချမ်းအောင်က လက်ကိုင်လွှစက်ကိုင်ဆောင်ခြင်းနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများအကြောင်းနှင့် လက်ကိုင်လွှစက် ရောင်းချခြင်း၊ ကိုင်ဆောင်အသုံးပြုခြင်းတို့တွင် မှတ်ပုံတင်ပြုလုပ်ရန်လိုအပ်ကြောင်း၊ မှတ်ပုံတင်ပြုလုပ်ခြင်းမရှိပါက ဥပဒေအရအရေးယူနိုင်သည့် ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းတို့ကို အသိပညာပေးဟောပြောပြီး ဒေသခံပြည်သူများမှ သိရှိလို၍ မေးမြန်းသည်များကို ပြန်လည်ဖြေကြားခဲ့သည်။

အလားတူ မွန်းလွဲ ၁ နာရီက မိုင်းဆတ်မြို့နယ် ကျဒယ်ကျေးရွာတွင်လည်း အသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

# လစ်လပ်နေသော ဈေးရုံမှ ဆိုင်ခန်း ၂၀ မြို့နယ်စည်ပင်မှ အိတ်ဖွင့်တင်ဒါ စနစ်ဖြင့် လေလံရောင်းချ

**သာပေါင်း ဩဂုတ် ၁**

သာပေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သီရိရွှေသာဈေးအတွင်းရှိ ကုန်ခြောက်ဆိုင်နှင့်ကုန်စိမ်းဆိုင်တန်းများတွင် လစ်လပ်လျက်ရှိသော ဈေးရုံအမှတ် (B,C,D) မှ ဆိုင်ခန်း ၂၀ အား မြို့နယ် စည်ပင်သာယာရေးကော်မတီမှ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချပွဲကို မြို့နယ်စည်ပင်သာယာရေးကော်မတီရုံး၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးဝင်းမြင့်ဟန်က အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လေလံရောင်းချပေးရခြင်းနှင့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး လေလံပွဲစတင်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် သီရိရွှေသာဈေးအတွင်းရှိ ကုန်ခြောက်ဆိုင်နှင့် ကုန်စိမ်းဆိုင်တန်းတွင် လစ်လပ်နေသော ဈေးရုံအမှတ် (B,C,D)မှ လစ်လပ်ဆိုင်ခန်း ၂၀ အား တစ်ခန်းလျှင်ကြမ်းခင်းဈေး သုံးသိန်းဖြင့်သတ်မှတ်ပြီး လေလံလျှောက်ထားသူ ၂၃ ဦးက စတင်လေလံဆွဲကြရာ အိတ်ဖွင့်လေလံအောင်မြင်သူများမှ ၁၄ ခန်းရရှိသွားပြီး ၅၈၇၅၀၀၀ သိန်းပေးသွင်းခဲ့ကြောင်း သိရသည်။

**မျိုးဇော်သိန်း (ပြန်/ဆက်)**

# စစ်ကိုင်းတောင်ခြေရှိလေးကျွန်းမာရ်အောင်ဘုရားပရိဝုဏ်အတွင်းသို့ မြစ်ရေများဝင်ရောက်



**စစ်ကိုင်း ဩဂုတ် ၁**

စစ်ကိုင်းတောင်ခြေ သောတာပန်ရပ် ဧရာဝတီမြစ်ကမ်းနဖူးရှိ လေးကျွန်းမာရ်အောင်ဘုရား ပရိဝုဏ်အတွင်းသို့ မြစ်ရေများ ဝင်ရောက်နေကြောင်း၊ မြစ်ရေများသည် ဇူလိုင် ၂၈ ရက်က ဘုရား၏အရှေ့ဘက်ရှိမြစ်ဘေးမုခ်ဦးမှ စတင်ဝင်ရောက်လာခဲ့ပြီး ဇူလိုင် ၂၉ ရက်တွင် ဘုရားပရိဝုဏ်တံတိုင်းပေါ်မှကျော်ကာ ဆက်လက်ဝင်ရောက်လာခြင်းဖြစ်ကြောင်း လေးကျွန်းမာရ်အောင်ဂေါပကအဖွဲ့မှ စာရင်းစစ် ဦးခင်မောင်လတ်ကပြောသည်။

ဇူလိုင် ၃၀ ရက်တွင် ဘုရား၏အရှေ့ပိုင်းတစ်ခြမ်းလုံး(ပရိဝုဏ် တစ်ဝက်မျှ) ရေလွှမ်းနေပြီး အခြားသာသနိကအဆောက်အအုံအချို့ အတွင်းသို့လည်း ရေများဝင်ရောက်နေသည်။

ယခုနှစ် လေးကျွန်းမာရ်အောင်ဘုရားအတွင်းသို့ ဝင်ရောက်လာသောရေသည် စစ်ကိုင်းမြို့တွင် စံချိန်တင်ရေကြီးခဲ့သော ၂၀၀၄ ခုနှစ်က ရေလောက် မများသေးဟုဆိုသည်။ ၂၀၀၄ ခုနှစ်က ဘုရားဝင်းအတွင်း ရေဝင်ရောက်ခဲ့ရာတွင် ပရိဝုဏ်အတွင်းရှိ နဂါးရုံဘုရားမှ ကမ္ဗည်းကျောက်စာမြုပ်သွားခဲ့ပြီး ယခုရေမှာ ကျောက်စာတစ်ဝက်ထိပင် မရောက်သေးကြောင်း ဦးခင်မောင်လတ်က ပြောသည်။

လေးကျွန်းမာရ်အောင် ဘုရားအတွင်း မြစ်ရေဝင်ရောက်သကဲ့သို့ ဘုရားတည်ရှိရာ သောတာပန်ရပ်ကွက်အရှေ့ပိုင်းမှ အိမ်ခြေ ၄၅ လုံးခန့်လည်း ရေဝင်ရောက်သဖြင့် ထိုအိမ်များမှ အများစုမှာ ဘုရားဝင်းအတွင်း ရေလွတ်သေးသော နေရာများတွင် ယာယီနေထိုင်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

လေးကျွန်းမာရ်အောင်ဘုရားကို တနင်္ဂနွေမင်းက သက္ကရာဇ် ၁၀၈၆ ခုနှစ်တွင် တည်ထားခဲ့ခြင်းဖြစ်သည်။ စေတီမှာ ရှစ်မြှောင့်ချိုးဖြစ်ကာ တစ်မူထူးခြားသောပုံသဏ္ဌာန်ဖြစ်ပြီး အတွင်း၌ လိုဏ်မုခ်ခံ၍ မြတ်စွာဘုရားကဘီလူး ၉၉ ကောင်တို့အား တရားဟောနေဟန် ကျောက်ဆင်းတုတည်ထားသည်မှာ လွန်စွာသပ္ပာယ်လှသည်။ ဘုရားပွဲတော်ဆိုလျှင် စာရေးတံမဲလောင်းလှူပွဲ၊ ဇာတ်ပွဲ၊ စာပေဟောပြောပွဲများအပြင် ဓမ္မဒူတအရှင်ဆေကိန္ဒနှင့် ဒါယကာဒါယိကာမများ က နှစ်စဉ်စုပေါင်းပြုလုပ်သော ဆီအလှူတော်ကြီးကိုပါ တွဲ၍ကျင်းပလေ့ရှိ သည်။

**ဧယျာနောင်**

# တရားမဝင် နေထိုင်သူ မြန်မာနိုင်ငံသားများအား တရုတ်အစိုးရက ပြန်လည်လွှဲအပ်

**မူဆယ် ဩဂုတ် ၁**

တရုတ်နိုင်ငံ ရွှေလီမြို့ စီကိုင်အကျဉ်းထောင်တွင် ဖမ်းဆီးခံထားရသည့် မြန်မာနိုင်ငံသား ၆၈၁ ဦးကို မြန်မာပြည်သို့ ဇွန် ၂၆ ရက်မှ ဇူလိုင်၂၈ရက်ထိ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ရာ အမျိုးသား ၅၆၂ ဦးနှင့် အမျိုးသမီး ၁၁၉ ဦး ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာနိုင်ငံသားများသည် တရားဝင်နေထိုင်ခွင့် စာရွက်စာတမ်းများ ကိုင်ဆောင်ထားခြင်းမရှိသောကြောင့် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရခြင်းဖြစ်ပြီး တရုတ်-မြန်မာနယ်စပ် မူဆယ်မြို့ နန်းတော်နယ်ခြားဂိတ်တွင် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ ရေးဌာနခွဲအမှတ်(၇) မူဆယ်ရုံးအဖွဲ့လဝကမှူးဦးဇော်လင်းထံသို့ လွှဲပြောင်းပေးခဲ့ရာ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့က လက်ခံခဲ့ပြီး မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးသန်းထိုက်၏ လမ်းညွှန်ကြီးကြပ်သည့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမားဦးစီးဌာန၊ မြို့နယ်လဝကစသည့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက အဆိုပါအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

မူဆယ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်းသည် ရောက်ရှိလာသူများ ပြစ်မှုကင်းရှင်းခြင်း ရှိ၊ မရှိ စုံစမ်းရာတွင် နေရပ်ပြန်မည့် ခရီးစဉ် နှောင့်နှေးမှုမရှိစေရန် အလေးထား၍ သက်ဆိုင်ရာ မြို့နယ်ရဲစခန်းများသို့ ချိတ်ဆက်မေးမြန်းခဲ့သည်။

တစ်ဖက်နိုင်ငံတွင် ယခုကဲ့သို့ ဖမ်းဆီးခံရသည့် ဖြစ်ရပ်မျိုး ထပ်မံမဖြစ်ပွားစေရန် သက်ဆိုင်ရာဌာနဆိုင်ရာများသို့ နိုင်ငံသားတစ်ဦးအနေဖြင့် ဆက်သွယ်စုံစမ်းလေ့လာသင့်ကြောင်း မိမိတို့ မူဆယ်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးသို့လည်း လာရောက်အကူအညီ တောင်းနိုင်ကြောင်း ပြောကြားကာ နေရပ်ပြန်သူများအား လိုအပ်သည်များကို စီစဉ်ဆောင်ရွက် ပေးခဲ့သည်။

တရုတ်နိုင်ငံ မန်စီမြို့၊ ရွှေလီမြို့နှင့် ကြယ်ဂေါင်ရှိ မြန်မာနိုင်ငံသားအများစုသည် အထည်စက်ရုံ၊ စီးကရက်စက်ရုံ၊ အထပ်သားစက်ရုံ၊ ဆောက်လုပ်ရေး၊ အိမ်ဖော်လုပ်ငန်း၊ အရောင်းဆိုင်နှင့် ကုန်တင်ကုန်ချစသဖြင့် လုပ်ငန်းပေါင်းစုံ၌ တရားဝင်နေထိုင်ခွင့် လက်မှတ်များဖြင့် တရားဝင်နေကြသူများရှိသကဲ့သို့ တရားမဝင် နေထိုင်သူများလည်းရှိကြောင်း မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနခွဲအမှတ်(၇) ဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်ကပြောကြားခဲ့ပြီး ရွှေလီရဲစခန်းဌာနမှူး ရဲမှူးကြီး ကူပင်းအား ထပ်မံလွှဲပြောင်းပေးရန် တောင်းဆိုထားကြောင်း သိရသည်။



**ဆရာမောင်(မူဆယ်)**

# ညောင်တုန်းမြို့နယ် အင်းမကျေးရွာ အခြေခံဆိုင်ကယ်ပြုပြင် ထိန်းသိမ်းနည်းသင်တန်းဆင်း

**ညောင်တုန်း ဩဂုတ် ၁**

ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းအတွက် အထောက်အကူပြုစေရန် ရည်ရွက်ချက်များဖြင့် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့် မြို့နယ်သမဝါယမဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၃၀ ရက် မွန်းလွဲပိုင်းက အင်းမကျေးရွာ အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမိုးနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့် မြို့နယ်သမဝါယမဦးစီးဌာနတို့မှ တာန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဒေါ်နီနီမိုးက ကျေးလက်နေပြည်သူများအား ဆိုင်ကယ်အခြေခံပြုပြင်ပြင်ဆင်ခြင်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရရှိပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး အတတ်ပညာရရှိပြီး စားဝတ်နေရေးပြေလည်စေရန် ရည်ရွယ်ဖွင့်လှစ်သည့် သင်တန်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွန်းအောင်က ပြည်သူကိုဗဟိုပြုဆောင်ရွက်နေခြင်း ဖြစ်သည့်အတွက် ဒေသခံပြည်သူများကလည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ယခုကဲ့သို့ အသက်မွေးဝမ်းကျောင်းပညာသင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်ခင်မာအေးက သင်တန်းသားများသည် သင်ကြားပေးလိုက်သော အသက်မွေးဝမ်းကျောင်းပညာများဖြင့် မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံအကျိုး တာဝန်များကို ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဒေါ်နီနီမိုးနှင့် တာဝန်ရှိသူများက သင်တန်းတွင်ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုအထူးဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ အခြေခံဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းသို့ သင်တန်းသား ၃၀ နှင့် လေ့လာသူ ၂၀ စုစုပေါင်း ၅၀ တက်ရောက်လေ့လာသင်ကြားခဲ့သည်။ **ထွန်းကျော်(ညောင်တုန်း)**

# ရေဘုတ်ရေလှောင်တမံအတွင်း ငါးမျိုးများစိုက်ထည့်

**ဘားအံ ရှူလိုင်**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲမြို့နယ် ထီလုံကျေးရွာအနီးရှိ ရေဘုတ်ရေလှောင်တမံသို့ ဒေသတွင်းငါးစားသုံးမှုဖူလုံစေရန် ငါးမျိုးများ စိုက်ထည့်သည့်အခမ်းအနားကို ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက ကျင်းပသည်။

ငါးမျိုးထိန်းသိမ်းဖို့နဲ့ ငါးတွေအရှည်တည်တံ့ပြန့်ပွားစေဖို့ ကျွန်တော်တို့ နှစ်စဉ်နှစ်တိုင်းလည်း ငါးမျိုးစိုက်ထည့်ပါတယ်။ စိုက်ထည့်လိုက်တဲ့ငါးမျိုးတွေ ဒီအထဲမှာ ပဲနေမယ်၊ ပေါက်မယ်ပွားမယ်၊ နောက်ပြီးတော့ အပြင်ကိုပြန့်သွားမယ်။ ရေဘုတ်ရေလှောင်တမံကရေလွှတ်လို့ အင်းအိုင်ချောင်းမြောင်းတွေထဲ ရောက်သွားတာနဲ့ လူထုကနေအလွယ်တကူ ဖမ်းယူစားသုံးနိုင်တာပေါ့။ ကျွန်တော်တို့ကတော့အခမဲ့ပဲ စိုက်ထည့်တဲ့အတွက် ပြည်သူလူထုလည်း အခမဲ့ဖမ်းယူ စားသောက်နိုင်ပါတယ် ဟု ပြည်နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးစောအောင်ရဲထွဋ်လွင်က ပြောသည်။

ထိုသို့ ငါးမျိုးများစိုက်ထည့်ရာတွင် ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးစောမြင့်ဦး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ငါးလုပ်ငန်း ဦးစီးဌာနမှဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများမှ ငါးမြစ်ချင်း၊ ငါးခုံးမကြီး၊ ရွှေဝါငါးကြင်း၊ တီလားပီးယား ငါးသားပေါက်ကောင်ရေ ၇၀၀၀၀ ကို ငါးမျိုးများစိုက်ထည့်ခဲ့ကြသည်။

ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန အနေဖြင့် ပြည်နယ်အတွင်းရှိ မြစ်၊ ချောင်း၊ မြောင်း၊ အင်း၊ အိုင်နှင့် တောင်သူများ၏ လယ်ကွက်များ အတွင်းသို့ ငါးသားပေါက်ကောင်ရေ ခုနှစ်သိန်းခန့်အား ငါးမျိုးများ ပြန့်ပွားစေရေးအတွက် အခမဲ့စိုက်ထည့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နေအိမ်လေးလုံးပြိုကျပျက်စီး

**ညောင်ရွှေ ဩဂုတ် ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဒေသ တုံးလည်ကျေးရွာအုပ်စု တုံးလည်ရွာတွင် ဇူလိုင် ၂၉ ရက် ည ၈ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဝါးတိုင်၊ သွပ်မိုး၊ ထရံကာ နေအိမ်လေးလုံး ပြိုလဲခဲ့ပြီး နေအိမ်နှစ်လုံးမှာ ယိုင်နဲ့ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ လူ၊ တိရစ္ဆာန်နှင့် သီးနှံများထိခိုက်ပျက်စီးမှုမရှိဘဲ တာဝန်ရှိသူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ပြိုလဲနေအိမ်များ သိမ်းဆည်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ချောင်းဆုံ ဩဂုတ် ၁**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း အရင်းအပျောက်မတည်ငွေဖြင့် ကျေးလက်ဒေသနေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးရွာ၏ အခြေခံအဆောက်အအုံများ၊ လမ်းပန်းဆက်သွယ်မှုကဏ္ဍများစသည့်လုပ်ငန်းများကို ကျေးရွာသုံးရွာတွင် အကောင်အထည်ဖော်ဆောင်ရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဇူလိုင် ၂၉ ရက်က ကျင်းပခဲ့သည်။

အဆိုပါပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်စိုးက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မျိုးလွင်က မြစိမ်းရောင်စီမံကိန်း၏ ရည်ရွယ်ချက်များ၊ ရည်မှန်းချက်များအားပြောကြားသည်။ ယင်းနောက် စီမံကိန်း အကောင်အထည်ဖော်မည့် ဝယ်ကူး၊ ကမနင်း၊ ဒေါင်းရပ်အနောက်ကျေးရွာများမှ ကိုယ်စားလှယ်များအား တစ်ရွာလျှင် ရန်ပုံငွေကျပ်သိန်း ၃၀၀ စီ လွှဲပြောင်းပေးအပ်ခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်ထောက်ပံ့ပစ္စည်းပေးအပ်

**ညောင်ရွှေ ဩဂုတ် ၁**

အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ညောင်ရွှေမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၃၅ အုပ်စုသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အင်းလေးကန်သည် အာဆီယံအမွေအနှစ်တစ်ခုဖြစ်သည့်အပြင် လူသားနှင့် ဇီဝအဝန်းနယ်မြေတစ်ခုအဖြစ် သတ်မှတ်ခံထားရသည့် သဘာဝရေအိုင်တစ်ခုဖြစ်ကြောင်း၊ အင်းလေးကန်အတွင်း စီးဝင်သည့် ချောင်းပေါင်း ၂၉ ချောင်းနှင့် အဓိကစီးဝင်သည့်ချောင်း လေးချောင်းရှိရာ သာယာလှပသော သဘာဝရှုခင်းများ၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝသည့် နယ်မြေတစ်ခုဖြစ်သည့်အပြင် ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လည်ပတ်ရာ နေရာတစ်ခုလည်းဖြစ်ကြောင်း၊ လောပိတရေအားလျှပ်စစ်စက်ရုံ၏ အဓိကရေအရင်းအမြစ်ဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ အရေးပါသည့်ဒေသတစ်ခုဖြစ်ကြောင်း၊ အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လက်ငင်းဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများအဖြစ် ရေတို၊ ရေရှည်စီမံကိန်းများရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ရမှာဖြစ်ကြောင်း ဇူလိုင် ၃၁ ရက်က ညောင်ရွှေမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ပစ္စည်းပေးအပ်ပွဲနှင့် ပညာပေးသင်တန်းဖွင့်ပွဲတွင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်က ထည့်သွင်းပြောကြားခဲ့သည်။

အင်းလေးကန်ပတ်ဝန်းကျင် ရေဝေရေလဲဒေသများတွင် ရွှေ့ပြောင်းတောင်ယာစနစ်အစား အမြဲတမ်းသီးနှံများ၊ နှစ်ရှည်စားသုံးသီးပင်များ စိုက်ပျိုးစေခြင်းဖြင့် သစ်တောပြုန်းတီးမှုကို ကာကွယ်ပြီး မြေဆီလွှာတိုက်စားမှုလျော့နည်းသက်သာအောင် စိုက်ပျိုးရမှာဖြစ်ကြောင်း၊ မြေဆီလွှာထိန်းသိမ်းရေးစနစ်များ တောင်သူများ သိရှိနားလည်လိုက်နာလုပ်ဆောင်လာစေရန် နည်းပညာပေးခြင်းကို အလေးထားဆောင်ရွက်စေလိုကြောင်း၊ အင်းလေးကန်အတွင်း ကျွန်းမျောစိုက်ခင်းများနှင့် ရေဝေရေလဲဒေသရှိ ပတ်ဝန်းကျင်စိုက်ခင်းများတွင် ဓာတုဓာတ်မြေဩဇာ၊ ဓာတုပိုးသတ်ဆေးများ သုံးစွဲမှုလျှော့ချရေးအတွက် သဘာဝမြေဩဇာပြုလုပ်သုံးစွဲရေး၊ သဘာဝပိုးသတ်ဆေးများကို တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲ၍ စိုက်ပျိုးလာစေရန်နှင့် စားသုံးသူများ ကျန်းမာရေးနှင့်ညီညွတ်စေသည့် ဓာတ်ကြွင်းအာနိသင်ကင်းလွတ်သော သီးနှံများ စိုက်ပျိုးထုတ်လုပ်မှသာ ဒေသခံပြည်သူများ၏ ဘဝရေရှည်တည်တံ့ပြီး ကျန်းကျန်းမာမာဖြင့် နေထိုင်သွားနိုင်မှာဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လက်ဖက်ပျိုးပင် ၄၅၀၀၊ နဂါးမောက်ပျိုးပင် ၉၅၀၀၊ သရက်ပျိုးပင် ၂၇၀၊ ထောပတ်ပျိုးပင် ၆၀၀၊ အသင့်သုံးတီမွေးပလတ်စတစ်ပုံး ၂၀၀၊ EM (အပြင်း) ၇၂ ပုံး၊ EM-5 ၇၂ ပုံး၊ တမာကြိတ်ဖတ် ၁၈ အိတ်၊ တမာပိုးသတ်ဆေး ၄၅ လီတာ၊ လင်းနို့ချေး ၁၈ အိတ်တို့ကို ညောင်ရွှေမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၃၅ အုပ်စုသို့ ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းအပြင် သင်တန်းသား ၄၀၀ ကို အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် ဒေသဖွံ့ဖြိုးရေး၊ ဈေးကွက်ရရှိရေးနှင့် ဈေးကွက်ဖော်ဆောင်ရေး၊ မြေဆီလွှာထိန်းသိမ်းရေး၊ GAP နည်းစနစ်၊ စိုက်ပျိုးရေးနည်းစနစ်ဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြေဩဇာဥပဒေ၊ မျိုးစေ့ဥပဒေ၊ သီးနှံပိုးမွှားရောဂါကာကွယ်ရေး ဥပဒေတို့ကို ရှင်းလင်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးသူရိန်**

# မိုးစပါးအတွက် ဆည်ရေပြည့်ဝစွာပေးနိုင်ရေး တူးမြောင်းအဆောက်အအုံများ ကြည့်ရှုစစ်ဆေး



**ရေဦး ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါးလျာထားဧကေ ပြည့်မီစွာစိုက်ပျိုးနိုင်ရေးအတွက် ဆည်ရေအလုံအလောက်ပေးဝေသွားနိုင်စေရန် တူးမြောင်းနှင့် တူးမြောင်းအဆောက်အအုံများ ကြံ့ခိုင်မှုရှိ-မရှိနှင့် မြောင်းပေါင်လမ်းများ ကောင်းမွန်မှု ရှိ၊ မရှိကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်တို့က ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြသည်။

ယင်းသို့ကွင်းဆင်းကြည့်ရှုရာတွင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းလွင်ဦးက သဖန်းဆိပ်ဆည်ရေဖြင့် မိုးစပါးပျိုးထောင်ရေပေးဝေနေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ရွှေဘိုခရိုင်တွင် မိုးစပါး ၆၈၆၀၃၀ ဧက စိုက်ပျိုးမည်ဖြစ်ပြီး သဖန်းဆိပ်ဆည်ရေဖြင့် မိုးစပါး ၄၃၈၉၈၈ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ခရိုင်တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **သန်းထိုက်(ရေဦး)**

# မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀၀ လွှဲပြောင်းပေးအပ်

**ပုလဲ ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားစေရန်၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရန်နှင့် အာဟာရပြည့်ဝစေရန်၊ ကျေးလက်လူထု၏စွမ်းဆောင်ရည် တိုးတက်လာစေရန်နှင့် တုံ့ပြန်နိုင်စွမ်းအားကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန် ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေမှ ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် ကျေးရွာငါးရွာအတွက် ငွေကျပ်သိန်း ၁၅၀၀ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ပုလဲမြို့ ပုလဲရတနာခန်းမ၌ ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ ယင်းမာပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်စင်စိုးက ခရိုင်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးအောင်က "ကျေးရွာများအနေဖြင့် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေများကို လွှဲပြောင်းလက်ခံရရှိပြီးပါက မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီက သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ကျေးရွာသူ၊ ကျေးရွာသားများအား ငွေထုတ်ချေးပေးခြင်း၊ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များအား ကျေးရွာရှိ ပြည်သူများအား ရှင်းလင်းထုတ်ပြန်ခြင်း၊ အတိုးနှုန်းကိုလည်း ငွေတစ်ရာလျှင် တစ်လအတိုးနှုန်း ပြား ၅၀ နှုန်းမှ ၁ ကျပ် ၅၀ ပြားနှုန်းအတွင်း သင့်လျော်သလို သတ်မှတ်ပေးခြင်း၊ လုပ်ငန်းကဏ္ဍအလိုက် ချေးငွေပမာဏနှင့် ကာလသတ်မှတ်ခြင်း၊ အတိုးငွေကို စနစ်တကျကောက်ခံခြင်း၊ ဘဏ္ဍာရေးဆပ်ကော်မတီအနေဖြင့် စာရင်းဇယားများ တိကျမှန်ကန်ပြည့်စုံစွာ ထားရှိနိုင်ရေး ဆောင်ရွက်ခြင်းနှင့် ရန်ပုံငွေတိုးပွားလာအောင် ဆောင်ရွက်ခြင်းတို့ကို ပွင့်လင်းမြင်သာပြီး ပြည်သူလူထုက လက်ခံယုံကြည်မှုရှိအောင် ဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်" ဟု ပြောသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က ပဲခင်းမ၊ လုပ်သား၊ ကံရိုး၊ ကြူခြံကျေးရွာနှင့် သရက်လှကျေးရွာများအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ နှုန်းဖြင့်ပေးအပ်ရာ ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီအဖွဲ့များက လက်ခံရယူခဲ့ကြောင်း သိရသည်။

ယင်းနောက် ကျေးရွာများကိုယ်စား ပဲခင်းမကျေးရွာ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီ အဖွဲ့ဝင် ဦးကျော်နိုင်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇင်လင်းနိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေရရှိသည့် ကျေးရွာများမှ ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်ခဲ့သည်။ **မင်းခန့်စိုး(ဧယျာမြေ)**

# မော်လူးတွင်မြို့နယ်စည်ပင်သာယာရုံးခွဲဖွင့်လှစ်နိုင်ရေး တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်

**မော်လူး ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးတွင် ဇူလိုင် ၃၁ ရက် နံနက် ၁၀ နာရီက အင်းတော်မြို့နယ်စည်ပင်ရုံးခွဲဖွင့်လှစ်နိုင်ရေးအတွက် တိုင်းတာရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါမြေနေရာမှာ ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး အရှေ့ဘက် မြန်မာ့ဆက်သွယ်ရေးရုံးနှင့်ကပ်လျက်မြေနေရာဖြစ်ကြောင်း၊ အရှေ့အနောက်အလျား ၁၅၅ ပေ ၊အနံအရှေ့ဘက် ပေ ၆၀ နှင့် အနံအနောက်ဘက် ၃၄ ပေ စုစုပေါင်း သုည ဒသမ ၁၆ ဧကရှိကြောင်း၊ မော်လူးတွင် စည်ပင်သာယာရုံးခွဲထားရှိခြင်းအားဖြင့် မော်လူးမြို့ဖွံ့ဖြိုးတိုးတက်လာပြီး သန့်ရှင်းသပ်ရပ်သောမြို့ပြဖြစ်လာခြင်းဖြင့် ဒေသခံမိဘပြည်သူများအနေဖြင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် လျင်မြန်ချော့မွေ့လွယ်ကူနိုင်တော့မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါတိုင်းတာခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးဥက္ကဋ္ဌ ဦးတိုးမြင့်၊ မြို့နယ်စည်ပင်သာယာဦးစီးအရာရှိ ဦးအေးမင်းထွန်း၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးကျော်ကျော်လွင်၊ မော်လူးကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် ရပ်မိရပ်ဖများပါဝင်လျက် အင်းတော်မြို့နယ် စည်ပင်သာယာရေးရုံးခွဲ (မော်လူး) နေရာကို တိုင်းတာခဲ့ကြကြောင်း သိရသည်။

**နီတိုး**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံဝင်းအတွင်း ချုံနွယ်များ သန့်ရှင်းရေးကို ဇူလိုင် ၃၁ ရက် နံနက် ၈ နာရီက အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်းမှ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သန့်ရှင်းရေးတွင် အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး ရဲမှူးကြီး ကျော်မိုး၊ ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာလှလှဌေး၊ အရာရှိ ၂၃ ဦး၊ သန္ဓေ ၆၃ ဦးနှင့် ဆေးရုံဝန်ထမ်းများ စုပေါင်း၍ ပေါင်းမြက်နှင့် ချုံနွယ်များကို ရှင်းလင်းကာ သန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



သတင်းနှင့် ဓာတ်ပုံ - ဇော်ဝင်းအောင်

# မန္တလေးမြို့အနီး စိတ်ဝင်စားဖွယ်ရာ ငါးရံ့မင်းရုပ်တုများစွာရှိသော တောင်တော်

**à** တိမ်တမန်



မန္တလေးမြို့သို့လာရောက်လည်ပတ်သော နိုင်ငံတကာခရီးသွားများနှင့် ပြည်တွင်းဘုရားဖူးများသည် ရန်ကင်းတောင်သို့သွားရောက်ဘုရားဖူးလေ့ရှိသည်။ ရန်ကင်းတောင်တော်သည် စိတ်ဝင်စားဖွယ်ရာသမိုင်းနှင့်အတူ ထူးဆန်းသောသဘာဝငါးရံ့မင်းလိုဏ်ဂူရှိသည်။ ရန်ကင်းတောင်တော်သည် အမြင့်ပေ ၆၀၄ ပေ၊ အလျား ၆၆၀၆ ပေ တောင်တော်တောင်ဘက်လှေကား ၅၆၅ ထစ်နှင့် မြောက်ဘက်လှေကား ၄၂၉ ထစ်ရှိကြောင်း သိရသည်။

ရန်ကင်းတောင်တွင် စိတ်ဝင်စားစရာကောင်းပြီး ထင်ရှားသည်မှာ သဘာဝငါးရံ့မင်းလှိုဏ်ဂူနှင့် ငါးရံ့မင်းရုပ်တုများပင်ဖြစ်သည်။ ငါးရံ့မင်းလှိုဏ်ဂူတွင်း အနက်ပေ ၅၀ ရှိပြီး တောင်ဘက်လှေကား ၇၂ ထစ်နှင့် မြောက်ဘက်လှေကား ၇၂ ထစ်ရှိသည်။ ရန်ကင်းတောင်တော်သည် ငါးရံ့မင်းရုပ်တုနှင့် တွဲဖက်ထင်ရှားသည်။ တောင်တော်သမိုင်းတွင် မင်းရှင်စောဗိုလ်တက်မြို့စိုးစံစဉ် မိုးခေါင်မှုကြောင့် ဆရာတော်များ၏လမ်းညွှန်ချက်နှင့်အညီ ငါးရံ့မင်းရုပ်တုကို ထုလုပ်ပူဇော်ကာ မင်းနှင့်ပြည်သူများက ရေစင်သွန်းဖျန်းပူဇော်ပြီး ဆရာတော်၊ သံဃာတော်များကလည်း ငါးရံ့မင်းပရိတ်တော်ကို ရွတ်ဖတ်ပူဇော်ခဲ့သည့်အတွက် မိုးရွာကာ စိုက်ပျိုးမှုကောင်းမွန်ခဲ့သည်။

ထိုရုပ်တုကို ပူဇော်မှုများစွာပြု၍ မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် တောတောင်ထူပြောလာကာ မှက်၊ ခြင်၊ ယင်ဒဏ်ကြောင့် ရောဂါထူမှုလည်းကြုံကာ ပြည်သူများ ဖျားနာမှုများဖြစ်ခဲ့ရသည်။ သို့အတွက် ဆရာတော်များ၏ လမ်းညွှန်ချက်အတိုင်း အောင်ပင်လယ်ကန်ဦးတောင်ထိပ်ရှိ သဘာဝကျောက်လိုဏ်ဂူအတွင်းပို့ဆောင်ကာ အဝေးမှပင် မိုးခေါင်သည့်အခါမှသာ အခါအားလျော်စွာ ပူဇော်သည့်အတွက် မြို့တော်တွင် အနာရောဂါနှင့် ဖျားနာခြင်းကင်းသည့်အတွက် ငါးရံ့မင်းရုပ်တုထားရှိပူဇော်ရာတောင်ကို ရန်ကင်းတောင်ဟုခေါ်ဆိုကြောင်း သိရသည်။

ရန်ကင်းတောင်တော်တွင် ချမ်းသာရစေတီ၊ သဘာဝငါးရံ့မင်းလိုဏ်ဂူ၊ ငါးရံ့မင်းရုပ်တု၊ ဆုတောင်းပြည့်စေတီ၊ ဆုတောင်းရစေတီ၊ လွမ်းစေတီများကို ဖူးမြော်နိုင်သည်။ ထို့အပြင် သမင်ကလေးများကို အစာကျွေးကုသိုလ်ပြုနိုင်သည်။ တောင်တော်ကို သူတော်ကောင်းတို့ပျော်စံရာ၊ တရားကျင့်ရာတောင်ဟုလည်း ဆိုကြသည်။ တောင်တော်ပေါ်တွင် ဂူကြီးကိုးဂူကို လေ့လာနိုင်သည်။ ထိုဂူများမှာ ဖားဂူ၊ ဂူသစ်၊ အောင်သဒ္ဓိဂူ၊ ဓမ္မသိဒ္ဓိဂူ၊ ငါးရံ့မင်းဂူ၊ နတ်နဂါးဂူ၊ အောင်ဗုဒ္ဓဂူ၊ ဝက်ဘာဂူ၊ ဝိဇ္ဇာညီနောင်ဂူတို့ပင်ဖြစ်သည်။ ရန်ကင်းတောင်ရောက် နိုင်ငံတကာခရီးသွားဧည့်သည်များသည် ထူးဆန်းလှသည့် ငါးရံ့မင်းသဘာဝလိုဏ်ဂူနှင့် အခြားဂူများကို စိတ်ဝင်စားသည်။ မန္တလေးမြို့အနီးတွင် ရန်ကင်းတောင်တော်ကို သံသွန်းငါးရံ့မင်းရုပ်တုများတည်ရှိရာ တောင်တော်အဖြစ် ထင်ရှားသည်။

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စက်ချုပ်သင်တန်းဆင်း

**သရက် ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ပေါက်ပင်ကျေးရွာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာနေပြည်သူများ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစေရန် ရည်ရွယ်၍ ဖွင့်လှစ်ထားသည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင် ၃၀ ရက် မွန်းလွဲ ၂ နာရီက ကျေးရွာရှိဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးယုမော်က အဖွင့်အမှာစကားပြောကြားရာတွင် သင်တန်းသူများအနေဖြင့် မိမိကျေးရွာရောက်ရှိပါက သင်တန်းက တတ်မြောက်ထားသည့် အသက်မွေးဝမ်းကျောင်း စက်ချုပ်ပညာဖြင့် မိသားစုဝင်များ အဝတ်အစားများချုပ်လုပ်နိုင်သည့်အပြင် တစ်ပိုင်တစ်နိုင် မိသားစုဝင်ငွေတိုးပွားရေးအတွက် အထည်ချုပ်လုပ်ငန်းဖြင့် စီးပွားဖြစ်ဆောင်ရွက်နိုင်သလို မိမိကျေးရွာမှ စက်ချုပ်ဝါသနာပါသူများကို မိမိတတ်ကျွမ်းထားသည့် စက်ချုပ်ပညာဖြင့် ဆင့်ပွားသင်ပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ဆွေက မိမိတို့ဌာနအနေဖြင့် ကျေးရွာနေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးရသည့်ရည်ရွယ်ချက်အား အကျယ်တဝင့် ပြောကြားခဲ့သည်။

ယင်းနောက် သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ဆုများအသီးသီး ချီးမြှင့်ပေးခဲ့ပြီး သင်တန်းဆင်းလက်မှတ်များအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဝင်းထိုက်က ပေးအပ်ရာ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက လက်ခံခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## ရေးမြို့နယ်လုံးဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ဖိုရမ်ကျင်းပ

**ရေး ဩဂုတ် ၁**

မွန်ပြည်နယ် ရေးမြို့နယ်လုံးဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများဖိုရမ်ကို ဇူလိုင် ၃၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ပြုလုပ်ရာ တစ်နေ့တာဆွေးနွေးပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်က ဒေသအတွင်းဖွံ့ဖြိုးရေး ရှေ့လုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရ၏ တည်ဆဲဥပဒေများနှင့်အညီ အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ပါဝင်ပူးပေါင်းချိတ်ဆက်သွားနိုင်ရန် ထည့်သွင်းပြောကြားခဲ့သည်။

ဖိုရမ်ဖြစ်မြောက်ရေးကော်မတီဝင် နိုင်အောင်သန်းလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပေးပြီး မွန်ပြည်နယ် အရပ်ဘက်လူမှုအဖွဲ့အစည်းများကွန်ရက်မှ ညှိနှိုင်းရေးမှူး ဦးမင်းအောင်ထူးက ပေါင်းစည်းညီညွတ်သော ကွန်ရက်ချိတ်ဆက်ခြင်းအားဖြင့် ငြိမ်းချမ်းသာယာသည့် လူ့ဘောင်တစ်ခုတည်ဆောက်ရန် CSO များအချင်းချင်း ဒေသအကျိုးပိုမိုဆောင်ရွက်နိုင်ရေးအတွက် ကွန်ရက်ချိတ်ဆက်ပြီး လုပ်ငန်းများပူးပေါင်းဆောင်ရွက်ရန် CSO များအတွက် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ရန် CSO များအချင်းချင်း ကွန်ရက်ချိတ်ဆက်မှုမှတစ်ဆင့် နိုင်ငံအတွင်း CSO များနှင့်ချိတ်ဆက်ပြီး လုပ်ငန်းများပူးပေါင်းဆောင်ရွက်ရန် မြန်မာနိုင်ငံ၏ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် CSO များ၏အခန်းကဏ္ဍကို မြှင့်တင်သွားရန် ပြောကြားခဲ့သည်။

ယင်းဖိုရမ်သို့ ရေးမြို့နယ်မှ ဖိတ်ကြားထားသည့် အရပ်ဘက်လူမှုရေးအဖွဲ့ပေါင်း ၇၈ ဖွဲ့မှ ၁၃၅ ဦး တက်ရောက်ကြပြီး မိမိတို့၏လုပ်ငန်းဆောင်ရွက်မှု အားနည်းချက်အားသာချက်များ အမြင်ဖလှယ်ကြကာ မြို့နယ်အတွင်းရှိ အရပ်ဘက်အဖွဲ့အစည်းများအချင်းချင်း အတွေ့ကြုံဖလှယ်နိုင်ရန် အဖွဲ့အစည်းများအချင်းချင်း ကွန်ရက်ချိတ်ဆက်လုပ်ငန်းဆောင်ရွက်ခြင်း အကျိုးကျေးဇူးများကို အရပ်ဘက်အဖွဲ့အစည်းဝင်များ ပိုမိုသိရှိလာရန် ရှေ့ဆက်လုပ်ငန်းဆောင်ရွက်မှုများတွင် အရပ်ဘက်အဖွဲ့အစည်းအချင်းချင်း လက်တွဲဆောင်ရွက်နိုင်မည့် လုပ်ငန်းအစီအစဉ်များ ချမှတ်နိုင်ရန် မျှော်မှန်းဆောင်ရွက်ခဲ့ကြသည်။

ရှေ့လုပ်ငန်းစဉ်များမှာ ဒေသအတွင်း ပညာပေးလုပ်ငန်းနှင့် စွမ်းရည်မြှင့်တင်မှုသင်တန်းများ ပြုလုပ်သွားရန် အစိုးရ လွှတ်တော်များနှင့် ပြည်သူများ၏အခက်အခဲများကို ညှိနှိုင်းပေးသွားရန်ဖြစ်ပြီး အရပ်ဘက်လူမှုအဖွဲ့အစည်းများထဲတွင် သတင်းအချက်အလက်များ ဖြန့်ဖြူးပေးရန်နှင့် ပြည်နယ်အဆင့် CSO Fourm များပြုလုပ်သွားရန်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

## သောက်သုံးရေရှားပါးသည့်ကျေးရွာတွင် အဝီစိရေတွင်းတူးဖော်ရာ ရေလျှံတွင်းရရှိ



**တောင်တွင်းကြီး ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် သဖန်းကုန်းကျေးရွာနေပြည်သူများသည် နှစ်စဉ် နွေရာသီရောက်တိုင်း သောက်သုံးရေရှားပါးမှုအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရသဖြင့် သေခံပြည်သူများမှာ မိုးတွင်းကာလရောက်သော်လည်း စက်ရေတွင်းများ တူးဖော်ခဲ့ရာ ဦးစံလင်း၊ ဒေါ်ခင်ညွန့် ပန်းသီးမုန့်ဆိုင်က ငွေကျပ်သိန်း ၁၀၀ ကျော်အကုန်အကျခံကာ အနက်ပေ ၁၀၅၅ ပေ ခန့်ရှိ နှစ်လက်မအဝီစိတွင်းတူးဖော်ခဲ့ရာ ဇူလိုင် ၃၁ ရက်က အင်ဂျင်စက်နှင့် မောင်းနှင်စရာမလိုဘဲ ရေများအလိုအလျောက်လျှံထွက်ခဲ့ကြောင်း သိရသည်။

"အဝီစိတွင်းမှ ၁ နာရီကို ရေဂါလန် ၃၀၀၀ အထိထွက်ရှိသဖြင့် ရွာဦးဘုန်းတော်ကြီးကျောင်းအပါအဝင် ဒေသခံပြည်သူများ သန့်ရှင်းတဲ့သောက်သုံးရေများရရှိပြီဖြစ်၍ ဝမ်းသာပျော်ရွှင်မဆုံး ဖြစ်နေကြပါတယ်" ဟု ဒေသခံပြည်သူတစ်ဦးကပြောသည်။

ယခင်က အဝီစိစက်ရေတွင်းတွေ အလှူရှင်များမှတူးဖော်ပေးခဲ့ပြီး လက်နှိပ်တုံကင်တွင်းများလည်း အကြိမ်ကြိမ် နေရာပြောင်းပြီး တူးဖော်ခဲ့သော်လည်း တူးဖော်နည်းစနစ်ချို့တဲ့ခဲ့မှုကြောင့်လည်းကောင်း၊ ရေထွက်ရှိမှုမကောင်းသည့် အခတ်အခဲများကြောင့်လည်းကောင်း ဒေသခံပြည်သူများအတွက် သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း မရှိကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**(၅၈၀)**

## မြစ်သားမြို့ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ စနစ်တကျရှိစေရေး ကွင်းဆင်းဆွေးနွေး

**မြစ်သား ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ငါးဆူကျေးရွာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နိုင်ငံတော်အစိုးရ၏ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ စီဖြင့် ကျေးရွာနေပြည်သူများ လူမှုစီးပွားရေးဘဝ ပိုမိုတိုးတက်မြင့်မားလာစေရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းလုပ်ငန်းများအောင်မြင်ရေး၊ ငွေစာရင်းဆိုင်ရာများ စနစ်တကျရှိစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများကို ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်နှင့် ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက အရင်းမပျောက်လည်ပတ်ငွေများ အဆင်ပြေစွာဆောင်ရွက်နိုင်ရန် မြစိမ်းရောင်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ၏ စာရင်းစစ်ဆေးမည့်ပုံစံများ၊ စာရင်းဇယားများ ဖြည့်သွင်းထားရှိမှု အခြေအနေများကို ပေါင်းစပ်ဆွေးနွေးခဲ့သည်။

**ရဲဝင်းထွန်း(မြစ်သား)**



# ပညာခေတ်နှင့်ယနေ့လူငယ်

**àarmfrmkG**

ယနေ့လူငယ်များတွင် အပေါ်ကြွယ်ဝဆုံးသောအရာကို ပြောပြပါဆိုလျှင် အချိန်ဟုပင်ဆိုရပေမည်။ အချိန်သည် အဖိုးတန်ဆုံးသော အရင်းအနှီးဖြစ်ကြောင်းကိုလည်း ဆရာကြီးပီမိုးနင်းက ရေးသားခဲ့ဖူးသည်။ ယနေ့လူငယ်အများစုတွင် အဆိုပါ အဖိုးတန်ဆုံး အရင်းအနှီးဖြစ်သည့် အချိန်နှင့်အတူ နောက်ထပ်အဖိုးတန်ဆုံးသောအရင်းအနှီးမှာ နည်းပညာပင်ဖြစ်သည်။ ယနေ့လူငယ်များသည် ယခင်ခေတ်လူငယ်များထက် နည်းပညာကို စောစီးစွာ ထိတွေ့ခွင့်ရကြသည်။ ယင်းကြောင့်လည်း ယခင်ခေတ်လူငယ်များထက်ပို၍ အခွင့်အလမ်းကောင်းများ ပိုင်ဆိုင်ခွင့် ရရှိကြသည်ဟု မြင်မိသည်။

သို့ရာတွင် ယနေ့ အမိနိုင်ငံတော်၏ လူငယ်များအကြား အချိန်၏တန်ဖိုးကို သိရှိသူနှင့် နည်းပညာ၏ တန်ဖိုးကို နားလည်သူ အရေအတွက်မှာ အတော်ပင် နည်းနေသေးသည်ဟု သုံးသပ်မိသည်။ အကြောင်းမှာ လူငယ်အများစုသည် နည်းပညာနှင့်အချိန် ပေါင်းစပ်အသုံးချမှုကို ပညာရပ်ဆိုင်ရာနှင့် ဘဝတိုးတက်ရေးဆိုင်ရာ ဗဟုသုတများ လေ့လာရေးတွင် အသုံးချရမည့်အစား facebookကဲ့သို့သောလူမှုရေးအပေါင်းအသင်းများ၌သာ များစွာအသုံးချမိနေခြင်းကြောင့်ပင်ဖြစ်သည်။

အချိန်သည် အဖိုးတန်သည်။ သို့သော် ထိုအဖိုးတန်သောအချိန်ကို အဖိုးတန်သည့်အလုပ်၌ မရင်းနှီးဘဲ အဖိုးနည်းသည့်အလုပ်၌ ရင်းနှီးသောအခါ အချိန်၏တန်ဖိုးသည်လည်း ကျဆင်းသွားလေတော့သည်။ ထို့ထက် အချိန်ရေစီးကြောင်း ကုန်လွန်မှုနှင့်အတူ လူငယ်၏ သိသင့်တတ်သင့်သည့် ပညာရပ်ဆိုင်ရာ ဗဟုသုတများပါ သိသင့်သိထိုက်သည့်အရွယ်၊ ရသင့်ရထိုက်သည့် တန်ဖိုးထက် လျော့နည်းကျ ဆင်းသွားလေတော့သည်။

အချိန်သည် တန်ဖိုးရှိသည်ကားမှန်၏။ သို့ရာတွင် အဆိုပါ တန်ဖိုးရှိသောအချိန်သည် တန်ဖိုးရှိသောအလုပ်၊ တန်ဖိုးမဲ့သော အလုပ်စသည်တို့ လုပ်ဆောင်နေသည့် လူငယ်များအပေါ်တွင် မူတည်၍ တန်ဖိုးကွဲပြား သတ်မှတ်သွားခြင်းခံရသည်သာဖြစ်သည်။ တန်ဖိုးရှိသော အလုပ်ကိုလုပ်က ထိုအလုပ်၏ ပြီးမြောက် အောင်မြင်မှုနှင့်အညီ အချိန်သည် တန်ဖိုးရှိမည်။ အလားတူစွာ လောင်းကစားပြုလုပ်ခြင်း၊ ဘဝတန်ဖိုးကို ပေါ့ပေါ့တွေးကာ ပေးလားဝါးလား နေသည့်သူများနှင့် အချိန်ဖြုန်းခြင်းစသည့် တန်ဖိုးမရှိသော အလုပ်ကိုလုပ်က ယင်းအလုပ်နှင့်လျော်ညီစွာ အချိန်၏တန်ဖိုးမဲ့နေမည်သာဖြစ်သည်။

"ပုဆိုးခါးတောင်းကျိုက်က ကူလီသမားသာဖြစ်မည်။ ဦးနှောက်ကို ခါးတောင်းကျိုက်မှသာလျှင် ပညာရှင်ဖြစ်မည်"ဟု ဆရာကြီးဦးအောင်သင်းက ပညာကို မည်သို့မည်ပုံကြိုးစားရယူသင့်ကြောင်း၊ ပညာကို တန်ဖိုးထား ရှာဖွေသင့်ကြောင်း ဥပမာသာဓကဖြင့် လူငယ်များအား ဆုံးမခဲ့ဖူးသည်။ အမှန်ပင်လည်း ယနေ့အမိနိုင်ငံတွင် ဦးနှောက်ကို ခါးတောင်းကျိုက်သောလူငယ်များ ရှားပါးနေခြင်းကြောင့် အသိပညာရှင်၊ အတတ်ပညာရှင်များ နည်းပါးနေခြင်းပင်ဖြစ်သည်။

## အချိန်သည်အဖိုးတန်သည်။ သို့သော် ထိုအဖိုးတန်သောအချိန်ကို အဖိုးတန်သည့်အလုပ်၌ မရင်းနှီးဘဲ အဖိုးနည်းသည့်အလုပ်၌ ရင်းနှီးသောအခါ အချိန်၏တန်ဖိုးသည်လည်း ကျဆင်း . . .

တစ်နည်းအားဖြင့်ဆိုရသော် အမိနိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယနေ့ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များနည်းပါးနေခြင်းဖြစ်သည်။ အထူးအားဖြင့် နိုင်ငံတစ်ခု၏ တိုးတက်မှုဆုတ်ယုတ်မှုကိုလည်း အဆိုပါနိုင်ငံရှိ လူငယ်များမှ အချိန်နှင့်နည်းပညာကို မည်သို့မည်ပုံအသုံးချနိုင်မှု၊ ထိုမှတစ်ဆင့် တိုင်းပြည်အတွက် အသိပညာရှင်၊ အတတ်ပညာရှင်များ မည်ရွေ့မည်မျှပေါ်ထွန်းနေမှုတို့ အပေါ်မူတည်၍ အကဲဖြတ်နိုင်သည်သာ ဖြစ်သည်။

လူငယ်များအတွက် နည်းပညာနှင့် အချိန်ကို မည်သို့မည်ပုံ အကျိုးရှိစွာ အသုံးချနိုင်မည်နည်းဟု မေးလာပါလျှင် ပေးနိုင်သည့် အဖြေများမှာ မြောက်မြားစွာပင် ရှိပေသည်။ ၎င်းတို့အနက်မှ လူငယ်များ လက်တွေ့ကျကျ အကျိုးရှိစွာ အသုံးချနိုင်သည့် နည်းလမ်းကောင်းများအနေဖြင့် မိမိတို့အားလပ်ချိန်များတွင် အင်္ဂလိပ်စာပေကဲ့သို့ ဘာသာစကားတစ်မျိုးမျိုးကို Online မှတစ်ဆင့် သင်ကြားနိုင်ခြင်း၊ မိမိတို့၏ သက်မွေးပညာလုပ်ငန်းများအတွက် အထောက်အကူပြု အခမဲ့ Online သင်တန်းများ (Free Online Courses) တက်ရောက်နိုင်ခြင်း၊ ပြည်ပနိုင်ငံများသို့ ပညာတော်သင်အခွင့်အလမ်း ရရှိစေနိုင်သည့် ပညာသင်ဆုများ (Scholarships) ရှာဖွေလျှောက်ထားနိုင်ခြင်း၊ Online မှတစ်ဆင့် ပြည်တွင်း ပြည်ပ အလုပ်အကိုင် အခွင့်အလမ်းများ ရှာဖွေခြင်းစသည်တို့ဖြင့် မိမိတို့ဘဝများ တစ်ဆင့်ထက်တစ်ဆင့် တိုးတက်မြင့်မားရေးကို ရှေးရှုနိုင်မည်ဖြစ်သည်။

လက်လှမ်းမီသမျှ တင်ပြရမည်ဆိုပါလျှင် အင်္ဂလိပ်စာပေကဲ့သို့ ဘာသာစကား တစ်မျိုးမျိုးကိုonline မှ တစ်ဆင့်သင်ကြားလိုပါက သက်ဆိုင်ရာနိုင်ငံသုံး Websites များတွင် ဝင်ရောက်ရှာဖွေ တက်ရောက်နိုင်သကဲ့သို့ www.edx.org ကဲ့သို့ Websites များတွင် မိမိတက်ရောက်လိုသည့် ဘာသာစကား သင်တန်းများကို အခမဲ့ရှာဖွေ တက်ရောက်နိုင်မည်ဖြစ်သည်။ အလားတူစွာပင် မိမိသက်မွေးပညာအတွက် အထောက်အပံ့ဖြစ်စေနိုင်သည့် Online အခမဲ့ကာလတိုသင်တန်းများကိုလည်း အဆိုပါ www.edx.org Websites များမှတစ်ဆင့် ရှာဖွေတက်ရောက်နိုင်မည်ဖြစ်သည်။ အခမဲ့ Online ပညာရေးဝန်ဆောင်မှုများသည် ယနေ့ကမ္ဘာတစ်ဝန်းရှိ အထင်ကရ ကျောင်းများဖြစ်သည့် Harvard University, Massachusetts Institute of Technology, University of California, Australian National University နှင့် အခြားသော နာမည်ကြီးကျောင်းများမှပူးပေါင်း၍ အခမဲ့ ပညာဒါနများ ပြုလုပ်လျက်ရှိပါသည်။ (သင်တန်းကြေးမှာ အခမဲ့ဖြစ်သည်။ သို့ရာတွင် မိမိအနေဖြင့် သတ်မှတ်ထားသည့် အောင်မှတ်ရရှိကာ သင်တန်းပြီးဆုံး၍ သင်တန်းပြီးဆုံးကြောင်း Certificate ရယူလိုပါက သင်တန်းအလိုက် Certificate ကြေး ဒေါ်လာ ၅၀ မှ ၁၅၀ အထိ ပေးဆောင်ရမည်ဖြစ်သည်။ Certificate ယူခြင်း မယူခြင်းမှာ မိမိ၏ ကိုယ်ပိုင်ရွေးချယ်ခွင့်သာဖြစ်၍ သင်တန်းကြေးမှာမူ (လုံးဝ) အခမဲ့ ဖြစ်ပါသည်)။

ပြည်ပ ပညာသင်ဆု အခွင့်အလမ်းများအတွက်လည်း http://www.scholars-4dev.com, http://scholarship-positions.com ကဲ့သို့သော Websites များမှ တစ်ဆင့် ထောင်ပေါင်းများစွာသော ပညာသင်ဆုများကို ရှာဖွေတွေ့ရှိနိုင်မည်ဖြစ်သည်။ ထိုအထဲမှ မိမိအနှစ်သက်ဆုံးသော၊ မိမိအနေအထားနှင့် အသင့်တော်ဆုံးသော ပညာသင်ဆုများကို လျှောက်ထားနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။ ပညာသင်ဆုများနှင့် ပတ်သက်၍ စာရေးသူ ကိုယ်တိုင်ပင် Online မှ တစ်ဆင့် လျှောက်ထားဖြေဆိုပြီး ထိုမှတစ်ဆင့် Personal Interview အဆင့်များ အောင်မြင်ကာ ပြည်ပတွင် ပညာသင်ဆုဖြင့် သင်တန်းတက်ရောက်ခွင့်ရခဲ့သည်။ တစ်ချိန်တည်းမှာပင် မိမိဘဝအတွက်လိုအပ်သည့် ပညာရပ်များကိုလည်း online မှပင် ရှာဖွေ၍ အားလပ်ချိန်များ၌ တက်ရောက်လျက်ရှိသည်။ မိမိနှင့် နီးစပ်သည့် နိုင်ငံခြားသား ကျောင်းသားများကို လေ့လာရာတွင်လည်း အများစုသည် ကျောင်းအားလပ်သည့် အချိန်များတွင် ဘဝတိုးတက်ရေးအတွက် မည်သို့သော Online သင်တန်းများ တက်ရောက်မည်၊ ကျောင်းအားလပ်ရက်များ၌ အချိန်ကို မည်သို့မည်ပုံ အသုံးချမည်၊ မည်သည့် အလုပ်ခွင်သင်တန်းများနှင့် ပညာသင်ဆုများကို လျှောက်ထားမည်၊ မည်သည့်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည်၊ ဘွဲ့ရလျှင် မည်သည့်နိုင်ငံတွင် အလုပ်လုပ်မည်စသဖြင့် ၎င်းတို့ဘဝရှေ့ရေး တစ်ဆင့်ထက်တစ်ဆင့် တိုးတက်မြင့်မားရေးကို အစီအစဉ်အမြဲရေးဆွဲကာ အကောင်အထည်ဖော်ဆောင်ရွက်နေကြသည်သာ များပေသည်။ လေးစားအတုယူဖို့လည်း အလွန်ကောင်းလှသည်။ ထို့ကြောင့်လည်း စာရေးသူအနေဖြင့် အဖိုးတန်ဆုံးအရင်းအနှီးများဖြစ်သည့် အချိန်နှင့်နည်းပညာများကို လက်ဝယ်ပိုင်ဆိုင်ထားသည့် ယနေ့အမိနိုင်ငံတော်ရှိ လူငယ်လူရွယ်များကိုလည်း အချိန်၏တန်ဖိုးနှင့် နည်းပညာ၏တန်ဖိုးများကို ဘဝတိုးတက်ရေးအတွက် စနစ်တကျ အကျိုးရှိရှိ အသုံးချစေလိုပါသည်။

အချုပ်အားဖြင့်ဆိုရသော် ပညာရေးအုတ်မြစ်ကောင်းသည့် တိုင်းပြည်များသည် ယနေ့ ကမ္ဘာပေါ်တွင် အဖွံ့ဖြိုးဆုံးသော တိုင်းပြည်များစာရင်းတွင် ပါဝင်နေသည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားမှာ ပညာရေးပင်ဖြစ်သည်။ လူငယ်များ၏ အရည်အသွေးတောက်ပသည့် ဘဝရပ်တည်မှုအတွက် ပညာရေးသည် ၎င်းတို့၏ အချိန်နှင့် နည်းပညာကို မည်ကဲ့သို့အကျိုးရှိရှိ အသုံးချနိုင်မှုတွင် မူတည်နေသည်။ ထို့ကြောင့် ဟားဗတ်တက္ကသိုလ်၏ ပထမဆုံးသောအမျိုးသမီးဥက္ကဋ္ဌဖြစ်လာခဲ့သူ Drew Faust က "အမေရိကန်နိုင်ငံ၏ ဒီမိုကရေစီအလုပ်ဖြစ်အောင် မောင်းနှင်သော အင်ဂျင်မှာ ပညာရေးပင်ဖြစ်ပါကြောင်း" ဟု ဆိုထားသည်ကို ကိုးကားရင်း ယနေ့လူငယ်များသည် နောင်အနာဂတ်တစ်ချိန်ချိန်တွင် မိမိတိုင်းပြည်၏ စွမ်းဆောင်ရည်ပြည့်ဝသည့် အသိပညာရှင် အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ သို့တည်းမဟုတ် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ဖြစ်လာရေးတို့အတွက် အရည်အချင်းပြည့်ဝသော လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်လာကြစေကြောင်း ရည်မျှော်လျက် အကြံပြု ရေးသားအပ်ပေသည်။ ။

# “စစ်ပွဲတွေရပ်” ငြိမ်းချမ်းရေးရမှုဖြစ်တော့မယ်

**à ဆူးငှက်**

‘ကွမ်းအစ်တစ်လုံး. .၊ သျှောင်တစ်ထုံးနှင့်
ရင်ဖုံးအင်္ကျီ၊ ဖျင်ပင်နီနှင့်
ယောထည်ပုဆိုး၊ မင်ကြောင်ထိုးနှင့်
အဘိုးကဝိ ပညာရှိ. . .’

ကျွန်တော်တို့ကျောင်းသားဘဝ၊ အထက်တန်းကဗျာလက်ရွေးစင်စာအုပ်မှာ ပြဋ္ဌာန်းသင်ကြားခဲ့ရတဲ့ ကဗျာစာဆိုကြီးတင်မိုးရဲ့ ‘အဘိုးသခင်ကိုယ်တော်မှိုင်းသို့’ ကဗျာထဲက ပထမဆုံးအပိုဒ် ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ ‘သခင်ကိုယ်တော်မှိုင်း’ ဆိုတဲ့နာမည်ကို ကျွန်တော်စတင်မွေးဖွားပြီး လူမှန်းသိတတ်ကတည်းက ကြားဖူးခဲ့တယ်ဆိုရင် လွန်အံ့မထင်ပါ။ ဘုန်းကြီးကျောင်းစာမျှသာတတ်သော မိဘနဲ့ လက်လုပ်လက်စား အသိုင်းအဝိုင်းမှာ မွေးဖွားခဲ့သူတစ်ယောက်အနေနဲ့ စာတတ်ပေတတ် ကျမ်းပြုကဝိဆရာကြီး သခင်ကိုယ်တော်မှိုင်းကို သိတတ်ကတည်းက ကြားဖူးတယ်ဆိုတာဖြင့် လွန်လွန်းသနော်အပြစ်တင်ကောင်း တင်ကြပါလိမ့်မယ်။ အပြစ်တင်ရင်လည်း ခေါင်းငုံ့ခံရုံပါပဲ။ ကျွန်တော်သိတဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းဆိုတာက. . .

‘မန်း အပျက်မှာ
စန်လင် မသာမယာမို့
ဗမာ ဗမာချင်းတောင်မှ
အတင်းရန်မူလို့
ရန်သူကို ရန်ဟူ၍ မမှတ်တဲ့ပြင်
ကိုယ်တပ်ကိုယ် ပြန်ကာနင်းကြတဲ့
ဖျင်းလှတဲ့ ကမြင်းမအကောင် ဗိုလ်ချုပ်တချို့ရယ်က. . .’ လို့ ‘ဗိုလ်လရောင်’ ကို တခမ်းတနားဖွဲ့ဆိုခဲ့တဲ့ ဆရာကြီးအနေနဲ့ သိတာမဟုတ်ပါဘူး။

အလားတူ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်မှာ အမျိုးသားခေါင်းဆောင် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးတော့ ယူကျုံးမရဖြစ်ပြီး. . .

‘မြန်မာ့ပြည်ပေါ်ကို
ဓမ္မစည်တော်ရွှန်းချိန်မို့
အစွမ်းကုန် သည်တစ်ခါဖြင့်
ပြည်ရွာညီညာဖို့ အလုပ်ပေပေါ့. . .
သုသာန် တံခွန်စောင်းရရှာတဲ့
ရုပ်အကျန် ခုနစ်လောင်းရယ်နှင့်
အလွန်ကောင်းစွာ ကမ္ဘာတည်မည့်
အာဇာနည်ဗိမာန်ပုထိုးကိုဖြင့်
ရှိခိုးကာ ဆရာကန်တော့ချင်ရဲ့. . .’

လို့. .၊ အံကြိတ်၊ တက်ခေါက်ပြီး. . .၊ နောင်လာနောက်သားတွေ အတုယူဂုဏ်ပြုကြစေဖို့ သူကိုယ်တိုင် အာဇာနည်သူ့တပည့်တွေကို ကန်တော့လိုက်ချင်ရဲ့လို့ လှိုက်လှိုက်လှဲလှဲ ဆိုလိုက်တဲ့ ‘အာဂဆရာ’ ဆရာကြီးသခင်ကိုယ်တော်မှိုင်းအဖြစ်သိခဲ့တာလည်း မဟုတ်ပါဘူး။

ဒါမျှမက. . .

၁၉၁၉ ခုနှစ်မှာ တိုင်းပြည်လွတ်လပ်ရေးအတွက် မြန်မာကိုယ်စားလှယ်အဖွဲ့ ဘိလပ် (အင်္ဂလန်)သို့ သွားရောက်တဲ့အခါ. . .

‘ဘဂဝါဘုရာ့ စက်ပျံ နိဗ္ဗာန်ကောင်းကင်
စခန်းပေမို့
ပါဒနက်သန် ဗိမာန်ကျောင်းသခ်န်းတွင်မှ
ခအောင်းကညင် သဖန်းငုံ့ပြင်
ထနောင်းပင် တနန်းရယ်နှင့် ဝနာကဘယံ
အငူ
အပေါင်း ဘဝင်ချမ်းစေဖို့
အကောင်းတမင်မှန်းမှန်းပြီး
ဒေါင်းအဆင်ဆန်းတွေနဲ့ ပဝါအလံထူ. .’

လို့ မန်ကျည်းရွက်သပ် ကာရန်နှင့်လည်းညီ အဓိပ္ပာယ်လည်းလေးနက်တဲ့ မဟာကဗျာလေးချိုးကြီးဖွဲ့ပြီး ဂုဏ်ပြုခဲ့လို့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို သိခဲ့တာလည်း မဟုတ်ရပါဘူး။

ဒီနောက်. . .

‘ဝေး ခရီးပေမဲ့
အရေးကြီးလျှင်ဖြင့်၊ သွေးနီးရာပါစမြဲပေမို့
ဆရာလဲကွာ. . .၊ ပဋ္ဌမအရင် ကနဦးဆီက
ထဆင်ထူးကို တမြည်မြည်သင်ခဲ့သမို့
ထီမထင်ကျောင်းတော်သားတွေတို့
အမည်အစဉ်မှာ ခေါင်းအပေါ်ဖျားတွင်မှ
မင်းရို့ဆရာကို စာရင်းတို့ကာ ထားလိုက်ကြပေတော့. . .’

ရယ်လို့ ရေးစပ်အသိပေးပြီး ၁၉၂၀ ပြည့်နှစ် ယူနီဗာစီတီသပိတ်ကြီးမှာလည်း ငယ်မူငယ်သွေးပြန်ကာ တပည့်ကျောင်းသားတွေနဲ့ လက်ချင်းချိတ်ခဲ့တဲ့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းအနေနဲ့ သိခဲ့တာလည်းမဟုတ်ပါဘူး။

ထို့ပြင်တဝ. . .

မြန်မာပြည်ရဲ့ အများစုနင်းပြားတွေဖြစ်ခဲ့ရတဲ့ လယ်သမားတွေကို ဆရာစံဦးဆောင်ပြီး အုပ်စိုးသူကို တော်လှန်ပုန်ကန်တဲ့ အရေးတော်ပုံကြီးကိုလည်း

‘သာမျို့အရကို အစုံဖန်ပေ့ါ
ရဂုံစံ ချစ်စရာ တပည့်တို့မှာဖြင့်
ဉုံအရဟံ သစ္စာဂတိတွေနှင့်
ဂဠုန် သရဏံ ဂစ္ဆာမိကြပေတော့. . .’

လို့ ဂုဏ်ပြုထောပနာပြုလို့လည်း ‘သခင်ကိုယ်တော်မှိုင်း’ ရယ်လို့ သိတာမျိုးလည်း မဟုတ်ခဲ့ပါဘူး. . .။

ကဲ နောက်ဆုံး. . .

‘တို့ဗမာတစ်ခွင် သခင် ထိုအကျော်အမော်
ဂိုဏ်းတွင်ဖြင့်
မျို့ရတနာသဘင် အကြင်ပြဟ္မစိုရ် ဗဟိုသော် တန်ခိုင်းပေပ၊
ဇမ္ဗူသမိုင်းပျော်စရာ့အခြေ. . .၊
(အိုကွယ်) သခင်ကိုယ်တော်မှိုင်းရယ်လို့
လူတိုင်းခေါ်ကြစေ. . .’

ဆိုပြီး ၁၉၃၄ ခုနှစ် ရေနံချောင်းမှာကျင်းပတဲ့ ပထမအကြိမ် တို့ဗမာအစည်းအရုံးကွန်ဖရင့် ဘွဲ့မဟာကဗျာလေးချိုးကြီးကြောင့်လည်း ဆရာကြီးကို ကြားဖူးခဲ့၊ သိဖူးခဲ့တာမဟုတ်ပါဘူး။





ကျွန်တော်တို့အများစု ပြည်သူလူထုရဲ့ ဒီကနေ့ နှလုံးသားထဲကသိသော ဆရာကြီးသခင်ကိုယ်တော်မှိုင်းက သူမဆုံးခင် ၂၂ ရက် ၁၉၆၄ ခုနှစ် ဇူလိုင်လ ၁ ရက် ည ၉ နာရီ သာသာမှာ အတူလက်တွဲဖက် တပည့် ဦးထွန်းတင် (ကွယ်လွန်သူ ရွှေနေကြီးဦးထွန်းတင်) ကို သူ့အနားခေါ်ပြီး. . .

‘အင်း. . . ဆရာတော့ မသေခင်
ဆရာတို့ တိုင်းပြည်မှာ
တကယ့် လွတ်လပ်ရေးနဲ့
ငြိမ်းငြိမ်းချမ်းချမ်း ညီညီညွတ်ညွတ်ဖြစ်တာပဲ မြင်သွားချင်တာပါပဲ’

ဆိုတဲ့ လေးနက်တည်ကြည်တဲ့ အသံပဲဖြစ်ပါတယ်။ ဒီအသံက ဒီကနေ့ ကျွန်တော်တို့ သားမြေးများရင်ထဲအထိ လှုပ်ခတ်ရှင်သန် မြည်ဟည်းနေဆဲပါပဲ. . .။ သန်း ၅၀ ကျော်သော မြန်မာပြည်သူလူထုရင်ထဲ နှလုံးသားထဲ အခုအချိန်မှာ ပိုမိုမြည်ဟည်း ပဲ့တင်ထပ် ဗလောင်ဆူနေဆဲပါပဲ။ ဒါကြောင့် ပျောက်ကွယ်မသွားတဲ့ ဆရာကြီး စကားသံသဲ့သဲ့နောက်မှာ ဒီအသံတွေ ပဲ့တင်ထပ်နေတယ်။

‘စစ်ပွဲတွေရပ်၊ ငြိမ်းချမ်းရေးရမှု ဖြစ်တော့မယ်။ စစ်ပွဲတွေရပ်၊ ငြိမ်းချမ်းရေးရမှုဖြစ်တော့မယ်။ စစ်ပွဲတွေရပ်၊ ငြိမ်းချမ်းရေးရမှု ဖြစ်တော့မယ်။ စစ်ပွဲတွေရပ်၊ ငြိမ်းချမ်းရေးရမှုဖြစ်တော့မယ်’

ဆရာကြီးဆန္ဒကား ကွယ်လွန်ပြီး ၅၂ တိုင်သော်လည်း မပြည့်သေး. . .။

ဒါပေမယ့် ကျွန်တော်တို့မှာ ဆရာကြီးဆန္ဒပြည့်ဝစေမယ့် အခွင့်အရေးကောင်းတွေ တစ်ကြိမ်မက ကြုံခဲ့ပါတယ်။ ဒီအခွင့်အရေးကောင်းတွေကို ကိုယ်ကျိုးအတ္တ အယူအဆ အစွဲအလမ်းတွေနဲ့ မိုက်မဲစွာ ငြင်းပယ်ခဲ့ကြတာချည်းပါပဲ။ ဒီလိုနဲ့ တိုင်းပြည်မှာ သေနတ်သံမစဲခဲ့။ စစ်မီးမငြိမ်းခဲ့။ ဒုက္ခပင်လယ်ဝေခဲ့။ လင်မဲ့ မယားမဲ့ သားမဲ့ သမီးမဲ့ မိမဲ့ဖမဲ့ အိုးမဲ့အိမ်မဲ့နှင့် ကုန်းကောက်စရာမရှိအောင် ဆင်းရဲမွဲတေခဲ့. .။ ရှေ့ခရီးကို သည်လိုပဲ ဆက်ကြဦးမည်လား။ စစ်ပွဲရှိနေသရွေ့ ရှေ့ခရီးမဆက်နိုင်၊ ရှေ့ခရီးမဆက်နိုင်သမျှ ဘာမှရမှာမဟုတ်။ ကျွန်တော်တို့ အဟုတ်တကယ် ကမ္ဘာ့အလယ် လူရိုသေ ရှင်ရိုသေနေလိုလျှင် တိုင်းပြည်တိုးတက်မှဖြစ်ပါမယ်။ တိုင်းပြည်တိုးတက်ဖို့က တစ်ပြည်လုံးငြိမ်းချမ်းမှ ဖြစ်ပါမယ်။ ငြိမ်းချမ်းဖို့က စစ်ပွဲတွေမရှိမှဖြစ်ပါမယ်။

ဒီကနေ့အချိန်ဟာ တိုင်းပြည်ငြိမ်းချမ်းဖို့ အကောင်းဆုံးအခွင့်အရေးပေးနေတဲ့ အချိန်ကောင်းပါပဲ။ ဒီအခွင့်အရေးမျိုးက နောင်တစ်ချိန်ပြန်ရဖို့ မလွယ်တော့။ စစ်ပွဲတွေ ဖန်တီးနေကြသူများ၊ စစ်ပွဲဖြစ်စေသည့် အခြေအနေများကို သန်း ၅၀ကျော်သော ပြည်သူလူထုအား သနားညှာတာ ထောက်ထားသောအားဖြင့် မျက်နှာချင်းဆိုင် တွေ့ဆုံအဖြေရှာပြီး ရပ်ဆိုင်းပြောင်းလဲကြပါတော့။ လွန်ခဲ့သော နှစ်ပေါင်း ၆၀ ဝန်းကျင်က ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ဆန္ဒက သန်း ၅၀ ကျော်သော ပြည်သူလူထု၏ဆန္ဒ အစစ်အမှန်ပါပဲ။ ဒါကြောင့် ကျွန်တော်အပါအဝင် သန်း ၅၀ ကျော်သော ပြည်သူလူထုဟာ နောက်ဆုံးထွက်သက်အထိ မြန်မာပြည်ကြီး ငြိမ်းချမ်းရေးရစေချင်တဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ ဆန္ဒဖြစ်တဲ့

‘တိုင်းပြည်မှာ
တကယ့်လွတ်လပ်ရေးနဲ့
ငြိမ်းငြိမ်းချမ်းချမ်း ညီညီညွတ်ညွတ်
ဖြစ်တာပဲမြင်သွားချင်တာပါပဲ’

ဆိုတဲ့ အသံက မွေးဖွားပေးလိုက်တဲ့ အသံသစ်တွေက မိုးလုံးလျှံနေတော့တယ်. .။

စစ်ပွဲတွေရပ်၊
ငြိမ်းချမ်းရေးရမှုဖြစ်တော့မယ်။ ။

## စစ်တွေဆေးရုံတွင် ပြည်သူ့အကျိုးပြု(၁၄)ကြိမ်မြောက်သွေးလှူ

**ဘားအံ ဩဂုတ် ၁**

ကရင်ပြည်နယ် ဘားအံမြို့မှ ရှေ့တန်းအမှတ်(၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲရှိ အရာရှိနှင့် ရဲတပ်ဖွဲ့ဝင်များက အရေးပေါ် လိုအပ်လာသောလူနာများ အဆင်ပြေစေရန် အတွက်ရည်ရွယ်၍ (၁၄) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းခြင်းကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက စစ်တွေမြို့ ပြည်သူဆေးရုံတွင် လှူဒါန်းခဲ့ကြသည်။

သွေးလှူဒါန်းရာတွင် ရှေ့တန်းအမှတ်(၂၂)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲရှိ အရာရှိနှင့် ရဲတပ်ဖွဲ့ဝင် ၃၀ အား ဓာတ်ခွဲကျွမ်းကျင် ဝန်ထမ်းများက လိုအပ်သောဆေးစစ်ဆေးမှုများ ပြုလုပ်ကြပြီး စုပေါင်းသွေးလှူဒါန်းခြင်းကို ဆောင်ရွက်ကြသည်။

အဆိုပါ သွေးလှူဒါန်းနေမှုအား အမှတ်(၂၂)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးထွန်းမြင့်ထွန်း၊ ဒုတပ်ဖွဲ့ခွဲမှူးရဲမှူးကျော်သူရ စစ်တွေမြို့ပြည်သူ့ဆေးရုံ အုပ်ဒေါက်တာရွှေသိန်းတို့မှ သွားရောက်ကြည့်ရှုအားပေးကာ သွေးလှူရှင်တပ်ဖွဲ့ဝင်များအား အချိုရည်၊ အားဆေးများ ထောက်ပံ့ပေးခဲ့ကြောင်းနှင့် ယခုလိုအမှတ်(၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲအနေဖြင့် နောက်တန်းဌာနချုပ်တည်ရှိရာ ဘားအံမြို့ပြည်သူ့ဆေးရုံကြီးတွင် လစဉ်ပုံမှန်စုပေါင်းသွေးလှူဒါန်းခဲ့ရာ စုစုပေါင်းသွေးလှူဒါန်းနိုင်မှု ၆၁၈ ပုလင်းကို ပြည်သူ့အကျိုးပြု လှူဒါန်းနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## အရင်းမပျောက်မတည်ရန်ပုံငွေပေးအပ်

**နေပြည်တော် ဩဂုတ် ၁**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သည့် မြစိမ်းရောင်အရင်းမပျောက်လည်ပတ်ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၂၉ ရက်က ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမတွင် ပြုလုပ်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးကိုကိုနိုင်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က မြစိမ်းရောင်စီမံကိန်းနှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန် အချက်များကို သေချာစွာဂရုပြုလိုက်နာဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အကြားချုပ်ဆိုသည့် သဘောတူစာချုပ်ပါ အချက်အလက်များအား မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဦးပြည့်ဖြိုးအောင်က ရှင်းလင်းပြောကြားပြီး ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဇလောင်း(မြောက်)ကျေးရွာ၊ ပိုးစားတောကျေးရွာ၊ ဖောင်းလောင်ကျေးရွာနှင့် တပ်ရှိန်းကျေးရွာများမှ မြစိမ်းရောင်ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများအား ရန်ပုံငွေကျပ်သိန်း ၃၀၀နှင့် သဘောတူလက်မှတ်ထိုးစာချုပ်များအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**(ရွှေရဲရင့်)**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၃၃၁) ကြိမ်မြောက် ထီပေါက်စဉ် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၁၅၀၀) ဆု

ဂ - ၄၉၂၃၅၆

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

လ - ၃၀၅၂၃၂   ဆ - ၇၀၆၆၆၀

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

န - ၂၉၀၄၁၀
ဌ - ၃၀၃၆၄၂
ဘ - ၄၈၇၁၉၆
ပ - ၈၆၁၀၀၀
ဘ - ၉၅၃၇၄၃

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၃၀၀)ဆုများ

ကဂ - ၂၃၁၅၁၂
န - ၃၁၈၈၄၀
ဃ - ၄၃၃၁၆၈
ကက - ၇၁၈၂၀၃
ဋ - ၇၂၀၇၄၁
ကဃ - ၈၄၁၁၉၈

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၂၀၀)ဆုများ

ဃ - ၁၆၀၄၇၉
ခ - ၂၂၄၆၆၂
တ - ၂၇၉၈၀၆
သ - ၈၁၈၆၄၆
လ - ၈၁၉၁၀၆
ရ - ၉၅၆၉၁၉
ဍ - ၉၅၉၇၃၃

## ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

| | | | |
|---|---|---|---|
| ည - ၁၂၀၀၃၆ | ဘ - ၄၈၇၄၁၈ | ဂ - ၆၇၃၁၅၉ | ဖ - ၈၈၀၉၂၅ |
| ဏ - ၂၀၁၃၇၅ | ဇ - ၅၁၈၀၅၀ | ခ - ၆၇၅၇၈၀ | ဃ - ၉၁၀၃၁၅ |
| ခ - ၂၂၄၃၀၁ | ကင - ၅၄၄၀၁၄ | ကဂ - ၆၈၁၁၈၁ | စ - ၉၁၇၀၀၆ |
| ကခ - ၃၅၈၈၀၂ | ဇ - ၅၅၅၉၉၈ | ကဆ - ၈၅၉၉၈၅ | |
| ဋ - ၃၆၉၃၈၃ | ကင - ၅၅၆၈၉၇ | ဃ - ၈၇၁၀၈၅ | |

## ဆုတစ်ဆုချင်းကျပ်သိန်း(၅၀)ဆုများ

| | |
|---|---|
| ဃ - ၁၂၀၄၆၈ | ကဂ - ၈၃၇၃၂၆ |
| ကစ - ၁၂၁၈၅၁ | ကက - ၈၃၇၇၀၈ |
| ခ - ၁၈၉၉၉၅ | ကဃ - ၈၄၂၇၁၅ |
| စ - ၂၂၆၂၄၂ | ည - ၈၆၁၇၀၅ |
| သ - ၂၄၇၅၃၁ | ဝ - ၈၆၃၉၇၂ |
| န - ၄၈၁၉၇၄ | ကင - ၈၇၆၇၇၂ |
| ည - ၅၀၄၃၀၂ | ဒ - ၈၈၃၈၆၂ |
| ရ - ၅၅၉၇၄၈ | ကစ - ၉၂၃၅၉၆ |
| န - ၇၃၆၉၁၅ | သ - ၉၃၀၀၁၅ |
| ဃ - ၇၇၇၂၆၅ | ည - ၉၅၉၉၀၂ |

## ဆုတစ်ဆုချင်းကျပ်(၂၅)သိန်းဆုများ

| | |
|---|---|
| က - ၁၅၂၉၁၇ | ပ - ၄၉၀၈၅၀ |
| ဟ - ၂၀၉၉၃၁ | ဘ - ၇၄၄၄၃၃ |
| ဒ - ၃၀၆၆၁၃ | ဌ - ၇၉၃၈၅၆ |
| ဈ - ၃၀၉၇၇၂ | သ - ၇၉၉၁၀၉ |
| င - ၃၂၉၆၇၆ | ဘ - ၈၀၈၆၂၀ |
| ဏ - ၃၅၃၃၃၉ | စ - ၈၆၁၅၂၅ |
| ကခ - ၃၈၅၉၃၇ | ကဂ - ၈၈၉၀၄၆ |
| ကဂ - ၃၈၉၃၄၆ | ခ - ၉၉၃၃၁၂ |
| ကက - ၃၉၃၂၆၁ | ရ - ၉၉၄၀၄၃ |
| က - ၄၉၀၁၇၇ | မ - ၉၉၇၂၂၂ |

## ဆုတစ်ဆုချင်းဆုမဲစနစ်ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| ကဂ | ၁၆၆၈၂၆ | ကင | ၅၈၉၈၃၀ |
| ဇ | ၁၉၇၆၀၀ | ကက | ၆၉၆၅၃၁ |
| သ | ၂၀၀၆၆၂ | ဇ | ၇၀၂၃၅၈ |
| ကဂ | ၂၂၅၆၅၄ | ဍ | ၇၁၄၁၅၃ |
| ခ | ၂၃၉၉၇၆ | က | ၇၂၆၅၅၀ |
| မ | ၃၁၃၈၂၈ | ထ | ၇၄၉၂၂၅ |
| ဃ | ၃၄၁၄၀၇ | ဠ | ၇၆၄၀၄၃ |
| ကဂ | ၃၄၇၃၅၈ | ဠ | ၈၀၅၅၂၃ |
| ဝ | ၄၂၈၃၃၈ | ပ | ၈၆၇၇၂၃ |
| စ | ၄၈၃၃၇၉ | ဗ | ၈၈၀၄၇၇ |
| င | ၄၉၀၆၂၄ | ဟ | ၉၂၆၄၇၆ |
| ည | ၅၁၀၇၀၉ | ဃ | ၉၂၆၉၈၉ |
| အ | ၅၁၆၆၁၆ | ရ | ၉၅၁၉၄၁ |
| က | ၅၄၁၂၆၁ | ကဆ | ၉၈၅၁၁၈ |
| က | ၅၅၃၅၂၀ | ဘ | ၉၉၃၇၄၅ |

## ဆုတစ်ဆုချင်းဆုမဲစနစ်ကျပ်(၅)သိန်းဆုများ

| | | | |
|---|---|---|---|
| န | ၁၂၁၉၅၆ | ကက | ၅၀၉၇၂၉ |
| ဃ | ၁၄၄၇၉၄ | ပ | ၅၁၅၄၄၂ |
| ဈ | ၂၀၇၃၄၃ | ဃ | ၅၅၀၄၈၂ |
| ဈ | ၂၂၉၇၅၄ | ဍ | ၅၉၁၈၆၅ |
| င | ၂၄၅၄၄၄ | ဝ | ၆၉၁၁၈၉ |
| ခ | ၂၄၇၉၁၃ | ဘ | ၆၉၆၈၆၄ |
| မ | ၂၄၈၉၁၆ | ဖ | ၇၅၁၆၅၅ |
| ဋ | ၂၅၅၆၂၂ | ဆ | ၇၆၅၀၂၁ |
| ဓ | ၃၀၅၄၃၃ | ရ | ၇၈၈၇၁၉ |
| ကင | ၃၀၈၉၉၆ | ပ | ၈၂၄၂၆၃ |
| ဃ | ၃၅၆၃၇၆ | ဋ | ၈၃၄၄၂၂ |
| မ | ၄၁၅၁၂၀ | န | ၈၃၉၉၅၉ |
| ဟ | ၄၂၉၂၅၉ | ကခ | ၈၅၂၅၃၃ |
| ဃ | ၄၅၉၀၉၉ | ထ | ၈၆၅၉၂၈ |
| တ | ၄၆၀၃၅၆ | ဃ | ၉၁၀၆၈၅ |
| ကဆ | ၄၇၀၂၆၀ | ပ | ၉၄၄၇၈၈ |
| မ | ၅၀၂၆၄၉ | န | ၉၈၄၆၀၇ |

# ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

## ဝေဝေဆာဆာပဒေသာ(၃)သိန်းဆုများ

| | | | |
|---|---|---|---|
| ဖ | ၁၃၁၀၁ | ရ | ၄၄၇၈၀ |
| ကင | ၁၅၆၃၁ | ကစ | ၄၆၅၆၅ |
| ဃ | ၁၆၃၉၈ | ဎ | ၅၅၃၃၄ |
| ကဆ | ၁၈၇၃၀ | န | ၆၉၃၆၀ |
| ဠ | ၃၄၈၁၆ | ဈ | ၇၇၀၁၈ |

အထူးရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

## ဝေဝေဆာဆာပဒေသာ(၂)သိန်းဆုများ

| | | | |
|---|---|---|---|
| ဍ | ၁၂၃၁ | ည | ၇၆၅၇ |
| ဇ | ၄၆၉၅ | ဃ | ၈၂၈၅ |
| န | ၅၃၃၇ | ခ | ၈၈၉၉ |
| ရ | ၅၉၀၂ | န | ၉၃၅၉ |
| ဗ | ၆၄၀၄ | သ | ၉၆၀၄ |

အထူးရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

## ဝေဝေဆာဆာပဒေသာ(၁)သိန်းဆုများ

| | | | |
|---|---|---|---|
| ဒ | ၁၃၃ | ခ | ၅၄၅ |
| လ | ၁၇၀ | အ | ၆၈၆ |
| ဝ | ၂၀၉ | ဇ | ၉၂၆ |
| င | ၂၉၇ | စ | ၉၅၃ |
| ဍ | ၄၉၉ | | |

အထူးရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

## ဝေဝေဆာဆာပဒေသာ(၅)သောင်းဆုများ

| | |
|---|---|
| ဆ | ၁၁ |
| စ | ၁၇ |
| ဆ | ၉၃ |

အထူးရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း

၁။ ဖွင့်လှစ်ခဲ့သော (၃၃၁)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီအုပ်ရေ (၃၂၇၂၇၂၀)အုပ်အားရောင်းချပေးခဲ့ရာ ရောင်းရငွေကျပ် (၆၅၄၅၄၄၀၀၀၀) ရရှိခဲ့ပြီး၊ ၎င်းမှ ( ၆၀ ) ရာခိုင်နှုန်းဖြစ်သော ကျပ်(၃၉၂၇၂၆၄၀၀၀)ကို ဆုမဲပေါင်း (၄၀၂၄၃) ဆု ဖွင့်လှစ်ပေးခဲ့ပါသည်၊

၂။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ၊ (၁) ရက်နေ့တွင် ဖွင့်လှစ်မည့် ( ၃၃၂ ) ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် အတွဲရာလုံးရေ ( ၄၀ ) ကုန်စင်အောင် ရောင်းချရပါက ဆုမဲပေါင်း ( ၄၀၂၄၃ )ဆု ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။

၃။ အောင်ဘာလေထီ ဝယ်ယူကံစမ်းမည့်သူများအနေဖြင့် ( ၃၃၂ ) ကြိမ် အတွက် ၃ -၈-၂၀၁၆ရက် မှစတင်၍ ထီစာအုပ်ကုန်စင်သည်အထိ အမှတ် (၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်ရှိအောင်ဘာလေသိန်းဆုဌာနခွဲတွင် ထီလက်မှတ် (၁၁)စောင်ပါ ထီစာအုပ်တစ်အုပ် ကျပ်(၂၀၀၀)နှုန်းဖြင့်တစ်ဦးလျှင် ထီစာအုပ် (၁)အုပ် မှ ထီစာအုပ် (၁၀)အုပ်ထိ နိုင်ငံသားကတ်မူရင်းနှင့် မိတ္တူတင်ပြပြီး နံနက်(၁၀း၃၀)နာရီ မှ မွန်းလွဲ (၂)နာရီအချိန်အတွင်း ငွေသားလက်ငင်းပေးချေ၍ လွတ်လပ်စွာ ဝယ်ယူကံစမ်းနိုင်ပါသည်။

ဆုငွေစတင်ထုတ်ပေးမည့်ရက် ( ၈- ၈- ၂၀၁၆ )

ယခုအကြိမ်နှင့် အကြိမ်ဟောင်းများမှ ဆုရလက်မှတ်များကို နေ့စဉ်လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ ၊ အိမ်ထောင်စုစာရင်းမူရင်း/ မိတ္တူ ၊(၆)လအတွင်းရိုက်ကူးထားသည့် ပတ်(စ်)ပို့ဓာတ်ပုံ (၃) ပုံ တင်ပြရန် လိုအပ်ပါသည်၊

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်၊**


SAMSUNG
DAY
2016, AUGUST
SAMSUNG Smart Phones နှင့် Tablets တွေဝယ်ယူပြီး
လက်ဆောင်တွေ ရယူလိုက်ကြရအောင်
ဩဂုတ်လ (၁)ရက်နေ့မှ (၃)ရက်နေ့အထိ
ကျပ် ၅၀၀,၀၀၀ အထက် ဝယ်ယူသူတိုင်းအတွက်
Remax powerbank 10,000 mAh
Traveller Bag
Selfie Stick
ကျပ် ၅၀၀,၀၀၀ မှ ၂၀၀,၀၀၀ အတွင်း ဝယ်ယူသူတိုင်းအတွက်
Powerbank+ bluetooth speaker+flashlight
Traveller Bag
Selfie Stick
ကျပ် ၂၀၀,၀၀၀ အောက် ဝယ်ယူသူတိုင်းအတွက်
Remax Powerbank 5,000 mAh
Traveller Bag
Selfie Stick
လက်ဆောင်အရေအတွက် ကန့်သတ်ထားပါသည်၊ ပရိုမိုးရှင်း အစီအစဉ်၏ စည်းကမ်းများသည် Samsung Myanmar မှ သတ်မှတ်ထားသည့် အတိုင်းသာဖြစ်သည်။
samsungmobilemyanmar
samsungmyanmar
samsungmyanmar
samsung e commerce
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် Samsung promotor ရှိသောကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center
01 2399 888
(Mon-Sun)
8AM to 6PM

## အောင်မင်္ဂလာမိုးကုတ်ဝိပဿနာကျောင်းတိုက်

ဆောက်လုပ်ရာတွင် လှူဒါန်းလိုသော အလှူရှင်များအား နှိုးဆော်လွှာ



RC နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်မည်ဖြစ်ပါသည်။

၁။ ၅' x ၅' ပတ်လည် တစ်ခန်းလျှင် - ၅၀၀,၀၀၀/(ငါးသိန်းကျပ်တိတိ)နှုန်း

၂။ တိုင်တစ်တိုင်လျှင် - ၁,၂၅,၀၀၀ (တစ်သိန်း နှစ်သောင်းငါးထောင်ကျပ် တိတိ) နှုန်းဖြင့် ကျောင်းဒါယကာ၊ ကျောင်းဒါယိကာမ အဖြစ် ပါဝင်လှူဒါန်းနိုင်ပါသည်။

ကျောင်းဒါယကာ၊ ကျောင်းဒါယိကာမ အဖြစ် ပါဝင်လှူဒါန်းနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း - 09 - 432007817 , 09 - 780820215

---

## ကိုရီးယားဘာသာစကား အခမဲ့အထူးသင်တန်း

ကိုရီးယား ဆရာ/ဆရာမများ ကိုယ်တိုင်သင်ကြားပေးပါမည်။

စကားပြန်၊ ကိုရီးယားကုမ္ပဏီတွင် အလုပ်ဝင်နိုင်ခြင်း။

အခြေခံသင်တန်းမှ အလယ်တန်း အလုပ်ဝင်နေသူများလည်း သင်ယူနိုင်သည်။

(စနေ၊ တနင်္ဂနွေ) စနေနေ့ နံနက် (၁၀:၁၀ နာရီမှ ၁၂:၀၀ နာရီထိ)

တနင်္ဂနွေ - မွန်းလွဲ (၂:၀၀ နာရီမှ ၄:၀၀ နာရီထိ) (၁၀ ပတ်သင်တန်း)

စာရင်းသွင်းရမည့်နေ့- (၆-၈-၂၀၁၆) မနက် ၉:၃၀ နာရီ

ဆက်သွယ်ရန်လိပ်စာ-၉ မိုင်၊ Ocean Condo၊ D 1020။

ဆက်သွယ်ရန်ဖုန်း-09-976275057, 09-960752853.

---

## မြတ်သုခ

ခရီးစဉ် အမျိုးမျိုးနှင့် လချုပ်/နှစ်ချုပ် ကားမျိုးစုံ ငှားရန် ရှိပါသည်။

ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

09-5144756

---

Glory Hope

SEOUL - Korea Language School
EPS - TOPIK

အစိုးရတရားဝင် ကိုရီးယား အလုပ်ဝင်Professional ကျွမ်းကျင်သင်တန်းကျောင်း Better Tomorrow

ပညာအရည်ချင်းမလိုဘဲ

သင်လည်း ကိုရီးယားမှာ ပိုက်ဆံရှာဖို့ သွားကြစို့

- လစာ(၁၈)သိန်း ဝန်းကျင်ရရှိနိုင်သော အာမခံချက်၊
- မြန်မာစကား ကျွမ်းကျင်သော ကိုရီးယားလူမျိုးဆရာKim သင်ကြားပို့ချချက်များ
- ကိုရီးယား ဘာသာစကားကို လုံးဝမတတ်သူများအတွက် အခြေခံမှစာမေးပွဲ အောင်မြင်သည်ထိတာဝန်ယူ သင်ကြားပေးနေပါသည်။
- တန်းခွဲသစ်များကို (၁၀.၈.၂၀၁၆)နေ့နောက်ဆုံးလက်ခံပါမည်။

ကိုရီးယားနိုင်ငံကို အမှန်တကယ်သွားချင်သူ သာလာခဲ့ပါ

တွေဝေမနေဘဲ အရင်ဆုံး ဖုန်းဆက်ပြီး တိုင်ပင်ဆွေးနွေးကြည့်လိုက်ပါ။

လိပ်စာ ချမ်းသာပလာဇာ(ပုဇွန်တောင်)၃ထပ်၊ အထက်ပုဇွန်တောင်လမ်း

ဖုန်း ၃၉၇၅၀၂၊ ၂၉၉၁၃၃၊ ၀၉၅၁၅၀၅၈၂

လှည်းတန်း ၅၁၂၈၀၄၊ ၀၉၃၀၀၉၃၅၉၂

(အရည်ချင်းစစ် စာမေးပွဲ ဖြေဆိုနိုင်ရန်အတွက် တန်းခွဲသစ် စာရင်းလက်ခံနေပါပြီ)

---

## မင်္ဂလာပါ

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း မြို့တွင်း/နယ်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကားများဖြင့် အလုပ်သမားစီစဉ်ပေးသည်။

09-450042704
09-250095116
09-420096296

---

## တက်နေဝန်း

အိမ်ပြောင်း/ အိမ်ရွှေ့လုပ်ငန်း (10'/14')Box ကားများဖြင့် လုပ်သားအပြီးအစီး ဝန်ဆောင်မှုပေးသည်။

09-442076599
09-400448695
09-33100721

---

NELC

*Don't Worry, Just Speak!*

## NELC

* တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ အတွက်

**Communicative English Classes**

- Intro
- Level -1,2,3
- Listening /Speaking -1 & 2
- Grammar
- IELTS Foundation

Enroll Now!



စသည့် English Language အတန်းများကို NELC တွင်တက်ရောက်နိုင်ပါသည်။

မြေနီကုန်း - 526311, 523680 ဗိုလ်အောင်ကျော် - 01 256516~7 မန္တလေး - 09 91023900

ပြင်ဦးလွင် - 09 400306019 လားရှိုး - 082 26611 တာချီလိတ် - 084 52572

---

## Myanmar Noble College

edexcel Approved Centre No.02711

UK နိုင်ငံ Edexcel ပညာရေးအဖွဲ့မှ တိုက်ရိုက်ချီးမြှင့်မည့် Higher National Diploma (HND) တန်းခွဲကို တက်ရောက်ရန်အတွက် Myanmar Noble College တွင် Foundation Course ကို July Intake တွင်ဖွင့်လှစ်ထားပါသည်။



>> Foundation Course

လိုအပ်သောအရည်အချင်း ● အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများ

● GCE 'O' Level, IGCSE နှင့် LCCI Level "3" အောင်မြင်ပြီးသူများ

>> Higher National Diploma Courses

- Business
- Information Technology
- Engineering ( Civil, Mechanical, Electrical & Electronic )

တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ထူးချွန်စွာအောင်မြင်သောကျောင်းသား/ကျောင်းသူများ အတွက် Scholarship အစီအစဉ်

| | | |
|---|---|---|
| တစ်ဘာသာဂုဏ်ထူးရှင် (၁) သိန်း | သုံးဘာသာဂုဏ်ထူးရှင် (၄) သိန်း | ငါးဘာသာဂုဏ်ထူးရှင် (၁၀) သိန်း |
| နှစ်ဘာသာဂုဏ်ထူးရှင် (၂) သိန်း | လေးဘာသာဂုဏ်ထူးရှင် (၈) သိန်း | ခြောက်ဘာသာဂုဏ်ထူးရှင် (၁၅) သိန်း |

www.myanmarnoblecollege.com.mm

No.6(A), Kyoe Sett Yone Street, (B) Quarter, Thuwunna, Thingankyun Tsp, Ygn.

01-2331257 / 01-2331276 / 01-2331264 / 09-780639577

---

## CHINDWIN COLLEGE

*helping you engineer your future*

PEARSON



### CHINDWIN BUSINESS SCHOOL

- 2016 July Intake အတွက် Foundation နဲ့ BTEC Higher National Diploma တန်းများ ကျောင်းအပ်လက်ခံပြီ။
- ၁၀ တန်းအောင်ပြီးသူများ၊ တက္ကသိုလ် ပထမနှစ်တက်နေသူများ၊ Foundation တန်း တက်ရောက်နိုင်သည်။ Foundation ပြီးလျှင် Management, Accounting, Hospitality ၃ မျိုးရွေးချယ်ခွင့်ရှိသည်။
- Foundation ပြီးသူများ၊ တက္ကသိုလ် ဒုတိယနှစ် တက်နေသူများ၊ LCCI Level 3 ပြီးသူများ၊ ABE Advanced Diploma ပြီးသူများ BTEC Higher National Diploma လ ၂၀ သင်တန်း တက်ရောက်နိုင်သည်။
- BTEC HND ပြီးလျှင် UK University of Sunderland, University of Hertfordshire, Sheffield Halam University, Coventry University တက္ကသိုလ်များတွင်ဖြစ်စေ၊ Chindwin TU International College တွင်ဖြစ်စေ နောက်ဆုံးနှစ်တက်ရောက်နိုင်သည်။

www.facebook.com/chindwincollege

| | | |
|---|---|---|
| Yangon | No. (75), Thein Phyu Road, (Lower Block), Botahtaung Township, Yangon. | ☎ 01 297673, 298137 |
| Mandalay | Corner of (77x78)st & (31x32)st, Sebal Building, Greatwall Condo Complex. | ☎ 02 72179, 74179 |
| Taunggyi | No 57/16, Myat Yadanar Street, Yae Aye Kwin Quarter | ☎ 09 784 038 995, 784 038 996 |

ကူမ်းရှက်ပုံ ဆေးတောင့်
မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရုဆေးပစ္စည်းများဖြင့် ပေါ်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးမင် ဆေးစွမ်းထက်မြက်လှပါသည်။

ဝမ္မန်းရှင် လေငန်းကာကွယ်လိမ်းဆေးရည်

လိုနေသူကို ပေးမကွဲဖို့ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်
# ဆရာမိုး Follow Me Ph.D (USA) IELTS
တန်းခွဲသစ် လက်ခံပြီ။
Universal Institute of ESL (USA)မှ Certificate ချီးမြှင့်သည့်
ENGLISH 4 SKILLS Level (1,2) ၄၊ ၅ လ နှင့်
ENGLISH 4 SKILLS Level (1)
Essay, Letter
4 SKILLS Level(1,2,3)တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်။
WRITING
SPEAKING
4 Skills Band 7 IELTS
ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။
အင်း၀ 0943125393
ပိုင်းသီးသန့် 01 398118, 295798

# သတိုးအောင်စေယျ DESKTOP & LAPTOP

Core 2 Duo/ Celeron, RAM-2GB, Graphic 828MB,HDD-80GB ရှိပြီး 15.6" Screen Size ရှိသော
Laptop တစ်လုံးလျှင် (80,000 Ks) ဖြင့်ရောင်းချပေးနေပါသည်။
ယနေ့ (30.7.16) မှ (7.8.16) အထိ အထူးအစီအစဉ်
BOOKING (1 Year) (Parts & Services)

မြေညီထပ်ရောင်းမည်
- MBR(1), BR(1), Aircon(2)လုံး
ဖုန်း-095185350, 0973156494

YCL ရောင်ခြည်သစ်
အိမ်ပြောင်းအိမ်ရွှေ့ဝန်ဆောင်မှုတပ္ပကီ
Office: 09 450454770, 09 450454771, 09 450454772, 09 450454773, 09 73123455, 09 73123450

၁၇.၈.၂၀၁၆ မှ ၂၁.၈.၂၀၁၆
# LASHIO TRADE FAIR 2016
မြို့တော်ခန်းမ လားရှိုးမြို့
ပြခန်းစုံစမ်းရန် SMART GROUP Ph:01-656875, 667473, 09-73014777,09-5099079,09-5003618

# MCC Polytechnic College များဖွင့်ပါပြီ


**BTEC - HND (Level - 4 and Level - 5)** အင်ဂျင်နီယာ ဒီပလိုမာ
- Construction & the Built Environment (Civil Engineering)
- Mechanical Engineering
- Electrical and Electronic Engineering

**BTEC - HND (Level - 4 and Level - 5)** ကွန်ပျူတာ ဒီပလိုမာ
- Computing & Systems Development

**MITT** ဆက်သွယ်ရေး အင်ဂျင်နီယာ ဒီပလိုမာ
- Telecommunication Engineering Diploma/ Degree

Enroll Now!
Full Time (Mon-Fri) / Part Time (Sat-Sun)

MCC Polytechnic College (Yangon) - 01-245762, 01-652236, 01-652237, 01-249152
MCC Polytechnic College (Mandalay) - 09-788411256, 09-91034062, 09-402671562, 02-77930
MCC Polytechnic College (Naypyitaw) - 09-31354842, 09-254148940
MCC Polytechnic College (Monywa) - 09-965676777, 09-265333120,
MCC Polytechnic College (Pathein) - 09-451 888 373, 09- 773 510 899
MCC Polytechnic College (Yatanarpon) - 02-5178112, 02-5178132, 02-5178113

အောင်ပြည့်စုံ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
09-250095114
09-421041338
09-73224763

ဒဂုံမြို့သစ်
09-6809893
09-5120620

KONICA MINOLTA
PRINTING SOLUTIONS
ကမ္ဘာ့ဈေးအသက်သာဆုံး ရောင်စုံမိတ္တူကူးစက်


မိုးရာသီ အထူး PROMOTION 18 July to 30 September 2016
လုပ်ငန်းရှင်များနှင့်မိတ္တူဆိုင်များအတွက် ငွေကျပ်(၁၀)သိန်း အထိ လျှော့ဈေးရရှိမည့်အထူးအခွင့်အရေး။
Since 1981 Gandamar O.A. & Business Solutions
HOTLINE : 09-253 547 980 09-253 547 981
FREE GIFTS Pagepro 5650DN (Mono Laser Printer) Copier Desk

# ကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြစိန်
**တော်ဝင်စိန်ရွှေရတနာဆိုင်၊ ပျဉ်းမနားမြို့**
## အသက် (၈၈) နှစ်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးတိုးခိုင်-ဒေါ်တင်တင်နုတို့၏မိခင် ဒေါ်မြစိန် အသက် (၈၈)နှစ်သည် ၃၁-၇-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၀၀း၃၈ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် အရာထမ်း/အမှုထမ်းများ**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်လေးညို
## အသက် (၈၁) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂၄၀/ခ)၊ ဘုရင့်နောင်လမ်း၊ (၅)ရပ်ကွက်နေ [ဦးလှမိုး(အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)]၏ ဇနီးသည် ၃၁-၇-၂၀၁၆ ရက်နေ့ နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူး(မြန်မာ့သစ်လုပ်ငန်း)နှင့် ဝန်ထမ်းမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်လေးညို (၈၁)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂၄၀/ခ)၊ ဘုရင့်နောင်လမ်း၊ (၅)ရပ်ကွက်နေ [ဦးလှမိုး(အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)]၏ ဇနီးသည် ၃၁-၇-၂၀၁၆ ရက်နေ့ နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာညီညီကျော်၊ ညွှန်ကြားရေးမှူးချုပ်**
**သစ်တောဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်လေးညို
## အသက် (၈၁) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂၄၀/ခ)၊ ဘုရင့်နောင်လမ်း၊ (၅)ရပ်ကွက်နေ [ဦးလှမိုး (အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)]၏ ဇနီးသည် ၃၁-၇-၂၀၁၆ ရက်နေ့ နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အထွေထွေမန်နေဂျာ (စီမံရေး)နှင့် ဝန်ထမ်းမိသားစု**

## အင်ကောဘွန်း(ခ)ဦးသိန်းဆောင်
## အသက်(၈၃)နှစ်

ရန်ကုန်မြို့နေ (ဦးတီဝမ်း-ဒေါ်ညွန့်)တို့၏သား၊ (ဦးအောင်မြတ်-ဒေါ်အေးရှိန်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊ အမှတ် (၄၃၄)နေ (ဒေါ်ကျင်မြ)၏ ခင်ပွန်း၊ ဒေါ်အေးအေးမြင့်၊ ဦးစိုးဝင်း-ဒေါ်စိုးစိုးအေး၊ ဒေါ်အပြုံး၊ ဦးစိုးမြင့်-ဒေါ်နီနီအောင်၊ ဦးစိုးသိန်း-ဒေါ်တင်တင်ဝင်း၊ ဒေါ်မြင့်မြင့်ဝင်း-ဦးလှထွန်း၊ ဦးစိုးမင်း - ဒေါ်ဥမ္မာစိမ့်စိမ့်သူတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၂ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး အင်ကောဘွန်း(ခ)ဦးသိန်းဆောင်သည် ၃၁-၇-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၄း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၆(ကြာသာပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၁၆ (စနေနေ့) နံနက် ၇နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မောင်ထွန်းဝေဇင် (၂၃)နှစ်
**(ရွာလွတ်ရွာ၊ ဘီလူးကျွန်း)**

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမွေရွာနေ (ဦးတင်ကြည်-ဒေါ်အုံးကြင်)၊ ဘီလူးကျွန်း၊ချောင်းဆုံမြို့နယ်၊ ရွာလွတ်ရွာနေ (ဦးစိန်ဘန်း-ဒေါ်အုံးမေ)တို့၏ မြေး၊ (ဦးမြင့်ဦး)-ဒေါ်တင်နွဲ့(ခ)ဒေါ်တင်ရွှေတို့၏ ချစ်လှစွာသော တစ်ဦးတည်းသောသား၊ ဒေါ်သန်းကြည်၊ ဒေါ်ငွေရီ(ခ)ဒေါ်ခင်သန်းမြင့်၊ ဦးမောင်ရွှေ-ဒေါ်ခင်သန်းချို၊ ဦးအောင်ထွန်းကြည်-ဒေါ်ခင်မာချို၊ ဦးသက်နောင်-ဒေါ်စန်းစန်းညို၊ (ဦးမင်းလွင်)၊ ဦးသန့်ဇော်ဦး-ဒေါ်အေးအေးသန့် (ငွေပင်လယ်စက်မှုဇုန်၊ သိန်းသန်း သဲကျောက်ရောင်းဝယ်ရေး)တို့၏တူ မောင်ထွန်းဝေဇင်သည် ၃၁-၇-၂၀၁၆ ရက် ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အေးအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ငွေပင်လယ်စက်မှုဇုန်၊သိန်းသန်း သဲကျောက်ရောင်းဝယ်ရေးမှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ဒါယိကာမကြီး**
## ဒေါ်မြတင် (၉၂)နှစ်
**မေ့မေတ္တာဇာဘော်လီ၊ သိမ်ကြီးဈေး(B)ရုံ**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ တန်ဆောင်းကြီး၊ အထက်လမ်း၊ အမှတ်(၇၁)နေ (ဦးပု-ဒေါ်ဝိုင်း)၏သမီး၊ (ဦးသာဟန်-ဒေါ်မြမေ)၏ သမီးချွေးမ၊ (ဦးသိန်းဝင်း)၏ ဇနီး၊ (ဦးလှမြင့်)-ဒေါ်စန်းစန်းဝင်း(ခ)ဒေါ်ညိုဇင်ဝင်း၊ ဦးမြင့်သိန်း-ဒေါ်ခင်စန်းတင့်တို့၏မိခင်ကြီး၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်၏ ဘွားဘွားကြီးသည် ၃၁-၇-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၄ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၁၆(စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်း အမ**
**စေတနာမေဒိနီ ကျောင်းအမ၊**
## ဒေါ်မေရီ(ခ)ထောက်ကျိန်
## အသက် (၉၁)နှစ်

(ဦးထောက်ပိုင်လော့-ဒေါ်လီကျော့ဖန်)တို့၏ သမီးငယ်၊ [ဦးထွန်းဖေ(ခ)တုံချွမ်ရှိ]၏ ချစ်လှစွာသော ဇနီး၊ (ဦးထွန်းဝေ)-ဒေါ်ကြည်၏ညီမ၊ (ဒေါ်ထောက်ရင်-ဦးရန်ချင်ထန်)၊ (ဦးထောက်ကျင်)၊ [ဦးထောက်ရီ(ခ)ဦးမြင့်ဆွေ]-ဒေါ်ချိုယဉ်၊ (ဦးထောက်ဖု-ဒေါ်မားထန့်ချို့)တို့၏ ညီမငယ်၊ (ဦးထောက်ဟိန့်-ဒေါ်တင်နွယ်)၊ (ဦးထောက်ကျင့်)၊ (ဦးထောက်ချိ)တို့၏ အစ်မ၊ [ဦးနေထွန်း(ခ)တုံကျားရှိ]၊ ဦးသန်းလွင်(ခ)ဂျော်နီတုံ-ရန်ယုံဖန်၊ ဒေါ်သန်းသန်းကြည်-ဦးအောင်မျိုးချစ်၊ ဒေါ်သန်းသန်းမြင့်-ဦးမြင့်ဦးကျော်၊ Dr.အောင်ထွန်း(ခ)တုံကျားလင်၊ ဒေါ်သန်းသန်းအေး(ခ) တုံကျားပိဂျူလီယာ-Mr. Sng Sze Hiang၊ [ဒေါ်သန်းသန်းဝင်း(ခ)Alison Tong]၊ ဦးတင်ထွန်း-ဒေါ်ညိုညို၊ ဦးကြည်ထွန်း(ခ) Andrew Tong တို့၏ ကျေးဇူးရှင် မွေးသမိခင်၊ မြေး ၁၅ ယောက်တို့၏ အဘွား ဒေါ်မေရီ(ခ)ထောက်ကျိန်သည် ၃၁-၇-၂၀၁၆ ရက်တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်၍ ၄-၈-၂၀၁၆ ရက်တွင် စင်ကာပူနိုင်ငံ၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ် စိန်စိန်ရီ
## (အငြိမ်းစား၊ အလယ်တန်းပြဆရာမကြီး)
## (ရမည်းသင်း)
## အသက်(၈၀)

ရမည်းသင်းမြို့၊ ကြည်တော်ကုန်းရပ်ကွက်၊ သီလဝလမ်းနေ (ဦးဟင်ကို-ဒေါ်ငွေစိန်)တို့၏ သမီးကြီး၊ [ဦးသန်းမောင် (အငြိမ်းစား၊ အလယ်တန်းပြဆရာကြီး)]၏ ဇနီး၊ ဒေါ်ကျင်ကျင်ရွှေ၊ ဒေါ်ရီရီမြင့်၊ ဒေါ်ကြည်ကြည်မြင့်၊ ဒေါ်ငွေငွေရီတို့၏ အစ်မကြီး၊ ဦးထွန်းဝင်းနိုင်-ဒေါ်အမာမြင့်၊ ဦးထွန်းဝင်းလှိုင်-ဒေါ်စုစုထွန်း၊ ဒေါ်ပပဝင်းနီလာ၊ ဦးသင်းခိုင်-ဒေါ်မြသူဇာ၊ ဒေါ်မြစန္ဒာစိုးတို့၏ ချစ်လှစွာသော မိခင်ကြီး၊ ဗိုလ်ကြီးရဲနိုင်ထွန်း၊ ဗိုလ်မျိုးဇော်ထွန်း၊ မောင်ကောင်းပြည့်သွန်း (တတိယနှစ်၊ ဆေးတက္ကသိုလ်)၊ မောင်နေလင်းထွန်း (Grad-10)တို့၏အဘွား ဒေါ်စိန်စိန်ရီ (အငြိမ်းစား၊ အလယ်တန်းပြ ဆရာမကြီး)သည် ၃၁-၇-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် နေပြည်တော် ဇမ္ဗူသီရိ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၆ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရမည်းသင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# အနိစ္စ

## ဒေါ်ခင်ကြည်(မြောင်းမြ)
## အသက်(၈၆)နှစ်

မြောင်းမြမြို့နေ ဦးဟိန်း-ဒေါ်ငွေလှိုင်တို့၏ သမီး၊ ရဲမင်းကြီး(ငြိမ်း) ဦးသိန်းမောင်-ဒေါ်သန်းညွန့်တို့၏ ညီမ၊ ဦးသောင်းကြည်၏အစ်မ၊ တရားလွှတ်တော်ရှေ့နေ ဦးမြင့်ဆွေ-ဒေါက်တာတင်ထားနွယ်(ရောဂါဗေဒဆရာဝန်ကြီး)၊ ဦးတင်အုန်း (မြို့နယ်အုပ်ချုပ်ရေးမှူး-ငြိမ်း၊ ထွေအုပ်) ဒေါ်အေးအေးမာ (ဦးစီးအရာရှိ-ငြိမ်း၊ ထွေ/အုပ်)တို့၏ မိခင်၊ ဒေါက်တာစုစုယဉ်၊ ကိုဝေလင်းဇော်တို့၏အဘွား၊ ဦးအေးမောင် (မြို့နယ်ရုံးအဖွဲ့မှူး-ငြိမ်း၊ ထွေ/အုပ်)၏ ဇနီး ဒေါ်ခင်ကြည်သည် ၃၁-၇-၂၀၁၆ ရက် ညနေ ၄နာရီတွင် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ် (က+ခ) ရပ်ကွက်၊ (ခ/၈)လမ်း၊ အမှတ်(၂၉၇) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၆ ရက် နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၁၆ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်အေးသင် (၈၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၂၁၇/ခ)နေ (ဦးလှကြီး-ဒေါ်အင်ဆိုင်)တို့၏သမီး၊ (ဦးမောင်ကြီး)၏ဇနီး၊ ရဲမှူးငွေးလှ(သတင်းရဲတပ်ဖွဲ့)-ဒေါ်သန်းသန်းအေး၊ ဦးအောင်မြင့်-ဒေါ်ခင်မာလွင်၊ ကိုစိန်မြင့်(ခေတ္တ-မလေးရှား)တို့၏မိခင်၊ ကိုခင်မောင်လွင်-မဝေမာငွေး၊မောင်သက်နောင်ငွေး၊ မောင်ဝေယံအောင်တို့၏ အဘွားသည် ၃၁-၇-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၁း၃၀နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
## မိုဟာမာဒ်အူမာရ်(ခ)
## ဦးလှဝင်း အသက်(၇၀)
## OSCAR KASIM
**(မအူကုန်းစိန်မိုက်ကယ်ကျောင်းသားဟောင်း)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ (၁၃၉)လမ်း၊ အမှတ်(၁၅)၊ လေးလွှာနေ (ဦးကာစင်-ဒေါ်လှမြင့်)တို့၏သား၊ မောင်အောင်သိန်းဝင်း၊ မောင်စိုးသိန်းဝင်း (Lion King Co., Ltd)၊မတင်မိုးဖြူတို့၏ဖခင်သည် ၃၁-၇-၂၀၁၆ ရက် မွန်းလွဲ ၁း၁၅ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁-၈-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးကဗရ်စတန်ဥယျာဉ်တော်၌ ဒဖွာနာပြုပြီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ပြင်ဆင်ဖတ်ရှုပါရန်

၁-၈-၂၀၁၆ ရက် ကြေးမုံသတင်းစာ စာမျက်နှာ ၃၁ ပါ ဒေါ်မြစိန် အသက်(၈၈)နှစ် နာရေးကြော်ငြာတွင် ဦးမိုးမြင့်-ဒေါ်ဥမ္မာခင် (စိန်ထက်စိန်ရွှေရတနာဆိုင်)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးဟင်ထိုင်(မြိတ်) အသက်(၉၀)

မြိတ်မြို့၊ ထားဝယ်စုရပ်၊ (B)လမ်း၊ အမှတ်(၆၉)နေ (ဦးအော်ဖောင်-ဒေါ်ငွေဆင်)တို့၏သား၊ (ဦးကျင်ပုန်း-ဒေါ်ကြူ)တို့၏သားသမက်၊ (ဒေါ်ချိုင်းဟွန့်)၏ ခင်ပွန်း၊ဦးစိုးသိမ်း-ဒေါ်သန်းသန်းယု၊ ဦးကျော်မင်းဆွေ-ဒေါ်နွယ်နွယ်အေးတို့၏ မွေးသဖခင်၊ ဒေါက်တာနေမျိုးအောင်-မသီရိမွန်၊မောင်ထင်ကျော်အောင်-မဝတ်ရည်ဝင်း၊ ဒေါက်တာသူရအောင်၊မောင်သက်ပိုင်စိုးတို့၏အဘိုး၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီး ဦးဟင်ထိုင်သည် ၃၁-၇-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၃း၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကလွင်ရပ်ကျွန်းတိတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ရှုဝါ(ခ)ဒေါ်လိုစွန်းဝါ (ထားဝယ်မြို့) (၇၈)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နေ (ဦးလိုအကြည်-ဒေါ်ခင်ကြည်)တို့၏ ချစ်လှစွာသောဆဋ္ဌမမြောက်သမီး၊ (ဦးSKဂိုး-ဒေါ်ငံရုတ်ဖန်-ဒေါ်လွမ်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ်(၁/၀၀၃)၊ မြေညီထပ်၊ ဆင်မင်းအိမ်ရာ၊ ဆင်မင်းရပ်ကွက်နေ (ဦးစန်းဂိုး)၏ချစ်လှစွာသောဇနီး၊ မောင်ကျော်ကျော်-Wang Shiang Hua၊ မစန်းဥမ္မာတို့၏ ချစ်လှစွာသောမွေးသမိခင်၊ SEAN GOH ၏ ချစ်လှစွာသောအဘွား၊ ဒေါ်ရင်ရင်ဂိုး-TXENG KHONG WEN၊ (ဒေါ်ခင်ခင်ဂိုး)၊ ဒေါ်မေမေယဉ်- (ဦးဝင်းနိုင်)၊ ဦးမောင်မောင်ဝင်း (Nikon)-ဒေါ်စုစုရီ၊ ဒေါက်တာဒေါ်လှလှကြည်-ဦးမြင့်လွင်၊ ဦးရှုစိန်-ဒေါ်သိန်းသိန်းတို့၏ ချစ်လှစွာသောအစ်မ ဒေါ်ရှုဝါ(ခ)ဒေါ်လိုစွန်းဝါသည် ၁-၈-၂၀၁၆ (တနင်္လာနေ့) နံနက် ၃း၅၀နာရီတွင် ဝိတိုရိယအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ရှုဝါ(ခ)ဒေါ်လိုစွန်းဝါ (ထားဝယ်မြို့) (၇၈)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နေ (ဦးလိုအကြည်-ဒေါ်ခင်ကြည်)တို့၏ ချစ်လှစွာသောဆဋ္ဌမမြောက်သမီး၊ (ဦးSKဂိုး-ဒေါ်ငံရုတ်ဖန်-ဒေါ်လွမ်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ်(၁/၀၀၃)၊ မြေညီထပ်၊ ဆင်မင်းအိမ်ရာ၊ ဆင်မင်းရပ်ကွက်နေ (ဦးစန်းဂိုး)၏ ချစ်လှစွာသော ဇနီး၊ မောင်ကျော်ကျော်-Wang Shiang Hua၊ မစန်းဥမ္မာတို့၏ ချစ်လှစွာသော မွေးသမိခင်၊ SEAN GOH ၏ ချစ်လှစွာသောအဘွား၊ (ဒေါ်ရှုခင်-ဦးအင်ဝမ်)၊ ဒေါ်ရှုဌွါ-ဦးကြူဖိန်ကြည်၊ (ဒေါ်ရှုလင်-ဦးဝူချီလင်)၊ (ဒေါ်စောမူ-ဦးပြားစိန်)၊ (ဒေါ်ရှုပို-ဦးတင်သန်း)တို့၏ ချစ်လှစွာသောညီမ၊ ဦးတင်ဝင်း-ဒေါ်အေးမိ၊ (ဦးတင်မောင်)-ဒေါ်အေးထိန်၊ ဒေါ်ရှုကြင်-ဦးကြည်စန်းတို့၏ ချစ်လှစွာသော အစ်မ ဒေါ်ရှုဝါ(ခ)ဒေါ်လိုစွန်းဝါသည် ၁-၈-၂၀၁၆ (တနင်္လာနေ့) နံနက် ၃း၅၀ နာရီတွင် ဝိတိုရိယအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## စောအိုင်ဇက် (၇၂)နှစ်
**ဒု-ညွှန်မှူး(ငြိမ်း)၊ စွမ်းအင်စီမံရေးဦးစီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့ နယ်၊ သီတာရပ်ကွက်၊ သန္တိလမ်း၊ အမှတ် (၂၂)၊ မြေညီထပ်နေ (စောလှအေး-နော် ဖောရီ)တို့၏သား၊ (စောဘစိန်-နော်သောင်းမေ)တို့၏ သားသမက်၊ စောဆန်းနေအေး၊ စောဟဲနေဘလု၊ နော်ဖောမူဆဲတို့၏ ချစ်လှစွာသောဖခင်၊ နော်လာဗင်ဒါ၏ ချစ်လှစွာသောခင်ပွန်းသည် ၃၁-၇-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၄း၄၆ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁-၈-၂၀၁၆ (တနင်္လာနေ့) နံနက် ၉ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်ခန်းမ၌ ဆုတောင်းဝတ်ပြုပြီး ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးမျိုးကျော်(ခ)အောင်ဂီး(ခ)
## တီးတီး (၆၁)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကမ်းသာယာကွန်ဒို၊ အမှတ်(၃၀၄)နေ ဒေါ်ခင်ပြုံးစိန်(ခ)မီလဲ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးနိုင်ထူး(ခ)ပင်းပင်း၊ ဟွန်းဟွန်း(ခ)စန်းယု၊ ကွန်းကွန်း(ခ) သက်သက်ခိုင်တို့၏ချစ်လှစွာသောဖခင်သည် ၁-၈-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်လှတင် (မြိတ်)
## အသက် (၈၂) နှစ်

မြိတ်မြို့၊ အလယ်ကျွန်းရပ်နှင့် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ အောင်ဖြိုးဝေလမ်း၊ အမှတ် (၃၂၀)နေ (ဦးသန်းဆွေ)၏ ဇနီးသည် ၂၉-၇-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သန်းနွဲ့ (၇၁)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅)ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ် (၄၆၀)နေ (ဦးအောင်ဖြိုး-ဒေါ်အေးသန်း)တို့၏ သမီး၊ (ဦးဘထွေး-ဒေါ်ထွား)တို့၏ သမီးချွေးမ၊ [ဦးကျော်ညွန့် (သံပန်းသံတံခါး)]၏ဇနီး၊ ဦးဝင်းနိုင်-(ဒေါ်အေးအေးသိန်း)၊ ဒေါ်မျိုးခိုင်ဇာ၊ (ဦးတိုးနိုင်)-ဒေါ်ချိုချိုဦးတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘွားသည် ၃၁-၇-၂၀၁၆ (တနင်္ဂနွေနေ့) ည ၇း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၈-၂၀၁၆ (အင်္ဂါနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၁၆ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**ရွှေကျင်နိကာယ ရတ္တညျုမဟာနာယက**
## ဘဒ္ဒန္တ ဝိသုတမဟာထေရ်
## သိက္ခာတော်(၇၂)ဝါ၊ သက်တော်(၉၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၁၇)ရပ်ကွက်၊ သီရိမင်္ဂလာ ဥက္ကဋ္ဌာရာမကျောင်းတိုက်၏ ဦးစီးပဓာနမဟာနာယက ရွှေကျင်နိကာယ ရတ္တညျုမဟာနာယကဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တဝိသုတ မဟာထေရ်မြတ်သည် (၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်)၊ ၃၁-၇-၂၀၁၆ (တနင်္ဂနွေနေ့) ည ၈း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ရာ ဆရာတော်မဟာထေရ်မြတ်၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်) ၇-၈-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အန္တိမဈာပနပူဇာသဘင် ဆင်ယင်ကျင်းပပြီး ရေဝေးသုသာန်သို့ ပင့်ဆောင်မည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ တပည့်ရဟန်းရှင်လူ၊ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ
သီရိမင်္ဂလာဥက္ကဋ္ဌာရာမကျောင်းတိုက်

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ကျွေ(ညောင်တုန်း) (၉၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၂၉)နေ (ဦးတင့်)၏ဇနီး၊ ဦးအောင်ကျော်ထွန်း-ဒေါ်အေးအေးမူ၊ ဦးမြင့်အောင်-ဒေါ်သင်းသင်းနွယ်၊ ဒေါ်စန်းစန်းမြင့်၊ ဦးသောင်းထိန်၊ ဦးအောင်ကြိုင်-ဒေါ်တိုးတိုးခေါင်တို့၏ချစ်လှစွာသောမိခင်၊ မစောမြနွယ်၊ မဝင်းဝင်းပြုံး၊ မောင်လွင်ဖြိုး၊ မောင်ထွဋ်အောင်ရည်၊ မောင်ကောင်းစည်သူ၊ မောင်အောင်မြတ်ခေါင်တို့၏ အဘွားသည် ၃၁-၇-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၁၆ (စနေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း၊ တံတား ဒါယကာကြီး**
## ဦးအောင်စိုး (၈၅)နှစ်
**(ဘဏ်မန်နေဂျာ-ငြိမ်း)**
**(၉၁၉ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ ဒိုက်ဦးမြို့**

ဒိုက်ဦးမြို့၊ မင်းလမ်းနေ (ဦးသိန်း-ဒေါ်နှင်းမြိုင်-ဒေါ်သိန်းဟန်)၊ မြို့ဝင်လမ်းနေ (ဦးဘသော်-ဒေါ်လှသင်)တို့၏ သား/သမက်၊ မင်းလမ်းနေ ဦးအေး-ဒေါ်သိန်းမြ၊ ဒေါ်ဖြူဖြူသိန်း၊ ဒေါ်ညိုညိုသိန်းတို့၏ အစ်ကို၊ ဒိုက်ဦးမြို့နေ ဒေါ်ခင်ငွေးမြင့်၊ ရန်ကုန်မြို့နေ ဦးမောင်လွင်-ဒေါ်သန်းသန်းငွေး (ဇင်ယော်-ကိုယ်ပိုင်အထက်တန်းကျောင်း)၊ ဒိုက်ဦးမြို့နေ ဦးခင်မောင်စိုး (၉၁၉ မိသားစု၊ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ ဦးစည်သူဟန်-ဒေါက်တာခင်မျိုးသော်တို့၏ ဦးလေး၊ ဒေါ်ခင်စိုးဦး၊ ဒေါ်ခင်ဆွေဦးတို့၏မွေးသဖခင်၊ ကိုထိန်လင်း-မခင်မြတ်နွယ်၊ မငွေရည်ဦး၊ မောင်ဖြိုးကျော်၊ မောင်ဝေယံမင်းသူ၊ မောင်ဟိန်းဉာဏ်စိုး၊ မောင်ပြည့်ဘုန်းသုတတို့၏အဘိုး၊ (ဒေါ်ဒေါင်း)၏ခင်ပွန်း ဦးအောင်စိုးသည် ၃၁-၇-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀နာရီတွင် နေအိမ်မှ ရွာတန်းရှည်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ် မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၁၆ (စနေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးနိုင်ချစ်ရှိန် (၈၄)နှစ်
**လက်ထောက်မန်နေဂျာ(ငြိမ်း)၊ မျိုးစေ့ဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်(၁၀)လမ်း၊ အမှတ်(၃၉၅)နေ ဒေါ်မိသန်းတင်၏ ခင်ပွန်း၊ မော်လမြိုင်မြို့နေ (ဦးရွှေဖောင်-ဒေါ်ရွှေမိ)တို့၏ သားထွေး၊ (နိုင်ရွှေကျင်-မိတင့်)၊ (နိုင်အောင်ရှင်-မိဖွားခင်)၊ (နိုင်သောင်းအေး-မိကျော့ရင်)၊ (နိုင်ဘညွန့်-မိကြည်ကြည်)၊ မိထွေးလေး၊ (နိုင်စိုးသိမ်း-မိစောမြိုင်)တို့၏ ညီ/မောင်၊ မိအေးသွင်၏ အစ်ကို၊ ဦးသန့်ဇင်-ဒေါ်ခင်သီနိုင်၊ ဒေါက်တာသဇင်မွန်၊ ဒေါ်မဥ္ဇူနှင်း၊ ဦးမင်းဉာဏ်မွန်တို့၏ ကျေးဇူးရှင်ဖခင်၊ မအိဖြူစင်၊ မရှင်းသန့်စင်တို့၏ အဘိုးသည် ၁-၈-၂၀၁၆ (တနင်္လာနေ့) နံနက် ၄း၃၀နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၆ရက် ညနေ ၃ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်ဒါယကာကြီး**
## ဦးတင်ငွေး (၆၂)နှစ်
**ဦးစီးအရာရှိ(ငြိမ်း)၊ဆည်မြောင်းဦးစီးဌာန၊တည်ဆောက်ရေး(၉)၊ AGTI(ပြည်)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဘရဏီ(၁)လမ်း၊ အမှတ်(၆၂)နေ (ဦးလှ)-ဒေါ်လှသွင်တို့၏သားကြီး၊ အောင်လံမြို့နေ (ဦးအောင်ကြည်-ဒေါ်မြရွှေ)တို့၏ သားသမက်၊ ရန်ကုန်မြို့နေ ဗိုလ်မှူးစောနိုင်(ငြိမ်း)-ဒေါ်သီတာအေး(ငါးဦးစီး-ငြိမ်း)၊ ဦးဟန်မင်းအောင်-ဒေါ်မာမာဆွေ (လှဘရဏီရွှေဆိုင်)၊ ဦးခင်ဇော်၊ ဒေါ်သင်းသင်းရီ (အထက-၇၊ မင်္ဂလာဒုံ)တို့၏ အစ်ကို၊ အောင်လံမြို့နေ ဒေါ်သန်းသန်းရီ (အထက-၁၊ အောင်လံ)၏ ချစ်လှစွာသော ခင်ပွန်း၊ မဆုဝေနှင်း (BE-Civil)၏ ချစ်လှစွာသောဖခင်၊ တူ/တူမ ကိုးယောက်တို့၏ဘကြီး၊ မြေးကိုးယောက်တို့၏အဘိုးသည် ၁-၈-၂၀၁၆ (တနင်္လာနေ့) နံနက် ၅း၄၅ နာရီတွင် အောင်ရတနာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၁၆ (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေ ထာဝရအလှူရှင် ဒါယကာကြီး**
## ဦးသက်ဆွေအေး (၅၆)နှစ်
**B.Sc,Bot,(UFL)**
**ဧည့်လမ်းညွှန်၊ (ကိုရီးယား)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖန်ချက်စက်လမ်း၊ မုဒိတာအိမ်ရာ(၂)၊ အမှတ်(၃၂၃)နေ (ဦးတင်အေး-ဒေါ်သိန်းသိန်း)တို့၏သားငယ်၊ ဒေါ်ဥမ္မာလင်း၏ ခင်ပွန်း၊ မရွှန်းလဲ့သက်ဆွေ၏ဖခင်၊ (ဦးတင့်ဆွေအေး-ဒေါ်အေးအေးတင့်)၊ ဦးကျော်သက်လင်း (ဥပဒေအကြံပေး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်သီဂီအေး(ဝါဝါ)တို့၏ ညီ/မောင်၊ ဒေါ်ယမင်းအေး-ဦးထွန်းထွန်းနိုင်၊ ဒေါ်ကေခိုင်အေး(အင်းဝဘဏ်လီမိတက်)၊ ဦးလွှမ်းမိုးကျော်(ဇာနည်)-ဒေါ်သီဂီစိုး၊ ဦးထွန်းသိုက်ဝန်း-ဒေါ်မျိုးဒါလီကျော်တို့၏ချစ်လှစွာသောဦးလေးသည် ၁-၈-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၀း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၁၆(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အထူးဒေသ(၄)(မိုင်းလား)က ပြည်ထောင်စုမှ ခွဲမထွက်ရေးမူကို ဆက်လက်ဆုပ်ကိုင်ထားမည်ဟု ငြိမ်းချမ်းရေးကော်မရှင်နှင့် အထူးဒေသ(၄)(မိုင်းလား)အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ် ပြောကြား

**ရန်ကုန် ဩဂုတ် ၁**
ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေးနှင့် စပ်လျဉ်းပြီး ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သည့် ငြိမ်းချမ်းရေး ကော်မရှင်နှင့် အထူးဒေသ(၄) (မိုင်းလား)ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းလင်း ခေါင်းဆောင်သည့် အဖွဲ့တို့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ တွေ့ဆုံဆွေးနွေးကြသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် အထူးဒေသ(၄) (မိုင်းလား)အဖွဲ့က နိုင်ငံရေး အခြေခံမူအနေဖြင့် ပြည်ထောင်စုမှ ခွဲမထွက်ရေးမူကို ဆက်လက်ဆုပ်ကိုင်ထားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေး ညီလာခံတွင် အားလုံးပါဝင်နိုင်ရေးကို ဖော်ဆောင်သင့်သည်ဟု ဆွေးနွေးကြောင်း ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဦးခင်ဇော်ဦးက ဆွေးနွေးမှုအပြီးတွင် မီဒီယာများကို ပြောကြားသည်။

**စာမျက်နှာ ၈ ကော်လံ ၅ သို့** ✳



# အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲ အိမ်ရှင်မြန်မာနှင့် ဗီယက်နမ်တို့ ဆီမီးတွင် တွေ့ဆုံ

**မန္တလေး ဩဂုတ် ၁**
၂၀၁၆ အာဆီယံ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲများကို ဩဂုတ် ၂ ရက်တွင် မန္တလာသီရိကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းသည် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ညနေ ၃ နာရီတွင် ဩစတြေးလျ ယူ-၂၀ အသင်းနှင့် လက်ရှိချန်ပီယံ ထိုင်းအသင်း၊ ညနေ ၆ နာရီတွင် ဗီယက်နမ်အသင်းနှင့် အိမ်ရှင်မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယ နေရာရရှိသောကြောင့် ဆီမီးဖိုင်နယ်ပွဲစဉ် ရေးဆွဲထားမှုအရ ပထမပွဲကစားရမည်ဖြစ်သော်လည်း

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ○



# ရတနာပုံတက္ကသိုလ်ဝင်းအတွင်း ဧရာဝတီမြစ်ရေဝင်၍ ကျောင်းပိတ်ထားရ

**မန္တလေး ဩဂုတ် ၁**
မန္တလေး(ဧရာဝတီ)ဆိပ်ကမ်းတွင် ဇူလိုင် ၃၀ ရက်မှစ၍ မြစ်ရေမြင့်တက်မှုမှာ စိုးရိမ်ရေအမှတ် ကျော်လွန်ခဲ့ပြီးနောက် ရတနာပုံတက္ကသိုလ်ကျောင်းဝင်း အတွင်း လေးပေခွဲကျော် ရေဝင်ရောက်ခဲ့သဖြင့်**(ဝဲပုံ)** စာသင်ကြားခြင်းမပြုနိုင်သောကြောင့် ယနေ့မှစတင်၍ ခေတ္တကျောင်းပိတ်ထားရကြောင်း သိရသည်။

"စာသင်လို့ မရတော့တဲ့အခြေအနေကြောင့် ခေတ္တပိတ်ထားလိုက်တာပါ။ အရင်ရေကြီးတုန်းက တစ်လက်မ၊ နှစ်လက်မ တဖြည်းဖြည်းတက်လာပြီး တစ်ရက်နှစ်ရက်နေ ရေပြန်ကျတယ်။ ၂၀၀၇ ခုနှစ်တုန်းကလည်း တစ်ကြိမ် ကျောင်းပိတ်ရတဲ့အထိ ရေဝင်ခဲ့ဖူးပါတယ်" ဟု

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

## ဧရာဝတီမြစ်ရေအခြေအနေ

**နေပြည်တော် ဩဂုတ် ၁**
ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် နှစ်ပေခန့်စီ၊ မြင်းမူမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီး အောက် ပြန်လည်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ **(ကြေးမုံ)**

